





စာမူ ခွင့်ပြုချက်အမှတ် ၃၁၉/၉၄(၅)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၂၉၀/၉၄(၅)

ထုတ်ဝေခြင်း

ပထမအကြိမ်

၁၉၉၄ ခု၊ ဩဂုတ်လ

အုပ်ရေ

၅၀၀ အုပ်

တန်ဖိုး

သုံးဆယ်ကျပ်တိတိ

နဂါး

စာပေ

အထက်မြန်မာပြည် ဖြန့်ချိရေး မန္တလေး




# ရဲမာန်အောင်

## ကြာဖြူနန်းရှင်နှင့် လေပွေလက်ဝါး

စာစဉ် (၁)


ဖြန့်ချိရေး

ရွှေမိုးဆောင်း

စာပေ

အမှတ် ၇၂၊ ၆ လမ်း ရန်ကုန်မြို့

စာတိုက်သေတ္တာအမှတ် ၁၁၈၃

ဗဟိုစာတိုက်ကြီး ရန်ကုန်မြို့

## ( ၁ )

ည....

ညက ပိန်းပိတ်အောင် မှောင်မိုက်နေသည်တော့ မဟုတ်။ လခြမ်းကွေး၏ အလင်းရောင်ကြောင့် အပီအသကြီး မဟုတ်သည့်တိုင် မှိန်ပျပျအလင်းရောင်ကတော့ သတ္တလောကတစ်ခွင်ကို ဖြာကျလျက်ရှိနေသည်။

သန်းခေါင်ချိန် တိုင်နေပြီဖြစ်၍ ချီအန်မြို့လေးမှာ လရောင်အောက်တွင် ငြိမ်သက် တိတ်ဆိတ်စွာ အိပ်မောကျ၍ နေပြီ ဖြစ်သည်။

သို့ရာတွင် တခြားလူများနှင့် မတူဘဲ မအိပ်စက်နိုင်သူ တစ်ယောက်ကတော့ ရှိနေပါသည်။

ထိုသူကတော့ ချီအန်မြို့တွင် နာမည်အကြီးဆုံး သိုင်းကျောင်းကြီး တစ်ကျောင်းဖြစ်သည့် ကျားဖြူသိုင်းကျောင်းမှ ကျောင်းအုပ်ကြီး ရန်ကြွင်းပေါက်ပင် ဖြစ်ပေသည်။

ရန်ကြွင်းပေါက်မှာ သင်တန်းသားများကို သိုင်းပညာ သင်ကြားပြသပေးရာ သင်တန်းခန်းမကြီးထဲတွင် လက်နောက်ပစ်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ရှိနေသည်။

သူ၏ မျက်နှာမှာလည်း စိတ်ရှုပ်ထွေးနေသည့် အရိပ်လက္ခဏာဖြင့် ညှိုးပုပ်ပုပ်ဖြစ်၍ နေလေသည်။

သူ၏လက်ရွေးစင်တပည့် ခြောက်ဦးမှာ ဆရာဖြစ်သူ၏ အရိပ်အကဲကို စောင့်ကြည့်ကာ မလှုပ်မယှက် ရှိနေကြသည်။

ရန်ကြွင်းပေါက်က ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ဘာစိတ်ကူး ရသွားပြန်သည်မသိ။

ရုတ်ခြည်း ရပ်လိုက်ပြန်ကာ နောက်ပစ်ထားသော ညာလက်ကို ရှေ့သို့ ပြန်ယူရင်း ဖြန့်ကြည့်လိုက်သည်။

သူ၏လက်ဝါးထဲမှာတော့ ကြေးပြားကလေး တစ်ပြား။ ထိုကြေးပြားလေးပေါ်တွင်တော့ ကင်းမြီးကောက် တစ်ကောင်၏ပုံကို တံဆိပ်အဖြစ် ခတ်နှိပ်ထားသည်ကို တွေ့ရသည်။

ယခု သူ စိတ်ညစ်နေရသည်မှာလည်း ထိုကြေးပြားလေးနှင့် ပတ်သက်၍ နေပေသည်။



လွန်ခဲ့သော နှစ်ရက်ခန့်ကမှ သူ့ထံသို့ စာအိတ်စောင်နှင့် ဤကြေးပြားကလေး ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

စာထဲတွင် ရေးသားထားသည်က နောက်နှစ်ရက် ကြာလျှင် သင့်အသက်ကို ကျွန်ုပ်တော် လာယူမည်ဟူ၍ တိုတိုတုတ်တုတ်ပင် ရေးသားထားသည်။

အောက်မှ ပေးပို့သူ၏ နာမည်နေရာတွင်မူ ဝိညာဉ်ဝယ်သူဟု ရေးထိုးထားသည်ကို တွေ့ရသည်။

ပထမဦးဆုံးသော ထိုစာကို သူ့တပည့်များက လူနောက်လူရွှင်တစ်ယောက် လက်ဆော့ကာ ပေးပို့ခြင်း ဖြစ်မည်ဟု ပေါ့ပေါ့ ထင်ကြေး ပေးခဲ့ကြသည်။

သို့သော် အရာရာကို အလေးအနက် တွေးလေ့ရှိသည့် ရန်ကြွင်းပေါက်ကတော့ ထိုသို့မဟုတ်ချေ။

ဤကိစ္စမှာ အန္တရာယ်အငွေ့အသက်တို့ ရောယှက်နေသော ကိစ္စတစ်ရပ်ဖြစ်မည်ဟုသာ ယူဆမိသည်။

မည်သို့ပင်ဖြစ်စေ စိန်ခေါ်သူက စတင်စိန်ခေါ်လာပြီမို့ သူ့အနေဖြင့် မည်သို့မျှ ရှောင်လွှဲ၍မဖြစ်တော့ချေ။

အမှန်တကယ် ရောက်လာ မလာလာ သူကတော့ အစစအရာရာ အသင့်ပြင်ဆင်ပြီး စောင့်စားရတော့မည်သာ ဖြစ်သည်။

ထိုသို့ ဆုံးဖြတ်ချက်ချမိသောကြောင့် ရန်ကြွင်းပေါက်က နှစ်ရက်ပြည့်မြောက်သောနေ့တွင် လက်ရွေးစင်တပည့်ခြောက်ဦးနှင့် စောင့်စားနေခဲ့ခြင်း ဖြစ်သည်။

ဘာလိုလိုနှင့် သန်းခေါင်ချိန်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။

ယခုတိုင် ဝိညာဉ်ဝယ်သူ ဆိုသူ၏ အရိပ်အယောင်ကိုမျှ မမြင်တွေ့ရသေးချေ။

သို့ဖြစ်၍ ကျားဖြူ သိုင်းကျောင်းအုပ်ကြီး ရန်ကြွင်းပေါက်၏ ရင်ထဲမှတုန်လှုပ်မှုက တစ်စတစ်စ လျော့ပါး၍ လာလေသည်။

ထို့ကြောင့်ပင် ရန်ကြွင်းပေါက်က တပည့်များဘက်သို လှည့်လိုက်ကာ....

'မင်းတို့ ပြောသလို လူနောက် တစ်ယောက်ယောက်က ကျီစယ်လိုက်တာလား မသိပါဘူးကွာ၊ ခုချိန်ထိ ခွေးတစ်ကောင် ကြောင်တစ်မြီးတောင် မမြင်ရသေးဘူး'

စိတ်သက်သာရာ ရသွားဟန်ဖြင့် ပြောလိုက်လေသည်။

ထိုအခါ တပည့်များထဲမှ တစ်ယောက်က မဆိုင်းမတွပင်....

'ဒါကြောင့် ဆရာကြီးကို ကျွန်တော်တို့ အစကတည်းက ပြောသားပဲ၊ အလကား အိပ်ပျက်ခံပြီး စောင့်မနေပါနဲ့လို့'

'ဒါက ထုစ်ထစ်ချပြောလို့ မရသေးဘူးလေကွာ၊ မနက်မိုးလင်းထိအောင်တော့ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဆက်စောင့်ရဦးမှာပဲ'

'ဆရာကြီးက သက်သက်အပင်ပန်းခံနေတာပါ၊ တကယ်လို့ ဝိညာဉ်ဝယ်သူ တကယ်ရောက်လာခဲ့ရင်လဲ ကျွန်တော်တို့ ရှိနေသားပဲဥစ္စာ၊ ကျွန်တော်တို့ဘာသာ ကြည့်ရှင်းပစ်လိုက်မှာပေါ့၊ ဆရာကြီးဝင်လာဖို့ မလိုပါဘူး'



တပည့်ဖြစ်သူ၏ ခပ်ကြွားကြွားလေသံကြောင့် ရန်ကြွင်းပေါက်က မပြုံးချင်ပြုံးချင် ပြုံးလိုက်မိသည်။

ယခု သူ့နားတွင်ရှိနေသော တပည့်ခြောက်ယောက်မှာ သူ၏ အတော်ဆုံးတပည့်များ ဖြစ်ကြသည်တော့ မှန်၏။

သို့သော် သိုင်းပညာအဆင့် မည်မျှထိမြင့်မှန်း မသိရသော ဝိညာဉ်ဝယ်သူကို ကောင်းစွာ ဟန့်တားနိုင်လိမ့်မည်ဟုတော့ သူ မယုံစားရဲ။

ထို့ကြောင့် ရန်ကြွင်းပေါက်က ကိုယ်တိုင်စောင့်စားနေခြင်းဖြစ်သည်။

'ခုကျမှတော့ မထူးတော့ပါဘူးကွာ၊ မနက်မိုးလင်းအထိ စောင့်နေလိုက်တာပဲ ကောင်းပါတယ်၊ မင်းတို့က ငါ့ကို အေးအေးဆေးဆေးသွားအိပ်ပါလို့ စေတနာနဲ့ပြောတာကို ငါသိပါတယ်၊ ဒါပေမယ့် ငါ့ဟာ ငါသိတယ်၊ ဒီလောက် စိတ်လှုပ်ရှားနေခိုက်မှာ အိပ်လို့လဲ ပျော်မှာ မဟုတ်ဘူး'

'ဆရာကြီးက စိတ်လှုပ်ရှားနေလို့လား'

တစ်ယောက်က သိချင်သလို မေးသည်။ ရန်ကြွင်းပေါက်က ခေါင်းကိုညိတ်၍....

'ဟုတ်တယ်ကွ၊ မမြင်ရသေးတဲ့ရန်သူကို ကြောက်လို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် စိတ်လှုပ်ရှားနေတာကတော့ အမှန်ပဲ'

ပြန်ဖြေလိုက်သည်။

နောက်တော့ ဘာစကားမှ မဆိုဖြစ်တော့ဘဲ ငြိမ်သက်နေမိကြပြန်သည်။

ရန်ကြွင်းပေါက်မှာ မိုးလင်းအထိ စောင့်မည်ဟု ကြွေး ကြော်ထားသော်ငြား စိတ်ထဲ၌ သူ့ ဝိညာဉ်ဝယ်သူ ရောက် လာတော့မည်မဟုတ်ဟု ထင်မှတ်နေမိသည်။

ထိုစဉ် ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံကြောင့် ချောက်ချားသည် မဟုတ်သည့်တိုင် ရန်ကြွင်းပေါက်စိတ်ထဲ တစ်မျိုးတစ်မည် ဖြစ်သွားသည်၊

ထို့နောက် အသင့်ဖွင့်ထားသော တံခါးပေါက်ကိုသာ မမှိတ်မသုန် စိုက်ကြည့်လိုက်သည်။

ခဏအကြာမှာတော့ ထိုတံခါးပေါက်ဝတွင် လူရိပ် သဏ္ဌာန်တစ်ခု ရုတ်တရက် ထွက်ပေါ်လာတော့သည်။

‘ဟင်’

‘ဟာ’

အထဲတွင် ထွန်းညှိထားသော မီးပုံများ၏အလင်းရောင် ကြောင့် ထိုသူကို ရန်ကြွင်းပေါက် သဲသဲကွဲကွဲမြင်တွေ့လိုက်ရ သည်။

သည်မှာတင် တအံ့တဩ ရေရွတ်သံများ ပြိုင်တူထွက် သွားခြင်း ဖြစ်သည်။

သူတို့ အံ့ဩမည်ဆိုလျှင်လည်း အံ့ဩလောက်ပါသည်။

တံခါးဝသို့ ရောက်ရှိလာသူမှာ လူတစ်ယောက်ဖြစ်သော် ငြား လူတစ်ယောက်နှင့်မတူဘဲ မဒကောင်းဆိုးဝါးတစ်ကောင် နှင့် တူနေသည်။



ထိုသူ၏ ပုံစံကိုကြည့်ဦး၊ မျက်နှာတွင် အရိုးခေါင်းပုံ မျက်နှာဖုံးကို စွပ်ထားသလိုပင် တစ်ကိုယ်လုံးကိုလည်း ဝတ်ရုံ နက်ကြီးဖြင့် လွှမ်းခြုံထားသေးသည်။

လေတိုက်သဖြင့် ဝတ်ရုံအနားစများက တဖျတ်ဖျတ် လွင့်နေသည်ကပင် မြင်ရသူများ၏ စိတ်နှလုံးကို ချောက် ချားစေသကဲ့သို့ ရှိသည်။

ခြုံ၍ဆိုရလျှင် ထို၏ ပုံသဏ္ဌာန်မှာ သေခြင်းတရား၏ နိမိတ်ကိုပြဆိုသည့် သေမင်းတမန် တစ်ယောက်နှင့် တူ၍နေ လေသည်။

ထူးခြားသော အဆင်အပြင်များကိုကြည့်၍ ရန်ကြွင်း ပေါက်တို့လူစုမှာ အတန်ကြာအောင်ပင် ပါးစပ်အဟောင်း သားဖြင့် ရှိနေကြသည်။

နောက်တော့မှ ဆရာဖြစ်သူ ရန်ကြွင်းပေါက်ကစတင် သတိပြန်ဝင်လာပြီး....

‘မင်း ဘယ်သူလဲ’

လှမ်းမေးလိုက်သည်။

ထိုအခါ အဆိုပါဝတ်စုံနက်က ခြောက်ကပ်ကပ်အသံဖြင့် အစိပ္ပါယ်မဲ့ ရယ်မောလိုက်ပြီးမှ ...

‘ကျုပ်ကလားဝိညာဉ်ဝယ်သူလေ’

ခပ်အေးအေးပြန်ဖြေလာသည်။

ဝိညာဉ်ဝယ်သူ၏အသံမှာ စူးရှရှအက်ကွဲကွဲ ဖြစ်နေသော ကြောင့် မူလအသံကိုမသိအောင် ဖျက်ပြောခြင်းဟု အတွေ့ အကြုံရှိသောရန်ကြွင်းပေါက်က ရိပ်မိလိုက်သည်။

သို့သော် သူထပ်မေးလျှင်လည်း ပြန်ဖြေမည်မဟုတ်ဟု သဘောပေါက်သဖြင့် ရန်ကြွင်းပေါက်က ထပ်မေးဖို့စိတ်မကူးတော့ဘဲ....

'ကောင်းပြီလေ၊ ခင်ဗျားက ဝိညာဉ်ဝယ်သူဆိုတော့လဲ ဒီနာမည်ကိုပဲ ကျုပ်အတည်ယူရတော့မှာပေါ့၊ ဒါထက်ကျုပ်ဆီကို လွှန်ခဲ့တဲ့ နှစ်ရက်လောက်က စာတစ်စောင်နဲ့ ကြေးပြား တစ်ပြား ပို့လိုက်တာ ခင်ဗျားပဲလား'

ဝိညာဉ်ဝယ်သူက ခေါင်းကိုသာ ညိတ်ပြသည်။ ရန်ကြွင်းပေါက်က ဆက်၍....

'ဒါထဲမှာကတော့ ကျုပ်အသက်ကိုဝယ်မယ်လို့ ရေးထားတာကို ကျုပ်ဖတ်ရပြီးပါပြီ၊ ဒါထက် ကြေးပြား လေးက ရော'

'ခင်ဗျားအသက်ကို အဲဒီကြေးပြားတစ်ပြားနဲ့ ဝယ်တဲ့ အခိုပ္ပါယ်ပဲ'

'ကြေးပြားတစ်ပြားတည်းဆိုတော့မနည်းလွန်းဘူးလား'

ရန်ကြွင်းပေါက်က ခပ်ရိရိမေးလိုက်ရာ ဝိညာဉ်ဝယ်သူက လှောင်သံစွက်၍....

'ခင်ဗျားတို့က ဒီကြေးပြားလောက်ပဲ တန်ဖိုးရှိတဲ့သူတွေမို့ ကျုပ်က တစ်ပြားပဲပေးတာပေါ့၊ ကျုပ်ပေးတာက မနည်းပါဘူးလေ'

ရန်ကြွင်းပေါက်က ဝိညာဉ်ဝယ်သူစကားကြောင့် ခပ်မဲ့မဲ့ပြုံးလိုက်သည်။

ပြီးမှ....



'ထားပါတော့လေ၊ ဒါထက် ကျုပ်အသက်ကို ဘာကြောင့် ခင်ဗျားက ဝယ်ချင်ရတာလဲ'

'ခင်ဗျားတို့ဟာ လောကကြီးထဲမှာ အသက်ရှင်မနေသင့်တဲ့လူတွေမို့လို့ပေါ့'

ထိုစကားအဆုံးမှာတော့ ရန်ကြွင်းပေါက်၏ မျက်နှာက မသိမသာ ပျက်သွားသည်။

သူတို့ ပြဿနာမှာ အပြန်အလှန် စကားပြောနေရုံဖြင့် မပြီးဟု နားလည်လိုက်သည်။

ထို့ကြောင့် အချိန်ဆွဲမနေတော့ဘဲ ကျောတွင် လွယ်ထားသောဓားရှည်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ကာ....

'အင်းလေ....ခင်ဗျားက ကျုပ်ကို ရှင်းချင်တယ် ဆိုမှတော့ ကျုပ်ကလဲ ကိုယ့်အသက်ဘေးအတွက် တတ်နိုင်သလောက် ခံရဦးမှာပေါ့'

အေးတိအေးစက်ဖြင့် လှမ်းပြောလိုက်တော့သည်။

# ( ၂ )

ဆရာဖြစ်သူ၏ အရိပ်အခြည်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေသော ရန်ကြွင်းပေါက်၏ တပည့်များက တိုက်ပွဲစတော့မည်ဟု နားလည်သွားကြသည်။

သို့ဖြစ်၍ တစ်ယောက်က....

'ဆရာကြီးကိုယ်တိုင် တိုက်ခိုက်ဖို့ မလိုပါဘူး၊ ခင်ဗျား ဒီလေလုံးထွားတဲ့ပုဂ္ဂိုလ်ကို ကျွန်တော်တို့ပဲ ဆုံးမလိုက်ပါမယ်'

မျက်နှာလိုမျက်နှာရဖြင့် ပြောဆိုလိုက်ရာ ဝိညာဉ်ဝယ်သူ၏ သိုင်းပညာအဆင့်ကို ခန့်မှန်းကြည့်လိုသော ရန်ကြွင်း

ပေါက်က ဟန့်တားခြင်း မပြုဘဲ ခေါင်းကိုသာ ဆတ်ခနဲ ညိတ်ပြလိုက်သည်။

ထိုအခါမှာတော့ ရန်ကြွင်းပေါက်၏ တပည့်ခြောက်ယောက်က ဓားကိုယ်စီဖြင့် ဝိညာဉ်ဝယ်သူရှိရာသို့ ချဉ်းကပ်သွားကြလေတော့သည်။

ဝိညာဉ်ဝယ်သူမှာမူ ယခုတိုင် မနေရာတွင်ပင် မလှုပ်မရှား ရပ်လျက် ရှိနေပေသေးသည်။

လက်နက်ထုတ်ကိုင်ခြင်းမပြုဘဲ ခပ်အေးအေး ပင် လက်ပိုက်၍ နေလေသည်။

'ဟေ့လူ ခင်ဗျားလက်နက်ကို ထုတ်တာလေ'

ရန်ကြွင်းပေါက် တစ်ယောက်က စိတ်မရှည်သလို လှမ်းပြောလိုက်သည်တွင်....

ဝိညာဉ်ဝယ်သူက....

'မလိုပါဘူးကွာ မင်းတို့လောက်ကတော့ လက်နက်ထုတ်ဖို့မလိုပါဘူး'

'...ဒ်....ဒီလိုလား ဒါဆိုရင်လဲပြီးရောပေါ့ဗျာ၊ နောက်ကျ မှသာ ငါလက်နက်မထုတ်မိတာ မှားလေခြင်းဆိုပြီး နောင်တ ရမနေနဲ့'

'ဒါက ငါ့အပိုင်းပါ၊ အရေးကြီးတာက မင်းတို့ ငါ့ကို ထိအောင် တိုက်ခိုက်နိုင်ဖို့ပါပဲ'





ဝိညာဉ်ဝယ်သူက စူးကျစ်ကျစ်လေသံဖြင့် ပြန်ပြောလိုက်သည့်အခါမှာတော့ တိုက်ခိုက်လိုစိတ် ပြင်းပြနေသော ရန်ကြွင်းပေါက်၏ တပည့်တပန်းများက ခပ်ကြမ်းကြမ်းပင် စတင်တိုက်ခိုက်လိုက်ကြတော့သည်။

'ကျား....'

'သေပေတော့'

'ဂျိ....'

'ဟိတ်....'

ဝိညာဉ်ဝယ်သူ၏ လှုပ်ရှားမှုကား ယုံနိုင်ဖွယ်ပင် မရှိချေ။

ရန်သူသုံးယောက်၏ ဓားချက်များယှက်၍ ကျရောက်သည်တွင် ကိုယ်ကိုတစ်ပတ်လှည့်၍ ဓားချက်များ အောက်မှာ ရှောင်ထွက်လိုက်သည်။

ပြီးလျှင် လက်နှစ်ဖက်ကို လျှပ်တစ်ပြက် လှုပ်ရှားလိုက်ရာ....

'အား....'

'အီး....'

'အိုး....'

ရန်ကြွင်းပေါက်၏ တပည့်သုံးယောက်မှာ ဒယီးဒယိုင်ဖြစ်လို့သွား ကြသည်။

ထို့နောက် ရင်ဘတ်များကို လက်နှင့်ဖိရင်း ဝိညာဉ်ဝယ်သူကို မျက်လုံးပြူးကြီးများဖြင့် ကြည့်နေကြသည်။

နောက်တော့ ဘာမှမကြာလိုက်။

မြေပြင်ပေါ်သို့ ဟအိအိပြိုလဲကျကာ ငြိမ်သက်သွားကြတော့သည်။

ထိုတုန်လှုပ်ဖွယ် မြင်ကွင်းကိုကြည့်၍ ရန်ကြွင်းပေါက်၏ ကျန်တပည့်သုံးယောက်မဆိုထားနှင့်....

ရန်ကြွင်းပေါက်ကိုယ်တိုင်ပင်လျှင် ထိတ်ခနဲ ဖြစ်သွားမိသည်။

ဝိညာဉ်ဝယ်သူ၏လက်ကို လှမ်းကြည့်လိုက်ချိန် မှာတော့ အဖြေကို ရန်ကြွင်းပေါက် နားလည်သွားတော့သည်။

ဝိညာဉ်ဝယ်သူ၏ ဘယ်ညာလက်ချောင်း ဆယ်ချောင်းစလုံးတွင် လက်သည်းပုံစံ သံမဏိအချွန်များ တပ်ဆင်ထားသည် မဟုတ်ပါလား။

သူ့လူများမှာ ထိုသံမဏိလက်သည်းများ ထိုးကုတ်မှုကို ခံရကာ တစ်မုဟုတ်ချင်း လဲကျသေဆုံးသွားကြခြင်းဖြစ်ပေလိမ့်မည်။

ဤသံမဏိလက်သည်းချွန်များတွင် အဆိပ်ရည်သုတ်လိမ်းထားမည်ဆိုတာကတော့ ယုံမှားသံသယရှိစရာပင် မလိုပါချေ။

'ဩော်.... လက်စသတ်တော့ မင်းက အဆိပ်သရဲလက်သည်း သိုင်းပညာရှင် တစ်ယောက်ကိုး'

ကျားဖြူသိုင်း ကျောင်းအုပ်ကြီး ရန်ကြွင်းပေါက်က တအံ့တဩ ရေရွတ်လိုက်သည်။



ပြီးနောက် တစ်ဆက်တည်းမှာပင် လွန်ခဲ့သော အဖြစ်အပျက်များကို ပြန်ပြောင်းအမှတ်ရသွားကာ မျက်နှာထားပြောင်းသွားလေသည်။

နောက်တော့မှ ရန်ကြွင်းပေါက်က တည်တည်ငြိမ်ငြိမ်ရပ်နေသော ဝိညာဉ်ဝယ်သူကို စိုက်ကြည့်လိုက်ကာ....

'မင်း ဘယ်သူဆိုတာကို ငါသိသွားပြီ၊ မဟုတ်မှလွဲရော မင်းဟာ ကျင်းဟုန်ပဲ ဖြစ်ရမယ်'

အပိုင်အနိုင်ပင် ပြောချလိုက်တော့သည်၊

သို့သော် ဝိညာဉ်ဝယ်သူကမူ ခေါင်းညိတ်ခြင်းမပြုသလို ခေါင်းခါခြင်းလည်း မပြုချေ။

ရန်ကြွင်းပေါက်ဘက်ကို မျက်နှာမူရပ်နေရာမှ တစ်ချက်ရယ်လိုက်ပြီး....

'ကျုပ် ဘယ်သူဖြစ်ဖြစ်ပါလေ ဒါကအရေးမကြီးပါဘူး၊ အရေးကြီးတာက ခင်ဗျားအသက်ကို အဲ....ဝိညာဉ်ကို ဝယ်နိုင်ဖို့ပဲ'

ခပ်ပေါ့ပေါ့ပင် ပြန်ပြောလိုက်သည်။ ထိုအခါ ရန်ကြွင်းပေါက်က....

'ဟေ့ကောင်တွေ....သူ့ကိုဝင်တိုက်ကြစမ်း'

ဒေါသံမာမာဖြင့် အမိန့်ပေးလိုက်ပြန်တော့သည်။ ပထမသုံးယောက်၏အဖြစ်ဆိုးကို မြင်ထားသောကြောင့် တွန့်ဆုတ်ဆုတ် ဖြစ်နေသည့် တပည့်များမှာ ဆရာလုပ်သူ အမိန့်ပေးလာသည့်အခါမှာတော့ ရပ်မနေရဲကြချေ။

ကြောက်စိတ်တစ်ဝက်နှင့်ပင် ဝိညာဉ်ဝယ်သူအား ဝင်ရောက် တိုက်ခိုက်လိုက်ကြပြန်သည်။

'ယား....'

'သေစမ်း'

'ဝှစ်....'

မူလကပင် သိုင်းပညာ အဆင့်ချင်း ကွာခြားလှသော ရန်ကြွင်းပေါက်၏ တပည့်တပန်းများမှာ ကြောက်ကြောက်နှင့် ဝင်တိုက်ရသဖြင့် ပို၍ပင် အမှားမှားအယွင်းယွင်း ဖြစ်ကုန်ကြသည်။

ထို့ကြောင့် ဝိညာဉ်ဝယ်သူက ပေါ့ပါးဖျတ်လတ်စွာ တိမ်းရှောင်ပေးလိုက်ကာ ရန်သူနှစ်ယောက်၏ နောက်ကျောဘက်သို့ ခုန်ဝင်လိုက်သည်။

'ဟိတ်....'

ဒါကိုသိလိုက်သော ရန်ကြွင်းပေါက်၏ တပည့်နှစ်ဦးက ရုတ်ခြည်းပင် နောက်သို့ပြန်လှည့်ဖို့ ဟန်ပြင်လိုက်ကြသည်။

သို့သော် သူတို့၏ လှုပ်ရှားမှုက မဆိုစလောက် နောက်ကျသွားခဲ့ပြီဖြစ်သည်။

အကြောင်းမူ သူတို့ ပြန်အလှည့်လိုက်မှာပင် ဝိညာဉ်ဝယ်သူ၏ သံမဏိလက်သည်းရှည်ကြီးများက သူတို့၏ ရင်ဝများကို ဖောက်ဝင်သွားသောကြောင့်ဖြစ်၏။

'ဇွပ်'

'ဇွပ်'

'အား'



'အီး'

ထို့နောက် ဝိညာဉ်ဝယ်သူက သံမဏိလက်သည်းများကို ပြန်နုတ်ရင်း တစ်ဆက်တည်းမှာပင် ထိုနှစ်ယောက်ကို ဘယ်ညာခြေတို့စုံဖြင့် ခုန်ကန်လိုက်သည်။

## ( ၃ )

'ဟိတ်'

'ဝုန်း....ဝုန်း'

'အင့်....အိုး'

ထိုအခါမှာတော့ ရန်ကြွင်းပေါက်၏ တပည့် နှစ်ဦးမှာ မြေပြင်ပေါ်သို့ လွင့်စဉ်ပြုတ်ကျပြီး တစ်ခါတည်း အသက်ပျောက်သွားတော့သည်။

'ကဲ....ဘယ့်နှယ်လဲ၊ မင်းကရော မင်း သူငယ်ချင်းတွေနောက်ကို လိုက်ချင်သေးသလား'

ဝိဉာဉ်ဝယ်သူက မထီတထီလေသံဖြင့် ပြောလိုက်သည်တွင် ဒူးတုန်နေသော ရန်ကြွင်းပေါက်၏ နောက်ဆုံးတပည့်မှာ ဘာစကားမှ မဆိုနိုင်တော့ဘဲ ထိုနေရာမှ ဖနောင့်နှင့်ကစ်ပါး တစ်သားတည်းကျအောင်ပင် ထွက်ပြေးသွားလေတော့သည်။

'ဟား ဟား ဟား'

ထိုမြင်ကွင်းကိုကြည့်၍ ဝိဉာဉ်ဝယ်သူက ဟက်ဟက်ပက်ပက်ပင် အော်ဟစ်ရယ်မောလိုက်သည်။

ပြီးမှ ကြံရာမရ မျက်နှာထားဖြင့် ရှိနေသော ကျားဖြူသိုင်းကျောင်းအုပ်ကြီး ရန်ကြွင်းပေါက်ကို ကြည့်၍....

'ခင်ဗျားကတော့ ထွက်ပြေးလို့ မရဘူးနော်၊ ကျုပ်က ဝိဉာဉ်ဝယ်ထားပြီးပြီဆိုတော့ ထွက်ပြေးလဲ မရမက လိုက်သတ်မှာပဲ'

'ဟေ့ကောင်ကျင်းဟုန်၊ ငါ့ကို စကားကြီးစကားကျယ်တွေ လာပြောမနေနဲ့၊ တစ်ချိန်တုန်းက ကံကောင်းပြီး အသက်ရှင်ခဲ့ပေမယ့် ခု မင်းသေကို သေရစေမယ်'

ရန်ကြွင်းပေါက်က ဒေါသတကြီး ပြန်ပြောလိုက်ရာ ဝိဉာဉ်ဝယ်သူက အံ့ဩသွားသောလေသံမျိုးဖြင့်....

'ကျုပ် သေကိုသေစေရမယ်ဟုတ်လား၊ ရယ်စရာကောင်းလိုက်တဲ့ စကားပဲဗျာ၊ တကယ်တမ်းသေရမှာက ကျုပ်မဟုတ်ဘူးဗျ....ခင်ဗျား'

'အေးလေ ဘယ်သူ အမှန်တကယ်သေမယ်ဆိုတာကို ခုပဲ မင်း လက်တွေ့သိရတော့မှာပါ'



ထိုစကားက ရန်ကြွင်းပေါက်၏ နောက်ဆုံးစကားပင်ဖြစ်သည်။

ပြောပြီးသည်နှင့် ရန်ကြွင်းပေါက်က ဝိဉာဉ်ဝယ်သူထံသို့ ခုန်ဝင်ကာ လျှပ်တစ်ပြက်ပင် စတင် တိုက်ခိုက်လိုက်တော့သည်။

ရန်ကြွင်းပေါက်မှာ ကျားဖြူသိုင်း ကျောင်းအုပ်ကြီးဖြစ်သည်နှင့်အညီ သူ၏တိုက်ခိုက်မှုကလည်း ကြောက်မက်ဖွယ် ကောင်းလှသည်။

သူ၏ဓားချက်များမှာ သွက်လက်မြန်ဆန်လွန်းသည်နှင့်အမျှ ဓားချက်တိုင်းသည်လည်း အားပါလှသည်။

သို့သော် ဝိဉာဉ်ဝယ်သူကလည်း ခေလှသူတော့မဟုတ်ချေ။

ပြင်းထန်သောဓားချက်များအောက်ဝယ် အထိအခိုက်မရှိပင် လှပစွာတိမ်းရှောင်လို့နေသည်။

သို့ဖြစ်၍ ရန်ကြွင်းပေါက်၏ဓားချက်များမှာ လေထုကိုသာ ဒေါသတကြီး ထိုးခွဲ၍နေလေတော့သည်။

အတန်ကြာသည်အထိ ဝိဉာဉ်ဝယ်သူကိုထိအောင်မတိုက်ခိုက်သေးသဖြင့် ရန်ကြွင်းပေါက်မှာ ရှက်စိတ်နှင့်အတူ ဒေါသလည်း ထွက်လာမိသည်။

သည်ကြားထဲ ဝိဉာဉ်ဝယ်သူက သရော်တော်တော်ဖြင့် ရန်စ၍လာပြန်သည်။

'ဘယ်လိုလဲဗျ၊ ကျောင်းအုပ်ကြီးတစ်ယောက်လုံး လုပ် နေပြီး ဒီလောက်မှအသုံးမကျဘူးလား၊ ဒါဆိုရင် ခင်ဗျား တပည့်တွေဆို လုံးလုံးကိုသုံးလို့ရမှာမဟုတ်ဘူး'

ထိုစကားက ရန်ကြွင်းပေါက်၏ဒေါသကို ဆွပေးလိုက်ရ ရောက်သွားသည်။

ထို့ကြောင့် ရန်ကြွင်းပေါက်က အံကိုတင်းတင်းကြိတ် လိုက်ပြီး....

'စိတ်ချ မင်းကို ငါ တမလွန် မရောက်ရောက်အောင် ပို့ပေးမှာပါ'

'ဟုတ်ပါ့မလားဗျာ၊ ခင်ဗျားက လေလုံးသာထွားနေ တယ် လူကြည့်တော့လဲ လျှာတောင်ထွက်ချင်နေပြီ'

'အေး....ငါက လျှာပဲထွက်တာ၊ မင်းကတော့ အသက် ပါ ထွက်မယ့်ကောင်'

'အပြောနဲ့အဟော ညီမညီ ကြည့်ကြသေးတာပေါ့လေ'

စကားဆုံးသည်နှင့် ဝိဉာဥ်ဝယ်သူက စတင်၍ တိုက်စစ် ဆင်လာသည်။

စောစောပိုင်းက ဝိဉာဥ်ဝယ်သူမှာ ခံစစ်သက်သက်ဖြင့် သာ တိုက်ခိုက်နေခဲ့ခြင်း ဖြစ်သည်။

ယခုမှ တိုက်ခိုက်မှုကို စတင်လာခြင်းဖြစ်သည်။ သို့သော် ဝိဉာဥ်ဝယ်သူ၏ လက်နက်မှာ လက်ချောင်းများထိပ်ရှိ သံမဏိလက်သည်းများသာ ဖြစ်သဖြင့် ရန်ကြွင်းပေါက်က သိပ် စိုးရိမ်စိတ်မရှိချေ။



သူ့ဓားရှည်ဖြင့် ဟာကွက်မရှိအောင် ကာကွယ်လျှင် ဝိဉာဥ်ဝယ်သူ ထိုးဖောက် တိုက်ခိုက်နိုင်မည် မဟုတ်ဟု ယုံကြည်၍နေမိသည်။

ထိုသို့ ယုံကြည်သည့်အားလျော်စွာ ရန်ကြွင်းပေါက်က သူ၏ဓားကို စက်ဝိုင်းသဏ္ဍာန် ဝှေ့ယမ်း၍ ကာကွယ်ထား လိုက်သည်။

ရန်ကြွင်းပေါက်၏ သိုင်းပညာအဆင့်မှာ မနိမ့်လှသည့် အတွက် ဓားကို ဝှေ့ယမ်းလိုက်သည်တွင် ရေပက်မဝင်ဟု ဆိုရလောက်အောင်ပင် အဖြူရောင်အဝိုင်းရိပ်တစ်ရိပ်အဖြစ် သာ မြင်တွေ့ရလေတော့သည်။

'ဝှီး....ဝှီး....ဝှီး'

ဓားစက်ဝန်း၏အသံကလည်း ကျယ်လောင်စွာပင် ပေါ် ထွက်လို့နေသည်။

ထိုအခြေအနေတွင် ထိုးဖောက်တိုက်ခိုက်ဖို့ မလွယ်ဟု အကင်းပါးသော ဝိဉာဥ်ဝယ်သူက ကောင်းစွာ သဘော ပေါက်သည်။

ထို့အတူ မည်သို့မှ်ပုံတိုက်ခိုက်လျှင် ရန်ကြွင်းပေါက်၏ သိုင်းကွက် ပျက်သွားမည်ဟုလည်း စဉ်းစားပြီး ဖြစ်သည်။

သို့ဖြစ်၍ ဝိဉာဥ်ဝယ်သူက ရုတ်တရက်ဆိုသလိုပင် မြေ ပြင်တွင် ကျွမ်းဖြင့်လှိမ့်ကာ ရန်ကြွင်းပေါက်ဆီ တိုးဝင်သွား သည်။

'ဟာ....'

အကာအကွယ်မဲ့နေသော သူ့အောက်ပိုင်းကို တိုက်ခိုက်တော့မည်ဟု ရန်ကြွင်းပေါက်က သိသည်။ ထို့ကြောင့် ဝိညာဉ်ဝယ်သူက သူ့ခြေခုံများကို လက်သည်းဖြင့် ထိုးစိုက်မချခင်မှာပင် လှိမ့်ဝင်လာသော ဝိညာဉ်ဝယ်သူကို ကျော်၍ တစ်ဖက်သို့ခုန်ထွက်လိုက်သည်။

ဝိညာဉ်ဝယ်သူကလည်း အကွက်မြင်သည်။

ရန်ကြွင်းပေါက် ခုန်ကျော်ထွက်သွားသည်နှင့် တစ်ပြိုင်နက်တည်း ဖျတ်ခနဲ ပြန်ထရပ်ကာ ရန်ကြွင်းပေါက်ခုန်ထွက်သွားရာသို့ ခုန်လိုက်သွားသည်။

'ကျား....'
'ဟိတ်....'

ထိုအခါ ရန်ကြွင်းပေါက်က လေထဲတွင်လှည့်၍ ဓားနှင့်လက်ပြန်ခုတ်ချလိုက်သလိုပင် ဝိညာဉ်ဝယ်သူကလည်း ရန်ကြွင်းပေါက်၏ လက်ပြင်ကို သံမဏိလက်ချွန်များဖြင့် ထိုး၊ စိုက်ချလိုက်သည်။

'ဝုစ်....'
'ဇွပ်....'
'အင့်....'

ကံဆိုးသူက ရန်ကြွင်းပေါက်ပင် ဖြစ်သည်။

သူ၏ လက်ပြန်သိမ်းဓားချက်က ဝိညာဉ် ဝယ်သူ၏ ခေါင်းနားမှ ကပ်ကာလွဲချော် ထွက်သွားသည်။



သို့သော် ဝိညာဉ်ဝယ်သူ၏ သံမဏိလက်သည်းချွန်များကမူ အလွဲအချော်မရှိဘဲ သူ၏ ညာလက်ပြင်ကို စိုက်ဝင်သွားတော့သည်။

ထို့နောက် မြေပြင်ပေါ်သို့ နှစ်ယောက်စလုံး ခြေပြန်ချမိချိန်တွင် ရန်ကြွင်းပေါက်မှာ ဟန်ချက်မမှန်တော့ဘဲ ယိမ်းထိုးနေသည်။

( ၄ )

-ယိုစဉ်....

'ခင်ဗျား အသက်မရှင်နိုင်တော့ဘူး'

ဝိညာဉ်ဝယ်သူက အေးစက်စက်ဖြင့် လှမ်းပြောလိုက်ည်။

ရန်ကြွင်းခပါက်မှာ ဖြူဖပ်ဖြူရော် ဖြစ်သွားပြီးမှ အံတ်လိုက်ပြန်ကာ....

'ငါ အသက်မရှင်ဘူးဆိုရင် မင်းလဲ သေစေရမယ်'

နာနာကြည်းကြည်း ရေရွတ်လိုက်သည်။

ပြီးလျှင် ရှိသမျှအားအင်တို့ကို စုစည်း၍ ဝိညာဉ်ဝယ်သူကို ခုန်အုပ်လိုက်သည်။

'ကျား....'

သိုင်းပညာရှင် တစ်ယောက်အဖို့ ထိုသို့ ကမူးရှူးထိုး မတိုက်ခိုက်သင့်မှန်း ရန်ကြွင်းပေါက် မသိမဟုတ် သိ၏။

သို့ရာတွင် လက်ရှိအနေအထားအရ အချိန်ဆွဲရန် မဖြစ်နိုင်တော့သဖြင့် မိုက်မိုက်ကန်းကန်း စွန့်စားလိုက်ခြင်းသာ ဖြစ်သည်။

သို့ပေမယ့် သူ၏ နောက်ဆုံး ကြိုးပမ်းမှုက အရာရောက်ခြင်းမရှိချေ။

သူ ခုန်အုပ်လိုက်သည်တွင် ဝိညာဉ် ဝယ်သူက ကိုယ်ကိုတိမ်း၍ လွတ်သည်ဆိုရုံမျှရှောင်ကာ သူ၏လက်ဝဲဘက်နံဘေးသံမဏိလက်သည်းချွန်များဖြင့် ထိုးသွင်းလိုက်သည်။

'ဇွပ်....'

'အူး....'

ဒါသည်ပင်လျှင်ပွဲသိမ်းတိုက်ခိုက်မှု ဖြစ်လေသည်။ ဝိညာဉ်ဝယ်သူက လက်ကို ပြန်ရုပ်လိုက်သည်နှင့် ကျားဖြူသိုင်းကျောင်းအုပ်ကြီး ရန်ကြွင်းပေါက်မှာမြေပြင်ပေါ်သို့မှောက်လျက်လဲကျကာ ငြိမ်သက်သွားတော့သည်။

ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိပုံရသည့် ဝိညာဉ်ဝယ်သူက ရန်ကြွင်းပေါက် သေမသေကိုပင် ဂရုတစိုက် စစ်ဆေးခြင်းမပြုချေ။



ထိုဘေးမှရပ်၍ ကိုးရိုးကားရား လဲကျသေဆုံးနေသော ရန်ကြွင်းပေါက်ကို ကျေနပ်သလို ကြည့်နေလေသည်။

နောက်တော့မှ သူ့အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ယူကာ ရန်ကြွင်းပေါက်၏ အင်္ကျီခါင်းဘေးသို့ ပစ်ချလိုက်သည်။

ပြီးလျှင် ကျားဖြူသိုင်းကျောင်းမှ မြေလှမ်းနှုန်မှန်ဖြင့် ပြန်လှမ်းထွက်သွားတော့သည်။

ဝိညာဉ်ဝယ်သူပစ်ချသွားသည့် အရာကတော့ ကင်းမြီးကောက်တံဆိပ်ပါသည့် ကြေးပြားလေးတစ်ပြားပင် ဖြစ်ပေသတည်း။

( ၅ )

ဖူချောင်မြို့ဈေးကား ရောင်းသူဝယ်သူများဖြင့် စည်ကား၍နေလေသည်။

မြို့ဈေးမှ စားသောက်ဆိုင်များမှာ စားသောက်သူများဖြင့် ပြည့်ကျပ်နေသော်လည်း မြို့ဈေးနှင့် အနည်းငယ်လှမ်းသည့် ဆိုင်ကလေးများမှာတော့ အတန်အသင့်မျှပင် ရှိရှာကြသည်။

ထိုစားသောက်ဆိုင်လေးများအနက်မှ ရွှေကြက်ဖ စားသောက်ဆိုင်မှာတော့ စားသောက်သူများ အတော်အတန် ပြည့်လျက်ရှိသည်။

အဆိုပါစားသောက်ဆိုင်လေးထဲတွင် စားသောက်နေကြသူများကတော့ လူတန်းစား ပေါင်းစုံဟုပင် ဆိုနိုင်ပေသည်။

သစ်ခုတ်သမားများလည်း ပါသည်။

ဈေးပြန့်ယာသမားများလည်းပါသည်။ သာမန် လက်လုပ်လက်စားများလည်း ပါသည်။

ထိုမျှမကသေး ဓားကိုယ်စီလွယ်ထားကြသောသိုင်းပညာရှင်အချို့ပင် ပါရှိနေပေသေးသည်။

ထိုလူစုမှာ စုစုပေါင်း ငါးယောက်ခန့်မျှရှိပြီး စားပွဲဝိုင်းတစ်ဝိုင်းတည်းတွင် စုထိုင်နေကြခြင်း ဖြစ်သည်။

သို့သော် ၎င်းတို့မှာ သိုင်းဂိုဏ်းတစ်ခုတည်းမှသိုင်းသမားများတော့ ဟုတ်ပုံမရချေ။ အကြောင်းမူ ၎င်းတို့၏ အဝတ်အစားများမှာ အရောင်တူညီခြင်းမရှိသောကြောင့်ပင် ဖြစ်သည်။

ထိုစားပွဲနှင့် မနီးမဝေးစားပွဲမှာတော့ အသက်ငါးဆယ်ကျော်ခန့်ရှိသော လူကြီး တစ်ယောက်က ခပ်အေးအေးပင် ထိုင်၍ အရက်သောက်လျက်ရှိနေသည်။

ထိုလူကြီး၏ မျက်နှာမှာ ခံစားမှုမဲ့သော မျက်နှာမျိုးဖြစ်ပြီး တစ်ဆိုင်လုံးတွင် သူတစ်ယောက်တည်း ရှိသည့်အလားအောက်ဘီကို တစ်ချက်မျှ မကြည့်ဘဲ အေးအေးလူလူ ထိုင်သောက်နေခြင်းဖြစ်သည်။

မီးခိုးရောင်ဝတ်စုံ ခပ်ဖားဖားကြီးကို ဝတ်ဆင်ထားပြီး ကိုယ်ပေါ်တွင် မည်သည့်လက်နက်မျှ ယူဆောင်လာခြင်းမရှိ



သဖြင့် သာမန် အရပ်သား လူကြီးတစ်ယောက်ဟု ထင်မှတ်နိုင်စရာ အကြောင်းရှိသည်။

တကယ်တော့ ထိုသို့မဟုတ်ချေ။

ထို မီးခိုးရောင် ဝတ်စုံနှင့် လူကြီးမှာ သိုင်းလောကတွင် အတော်အတန် လူသိများသော ထိပ်တန်း သိုင်းပညာရှင် မိုးကြိုးလက်သီး လိန်ရှုဝမ်ပင်ဖြစ်သည်။

သူ၏ လက်နက်မဲ့တိုက်ခိုက်မှုမှာ အထူးပင် ကြောက်မက်ဖွယ် ကောင်းလှသောကြောင့် သူ့ကို မိုးကြိုးလက်သီး လိန်ရှုဝမ်ဟု အမည်ပေးထားကြခြင်း ဖြစ်သည်။

လိန်ရှုဝမ်မှာ သူ၏ ခြေလက်များကိုသာ အဓိကအသုံးပြုတိုက်ခိုက်မြဲဖြစ်သဖြင့် မည်သည့် အခါတွင်မျှ လက်နက်ကိုကိုင်ဆောင်ခြင်းမရှိချေ။

ယခုလည်း ကိစ္စတစ်ခုဖြင့် ခရီးထွက်လာရင်းမှ ဖူချောင်မြို့အရောက်တွင် နံနက်စာ ဝင်ရောက်စားသောက်နေခြင်းဖြစ်သည်။

ထိုစဉ် တစ်ဖက်ဝိုင်းရှိ သိုင်းသမားအုပ်စုထဲမှ တစ်ယောက်က မတိုးမကျယ်အသံဖြင့် ရုတ်တရက် ပြောလိုက်သည်။

'ဝိညာဉ် ဝယ်သူကလဲ တစ်နေ့ တစ်ခြား ပိုပြီး လက်ရဲဇက်ရဲ နိုင်လာပြီကွ၊ ခုဆို သူ့လက်ချက်နဲ့ သေဆုံးသွားခဲ့ရတာ လေးယောက်တောင် ရှိသွားပြီ'

'ဟင်....ဟုတ်လား၊ ဒီလောက်တောင် ရှိသွားပြီလား၊ ငါက နှစ်ယောက်ပဲ ရှိသေးတယ် မှတ်တာ'

တစ်ယောက်က အံ့သြသံဖြင့် ပြန်ပြောလိုက်ရာ ပထပလူက....

'ဘယ်ကလာ နှစ်ယောက် ဟုတ်ရမှာလဲကွ၊ ပထမဆုံး ကျားဖြူ သိုင်းကျောင်းအုပ်ကြီး ရန်ကြွင်းပေါက်သေတယ်၊ ဒုတိယ နဂါးနိုင်မား လင်ဟိုးသေတယ်၊ အဲ....နောက်ဆုံး သူ့လက်ချက် မိသွားတာကတော့ ယက္ခမောင်မယ်ဖြစ်တဲ့ တန်နဲ့ရာန်ပေါ့'

'ဟင်....ယက္ခမောင်မယ်ပါ ကျဆုံးသွားပြီ ဟုတ်လား၊ ဒါကို ငါမသိသေးဘူး ကြည့်စမ်း'

'အေး....ဟုတ်တယ်၊ လွန်ခဲ့တဲ့သုံးရက်ကပဲ ဖန်ဟွာမြို့မှာ အသတ်ခံလိုက်ရတာ'

'ဒါထက်' အဲဒါက ဝိညာဉ်ဝယ်သူ လက်ချက်ပဲလို့ မင်း ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ'

ထိုသူက တိတိကျကျသိလိုဟန်ဖြင့် မေးလိုက်သည်တွင် ဒိုင်ခံရှင်းပြနေသူက မျက်မှောင်ကစ်ချက် ကြုတ်လိုက်ကာ....

'မင်းကလဲ ငါက မသေချာဘဲနဲ့ ရမ်းပြောပါ့မလားကွ၊ ဝိညာဉ်ဝယ်သူပဲ ဖြစ်နိုင်လောက်တဲ့ အထောက်အထားရှိလို့ ပြောတာပေါ့'

အထောက်အထားက....'

'ကင်းမြီးကောက်ပုံပါတဲ့ ကြေးပြားလေးတွေပဲပေါ့ကွာ'

ထိုစကားအဆုံးမှာတော့ စောဒကတက်သူမှာ ဘာမှ မပြောသာတော့ဘဲ ငြိမ်ကျသွားလေသည်။



ဝိညာဉ်ဝယ်သူက လူသတ်ပြီးတိုင်း ကြေးပြားလေးများ ထားသွားလေ့ရှိသည်ကို သူတို့အားလုံး သိထားကြပြီးဖြစ် သောကြောင့်ပင်။

တစ်အောင့်လောက်နေတော့မှ ခပ်ဝဝလူက စကားပြန်စ လိုက်သည်။

'အေးကွာ ဝိညာဉ်ဝယ်သူဟာ ဘာကြောင့် လူသတ်ပြီး ကြေးပြားလေးတွေ ထားထားသွားတာလဲ မသိဘူးနော်'

'ဒါကတော့ သူ့မှာ အကြောင်းတစ်ခုခုရှိလို့ ဖြစ်မှာပေါ့ ကွာ၊ တိတိကျကျသိချင်ရင်တော့ သူ့ကိုလိုက်ရှာပြီး တော့သာ မင်းကိုယ်တိုင် မေးကြည့်ပေတော့'

'ဟာ....မင်းကတော့လေ'

ထိတ်ထိတ်ပျာပျာဖြစ်သွားသော ခပ်ဝဝလူကိုကြည့်ဂ ကျန်လူများက ပြုံးတူပင် ရယ်မောလိုက်မိကြသည်။

ဝိညာဉ်ဝယ်သူကို သူတို့အားလုံး တွေ့လိုစိတ်မရှိကြချေ။ ဝိညာဉ်ဝယ်သူနှင့်တွေ့လျှင် ဘဝဇာတ်သိမ်းသွားနိုင်သည် ဟု စဉ်းစားမိသောကြောင့်ပင် ဖြစ်သည်။

'ဘာပဲဖြစ်ဖြစ် ဝိညာဉ်ဝယ်သူဟာ ထိပ်တန်းသိုင်းပညာ ရှင် တစ်ယောက် ဖြစ်မှာတော့ သေချာတယ်'

တစ်ယောက်က တွေးတွေးဆဆဖြင့် ကောက်ချက်ချလိုက် သည်တွင် ခပ်ဝဝလူက...

'မင်းက ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ'

'ဒါက လွယ်လွယ်လေးပါကွာ၊ မင်း စဉ်းစားကြည့်လေ၊ သူသတ်ခဲ့တဲ့ လေးယောက်လုံးဟာ သူလိုကိုယ်လိုလူတွေမဟုတ်

ကြဘူး၊ သိုင်းလောကမှာ နာမည်တစ်လုံးစီနဲ့ထင်ရှားနေတဲ့ ထိပ်တန်း သိုင်းပညာရှင်တွေချည်းပဲ၊ ဒီတော့ ဒီလိုလူမျိုးတွေကို အနိုင်ယူသတ်ဖြတ်နိုင်တယ်ဆိုခြင်းအားဖြင့် သူ့သိုင်းပညာ အဆင့်မနိမ့်ဘူးဆိုတာကို အလိုလို တွက်နိုင်နေပြီ၊ ဘယ့်နှယ်လဲ၊ ငါပြောတာ မဟုတ်ဘူးလား'

'အေး.... မင်းပြောတာ မှန်သားပဲ'

ခပ်ဝဝလူက ထောက်ခံဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

ထိုစဉ် ပုညွက်ညွက်လူက ရှုတ်တရက် ဝင်၍....

'ဒါထက် သူသတ်ခဲ့တဲ့လူတွေဟာ တစ်ချိန်က သွေးနက် ခုနစ်ဖော်ဆိုပြီး နာမည်ကြီးခဲ့တဲ့ သိုင်းပညာရှင်အုပ်စုထဲက လူတွေဖြစ်နေတာကိုရော မင်းတို့ သတိထားမိရဲ့လား'

ပြောလိုက်ရာ ကျန်လေးယောက်လုံး တွေခနဲ ဖြစ်သွားကြသည်။

နောက်တော့မှ အလွန်စကားများသော လူက....

'ဟာ.... ဟုတ်တယ်၊ မင်းပြောမှပဲ ငါတို့ ပြန်စဉ်းစားကြည့်မိတော့တယ်၊ ဟုတ်တယ်၊ အသတ်ခံလိုက်ရတဲ့ လေးယောက်စလုံးဟာ သွေးသောက်ခုနစ်ဖော် ဂိုဏ်းဝင်တွေချည်းပဲ ဖြစ်နေတယ်၊ ဒါဆို ကျန်တဲ့သုံးယောက်လဲ သတိထားနေရမယ့် အနေအထားမျိုးမှာ ရှိနေပြီပေါ့နော်'

စိတ်လှုပ်ရှားသောလေသံဖြင့် ပြောဆိုလိုက်လေသည်။

ထိုအခါ ပုညွက်ညွက်လူက....



'မှန်တာပေါ့ကွာ၊ အဲဒီသုံးယောက် နေရာမှာသာ ရှိနေရင် တော်တော်ကို ကျောချမ်းနေမိမှာ သေချာတယ်'

'ဒါထက် အဲဒီကျန်တဲ့သုံးယောက်က ဘယ်သူတွေလဲကွ'

ပုညွက်ညွက်လူလောက် ဗဟုသုတကြွယ်ပုံမရသော ခပ်ဝဝလူက သူသိချင်သလို မေးလိုက်ပြန်သည်။

'ကျန်တဲ့ သုံးယောက်ကလား၊ မိုးကြိုးလက်သီး လိန်ရှူဝမ်ရယ်၊ လျှပ်စီးဓား တိယန်းစင်ရယ်၊ ပြီးတော့ အဆိပ်လက်သည်း ကျင်းဟုန်ရယ်ပေါ့၊ ဒါပေမယ့် ကျင်းဟုန်က မရှိတော့ပါဘူး၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်ကတည်းက သေဆုံးသွားခဲ့ပြီ၊ ဒါကြောင့် ဝိညာဉ်ဝယ်ယူကို ကြောက်ရမယ့်သူက နှစ်ယောက်ပဲ ကျန်တော့တယ်'

ပုညွက်ညွက်လူက လူတတ်ကြီးလုပ်၍ ရှင်းပြနေသော်လည်း တကယ်တော့ သူတို့အားလုံးမှာ သိုင်းလောကထဲသို့ မကြာသေးခင်ကမှ ဝင်ရောက်လာကြသူများ ဖြစ်ကြသည်။

သို့ဖြစ်၍ သူတို့၏ ဘေးစားပွဲတွင် ထိုင်နေသူ ကိုပင် မိုးကြိုးလက်သီး လိန်ရှူဝမ်မှန်း မသိကြချေ။

ထို့ကြောင့် ပြောကောင်းကောင်းဖြင့် စွတ်ပြောနေကြခြင်းဖြစ်သည်။

မိုးကြိုးလက်သီး လိန်ရှူဝမ်ကမူ တစ်ဖက်ဝိုင်းမှ စကားများကို နားထောင်ပြီး ပြုံးရုံသာ ပြုံးလိုက်သည်။

ပြီးလျှင် ဆိုင်မှ အလုပ်သမားလေးအား ကျသင့်ငွေ ခေါ်ရှင်းပေးလိုက်သည်။

ကြဘူး၊
နောက်တော့ စားသောက်ဆိုင်ထဲမှ ခပ်အေးအေးပင်
လှမ်းထွက်လာခဲ့တော့သည်။

သိုင်းသမားတစ်စုမှာတော့ ဝိညာဉ်ဝယ်သူ အကြောင်း
ဝေဖန်၍ ကောင်းနေကြဆဲ။



( ၆ )

မိုးကြိုးလက်သီးလိန်ရှုဝမ်မှာစားသောက်ဆိုင်မှ ထွက်
လာခဲ့သော်လည်း သူ့ခေါင်းထဲတွင်မူ ဝိညာဉ် ဝယ်သူ
အကြောင်းက ကပ်ငြိ၍ပါလာခဲ့လေသည်။

တစ်ဖက်ဝိုင်းမှ လူတစ်စုပြောနေကြသော စကားများက
မှားတော့ ဖမှားချေ။

ဝိညာဉ်ဝယ်သူ လက်ချက်ဖြင့် သေဆုံးသွားရသူ လေးဦး
စလုံးမှာ သေွးသောက် ခုနစ်ဖော်ထဲတွင် ပါဝင်ကြသူများ
ချည်းသာဖြစ်သည်။

ကြာ ပြောမည်ဆိုလျှင် သွေးသောက်ခုနစ်ဖော်ထဲ၌ သူလည်း အပါအဝင်ဖြစ်သည်။

သို့ဖြစ်၍ ဝိညာဉ်ဝယ်သူက လူ့ကိုရော သတ်ဖြတ်ဖို့ ကြိုးစား လာဦးမှာလား။

ဒါကိုတော့ သူ အတပ်မပြောရဲ။

သို့သော် အခြေအနေ အရတော့ သူ့ဆီကို မကြာခင် ရောက်လာနိုင်သည့်အနေအထားမျိုးမှာ ရှိနေသည်။

ထိုသို့တွေးမိသဖြင့် လိန်ရှုဝမ်က အိမ်တွင်နေဖို့စိတ်မကူးဘဲ ခြေဦးတည့်ရာ လှည့်လည်သွားလာနေခြင်းဖြစ်သည်။

ဒါဆိုလျှင် ဝိညာဉ်ဝယ်သူ သူ့ကိုအလွယ်တကူရှာတွေ့နိုင်တော့မည်မဟုတ်ဟုလည်း လိန်ရှုဝမ် ယုံကြည်နေမိသည်။

သို့သော် သူ့အထင် တက်တက်စင်အောင် လွဲမှားသွားပြီဆိုတာကိုတော့ မိုးကြိုးလက်သီး လိန်ရှုဝမ်တစ်ယောက် မကြာခင်မှာပင် သိရှိသွားရတော့သည်။

အကြောင်းမှုကား တောလမ်းကလေးမှ အဖြတ်မှာပင် သစ်ပင် တစ်ပင်ပေါ်မှ ခုန်ချလာသော ဝိညာဉ်ဝယ်သူကို တုန်လှုပ်ဖွယ် ရင်ဆိုင်တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ဝိညာဉ်ဝယ်သူ၏ပုံစံကို တစ်ဆင့်စကားဖြင့် ကြားဖူးထားပြီးဖြစ်၍ မည်သူမျှ သံသယမဖြစ်တော့ပါ။

သူ့ရှေ့တွင်ရောက်ရှိနေသူမှာ သွေးသောက် လေးဖော်ကို သုတ်သင်သတ်ဖြတ်ခဲ့သည့် ဝိညာဉ်ဝယ်သူ အစစ်ဟုပင် သူ လက်ခံလိုက်မိပါသည်။



'ကျုပ်လဲ ထင်တော့ထင်သား၊ တစ်နေ့မှာ ကျုပ်ဆီကို ရောက်လာနိုင်တယ်လို့'

မိုးကြိုးလက်သီး လိန်ရှုဝမ်က တုန်လှုပ်သွားမှုကို မသိသာအောင် ပြန်ထိန်းရင်း ဟန်မပျက်ပင် လှမ်းပြောလိုက်သည်။

သူ့စကားအဆုံးတွင် ဝိညာဉ်ဝယ်သူက ခပ်သဲ့သဲ့ရယ်မောလိုက်ပြီး....

'ဒါကြောင့် အတည်တကျမနေဘဲ ကျုပ် မျက်စိလည်အောင် ခြေဦးတည့်ရာကို လျှောက်သွားနေတာမဟုတ်လား၊ ဒါပေမယ့် မရပါဘူးလေ၊ ကျုပ်က ခင်ဗျားတို့ထက် လျင်ပါတယ်'

ပြောလည်းပြော၊ တစ်စုံတစ်ခုကိုလည်း သူ့ထံသို့ပစ်လွှတ်လိုက်သည်။

မိုးကြိုးလက်သီး လိန်ရှုဝမ်က လေထဲမှ ဝဲပျံရောက်ရှိလာသောအရာကို လက်ဖြင့် ဖမ်းဆီးလိုက်သည်။

ပြီးနောက် လက်ဝါးကို ဖြန့်ကြည့်လိုက်သည်။

သူ မြင်တွေ့လိုက်ရသည်က ကင်းမြီးကောက်တံဆိပ် ခတ်နှိပ်ထားသော ကြေးပြားကလေးတစ်ပြား။

'ခုချိန်ကစပြီး ခင်ဗျားရဲ့ အသက်ဝိညာဉ်ကို ကျုပ်ဝယ်လိုက်ပြီ'

ဝိညာဉ်ဝယ်သူက အက်ကွဲကွဲလေသံဖြင့် တုံးတိတိ ပြောသည်။

မိုးကြိုးလက်သီး လိန်ရှုဝမ်က ရှောင်လွှဲ၍မရနိုင်တော့ဟု နားလည်လိုက်သဖြင့် သက်ပြင်းတစ်ချက်ကို ချလိုက်ကာ...

'အင်းလေ...ခင်ဗျားက ကျုပ်မရှောင်းလဲ ဝယ်မယ့်သူ ဖြစ်နေတော့ ကျုပ် ဘာမှ ဆင်ခြေပြန်ပေးမနေတော့ပါဘူး၊ ဒါထက် ခင်ဗျား မျက်နှာကို ကျုပ်မြင်ချင်သေးတယ်'

'ဝမ်းနည်းပါတယ် လိန်ရှုဝမ်၊ ဒီကိစ္စကတော့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါပဲ၊ ကဲ...စကားပြောရတာ အချိန်ကုန်ပါတယ်လေ၊ ကျုပ်တို့တိုက်ပွဲကို ခပ်မြန်မြန်ပဲ စလိုက်ကြရအောင်'

စကားပြောခြင်းဖြင့် အချိန် မဖြုန်းသိုတော့ ဟန်ဖြင့် ဝိညာဉ်ဝယ်သူက ခပ်လောလောပင် ပြောလိုက်သည်။

'ဒါကတော့ ခင်ဗျား သဘောပါပဲလေ၊ ဒါပေမယ့် ကျုပ်ကတော့ ခင်ဗျား ဘယ်သူဖြစ်မယ်ဆိုတာကို ကောင်းကောင်းကြီး သိနေပါတယ်'

'အမယ်...ခင်ဗျားဘယ်ဆိုးလို့လဲ ပြောပါဦး၊ ကျုပ်က ဘယ်သူဖြစ်နိုင်သလဲ'

'ဘယ်သူဖြစ်ရဦးမလဲ၊ ခင်ဗျားဟာ အဆိပ်လက်သည်း ကျင်းဟုန်ပဲ ဖြစ်မှာပေါ့'

မိုးကြိုးလက်သီး လိန်ရှုဝမ်က ထင်ကြေးကို ခပ်ရဲရဲပြောချလိုက်သည်တွင် ဝိညာဉ်ဝယ်သူက ခြောက်ကပ်ကပ်ဖြင့် ရယ်သည်။

နောက်တော့ 'မှားသည်မှန်သည် ဝန်ခံခြင်းဆိုခြင်း မပြုဘဲ....



'ဒါကတော့ ခင်ဗျားစိတ်ချမ်းသာသလို ထင်နိုင်ပါတယ်လေ၊ သေချာတာတစ်ချက်ကတော့ ခင်ဗျားမကြာခင် ဇာတ်သိမ်းရတော့မယ် ဆိုတာပါပဲ'

'အရှုံးအနိုင်ကို တရားသေ ကြိုပြီးတွက်ဆလို့ မရပါဘူးဗျာ၊ ဒီပြင်လူတွေနဲ့တုန်းက ခင်ဗျားကံကောင်းခဲ့ပေမယ့် ခုတစ်ခါမှာတော့ ခင်ဗျားကံကောင်းချင်မှ ကောင်းတော့မှာပါ'

'ကံကောင်းမကောင်းဆိုတာကို ခင်ဗျားခုပဲ သိရမှာပေါ့လေ'

စကားဆုံးသည်နှင့် ဝိညာဉ်ဝယ်သူက ပေါ့ပါးစွာခုန်ဝင်ရင်း မိုးကြိုးလက်သီး လိန်ရှုဝမ်ကို စကာင်တိုက်ခိုက်လိုက်သည်။

နဂိုကတည်းက အလစ်မပေးဘဲ စောင့်ကြည့်နေသော လိန်ရှုဝမ်ကလည်း ဂရုတစိုက်ပင် ကြိုးစားရှောင်တိမ်းပေးလိုက်သည်။

ထို့ကြောင့် ဝိညာဉ်ဝယ်သူ၏ ပွဲဦးထွက် တိုက်ခိုက်မှုများက ပွတ်ကာသီကာဖြင့်ပင် လွဲချော်ထွက်သွားတော့သည်။

'ခင်ဗျားက ဘယ်ဆိုးလို့လဲ'

ဝိညာဉ်ဝယ်သူက လှောင်သံစွက်၍ ချီးကျူးလိုက်သည်။ ပြီးလျှင် သူကပင် ထင်မံ၍ တိုက်ခိုက်ကိုက်ပြန်တော့သည်။

မိုးကြိုးလက်သီး လိန်ရှုဝမ်မှာလည်း ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်၍ သွက်သွက်လက်လက်ပင် တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

ဝိညာဉ်ဝယ်သူ၏ အဆိပ်ရည်သုတ်လိမ်းထားသော သံမဏိ လက်သည်းများဖြင့် မထိမိအောင် အမိကထား၍ရှောင်နေရသဖြင့် စိတ်ရှိလက်ရှိ မတိုက်ခိုက်နိုင်သေးဘဲ ရှိနေသည်။

မည်သို့ပင်ဖြစ်စေဝိညာဉ်ဝယ်သူကလည်းမိုးကြိုးလက်သီးလိန်ရှုဝမ်ကိုတော့ လျှော့တွက်ထားပုံ မရချေ။

ထိုအချက်ကို စတင်တိုက်ခိုက်ကတည်းက ရေကုန်ရေခန်းဖိ၍ တိုက်ခိုက်နေခြင်းက သက်သေခံ၍ နေပေသည်။

နှစ်ဦးစလုံးမှာ ပညာကုန်သုံး၍ တိုက်ခိုက်နေကြခြင်းကြောင့်လားမသိ။

သူတို့၏ လှုပ်ရှားမှုမှာ သဲသဲကွဲကွဲမမြင်ရလောက်အောင် မြန်ဆန်၍ နေလေသည်။

အထူးသဖြင့် ဝိညာဉ်ဝယ်သူမှာအနက်ရောင်ဝတ်စုံအပြည့်ဝတ်ဆင်ထားသူ ဖြစ်သည့်အတွက် သူ၏ လှုပ်ရှားဟန်ကို ကောင်းစွာ မမြင်ရဘဲ အနက်ရောင် အရိပ်ကြီးတစ်ခုမမှာသာ ဖြစ်၍ နေတော့သည်။

သို့ဖြင့် တစ်ယောက်တစ်ပြန် တိုက်ခိုက်ကြရင်း အချိန်အတန်ကြာသည့်အခါမှာတော့ ဝိညာဉ်ဝယ်သူ၏ တိုက်ခိုက်မှုပို၍ ပြင်းထန်သွက်လက်လာသလိုရှိ၏။

မိုးကြိုးလက်သီး လိန်ရှုဝမ်မှာမူ ဝိညာဉ်ဝယ်သူနှင့်တန်းတူလိုက်ပြီး သွက်လက်နိုင်စွမ်း မရှိတော့သဖြင့် ရွေ့လျားမှုက သိပ်မလုပ်ဘဲ ခံစစ်ဖြင့် ခုခံလာရလေတော့သည်။

ဒါကိုအကင်းပါးသော ဝိညာဉ်ဝယ်သူက ကောင်းစွာရိပ်မိသည်။



သို့ဖြစ်၍ ဝိညာဉ်ဝယ်သူက ပို၍ ထက်မြက်သောသိုင်းကွက်များကို အသုံးပြုဖို့ စိတ်ကူးလိုက်သည်။

ထို့နောက် ဝိညာဉ်ဝယ်သူက ညာခြေကို သိုင်းကွက်နင်းတက်ကာ ဘယ်ခြေဖြင့် ခါးလည်ဆီသို့ သိမ်းကန်လိုက်သည်။

‘ဝိုး....’

‘ဟိတ်’

မိုးကြိုးလက်သီး လိန်ရှုဝမ်ကလည်း မိုက်ကန်းသူပီပီ ထိုကန်ချက်ကို ရှောင်တိမ်းဖို့ မကြိုးစားချေ။

ခါးလည်ဆီသို့ တန်းဝင်လာသော ဝိညာဉ်ဝယ်သူ၏ခြေထောက်ကိုသာ လက်ဖြင့်ဆီး၍ ထိုးချလိုက်သည်။

‘ကျွား....’

‘ဝိုး’

အူဆုံးဖြတ်ချက်က မှန်သည်ဟုပင် ဆိုရပေတော့မည်။

ဝိညာဉ်ဝယ်သူမှာ လိန်ရှုဝမ်၏လက်သီးချက်နှင့်ထိပ်တိုက်မခံဆောင်ရဲ။

မိုးကြိုးလက်သီးဟု နာမည်ကြီးနေသော ထိုလက်သီးချက်က သူ့ခြေထောက်ကို သွင်သွင်ကျိုးသွားစေနိုင်သည်ဟု စဉ်းစားမိသည်။

သို့ဖြစ်၍ လက်သီးချက်နှင့်ထိပ်တိုက်မတွေ့ခင် ကန်ချက်ကို ပြန်ရုပ်ကာ တစ်ဆက်တည်းမှာပင် ထိုအရှိန်ကိုယူ၍ လိန်ရှုဝမ်၏ ပခုံးစွန်းကို ရှုတ်တရက် ကုတ်ဆွဲချလိုက်သည်။

‘ဟိတ်....’

'ဝှစ်....'
'ဟာ....'
သွက်လက်သော တိုက်ခိုက်မှုကြောင့် မိုးကြိုးလက်သီး လိန်ရှုဝမ် မျက်လုံးပြူးသွားသည်။

သို့သော် အတွေ့အကြုံရှိသော ဝါရင့် သိုင်းပညာရှင်ကြီးဖြစ်၍ သတိတော့ ရှိသည်။
ဝိညာဉ် ဝယ်သူ၏လက်က ပခုံးစွန်းဆီသို့ ကျလာသည်တွင် ညာခြေကို တစ်လှမ်းဆုတ်၍ ကိုယ်ကို စောင်းငဲ့ကာ ရှောင်လိုက်သည်။

ထိုစဉ် ဝိညာဉ်ဝယ် သူက ညာခြေကို နောက်သို့ ရုပ်ဆွဲပြီး ခါးကိုနွဲ့ကာ ဘယ်လက်ဖြင့် ပေါင်လယ်ကို ထိုးကုတ်လိုက်ပြန်သည်။
သည်တစ်ကြိမ် တိုက်ခိုက်မှုကတော့ မထင်မှတ်နိုင်လောက်အောင် မြန်ဆန်လွန်းသဖြင့် မိုးကြိုးလက်သီး လိန်ရှုဝမ် တစ်ယောက် မည်သို့မျှ မတတ်သာတော့ပါ။
သူ၏ရှေ့သို့ လှမ်းထွက်နေသော ဘယ်ခြေကို ပြန်ဆုတ်ရန် ပြင်လိုက်စဉ်မှာပင် ဝိညာဉ်ဝယ်သူ၏ သံမဏိလက်သည်းချွန်များက ပေါင်လယ်ကို ထိုးကုတ်မိလျက်သား ဖြစ်သွားတော့သည်။

'ရှပ်'
'အား'



ဝိညာဉ်ဝယ်သူ၏ ကုတ်ချက်ကြောင့် ပေါင်လယ်လောက်ရှိ ဘောင်းဘီစမှာ စုတ်ပြဲသွားသည့်နည်းတူ သွေးများလည်း ထွက်လိုလာသည်။

သံမဏိလက်သည်းချွန်များမှာ အဆိပ်ရည်များ သုတ်လိမ်းထားလေ ရှိသည်ဟု သိထားပြီး ဖြစ်သဖြင့် မိုးကြိုးလက်သီး လိန်ရှုဝမ်မှာ ပြင်းစွာပင် တုန်လှုပ်သွားတော့သည်။
ရုတ်ခြည်း မျက်နှာပျက်သွားသော မိုးကြိုးလက်သီး လိန်ရှုဝမ်ကိုကြည့်၍ ဝိညာဉ်ဝယ်သူက ကျေနပ်သွားသည့် လေသံဖြင့်....

'ဘယ့်နှယ်လဲ လိန်ရှုဝမ်၊ ဒီတစ်ကြိမ်မှာတော့ ကျုပ် ကံကောင်းမှာ မဟုတ်ဘူးဆို၊ ခုတော့ ခင်ဗျားပဲ ကံဆိုးသွားပြီ မဟုတ်လား'
'ခင်ဗျားလက်ချက်နဲ့ ကျုပ် မသေဆုံးသေးပါဘူးလေ၊ ဒါကြောင့် ကျုပ်ကို ရှုံးပြီလို့ ပြောလို့ မရပါဘူး'
မိုးကြိုးလက်သီး လိန်ရှုဝမ်က တုန်လှုပ်နေသည့် ကြားမှပင် ခပ်တည်တည် ပြန်ပြောလိုက်သည်။

ထိုအခါတွင် ဝိညာဉ်ဝယ်သူက....
'ဘာဗျ....ဒီပွိုင့်ပွဲမှာ ခင်ဗျား မရှုံးသေးဘူး ဟုတ်လား၊ ခင်ဗျားက ဇွဲတော့ တော်တော်ကောင်းသားပဲ၊ ဒါပေမယ့် ဇွဲကောင်းနေလို့လဲ အလကားပါပဲဗျာ၊ ခုဆို ကျုပ်ရဲ့အဆိပ်

တွေက ခင်ဗျားကိုယ်ထဲကို ဝင်သွားခဲ့ပြီလေ၊ မကြာခင် ခင်ဗျား ဟန်ချက်ပျက်ပြီး ဗုန်းဗုန်း လဲကျသွားလိမ့်မယ်၊ ကျုပ်ကို ပြန်ခုခံဖို့ကတော့ အဝေးကြီးပဲပေါ့'

အေးစက်စက်ဖြင့် ရှင်းပြလိုက်လေသည်။

ထိုစကားမှာ အမှန်ပင်ဖြစ်မည်ဟု လိန်ရှုဝမ် တွက်ဆမိသည်။

ထို့ကြောင့် ဆောက်တည်ရာမရအောင်ပင် ချောက်ချားသွားမိတော့သည်။

အချိန်ဆွဲလိုဟန်မတူသည့် ဝိညာဉ် ဝယ်သူက မျက်စိမျက်နှာ ပျက်နေသော လိန်ရှုဝမ်ကို ကြည့်ကာ ရယ်မောရင်းမှ ရှေ့သို့ တဖြည်းဖြည်း လှမ်းတက်လာသည်။

အဆိပ်သင့်နေပြီဖြစ်သော မိုးကြိုးလက်သီး လိန်ရှုဝမ်ကို အပြီးသတ် ဇာတ်သိမ်းပေးမည့်သဘော။

သို့သော် ဝိညာဉ်ဝယ်သူ အကြံမအောင်ဖြစ်သွားသည်။

အကြောင်းမူ လိန်ရှုဝမ် နားသို့ ချောက်လုဆဲဆဲမှာပင် မမျှော်လင့်သော စကားသံတစ်သံ ရုတ်တရက် ပေါ်ထွက်လာသောကြောင့်ပင် ဖြစ်သည်။

'ဝိညာဉ်ဝယ်သူဆိုတဲ့ ဒုစရိုက်သမား၊ မင်းနေ့ရာမှာတင် ရပ်နေလိုက်စမ်း'

ထိုစကားသံကြောင့် ဝိညာဉ်ဝယ်သူပင် ကြောင်အအဖြစ်ကာ ရပ်သွားမိသည်။



ပြီးမှ အသံ ပေါ်ထွက်လာရာသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါမှာတော့ တောအုပ်ထဲမှထွက်လာသော အဘွားအို တစ်ယောက်ကို လှမ်းတွေ့လိုက်ရလေတော့သည်။

## ( ၇ )

'ဟင်....ကြာဖြူကန် ဘွားဘွားစီပါလား'

သိုင်းလောကတွင် ကျင်လည်နေသည်မှာ ကြာပြီဖြစ်သည့် မိုးကြိုးလက်သီး လိန်ရှုဝမ်က အဘွားအိုကို တွေ့တွေ့ချင်း မှာပင် ကအံ့ဘသြ ရေရွတ်လိုက်ဖြစ်သည်။

မှန်ပါသည်။

ဆံပင်များ ဖွေးဖွေးဖြူနေသော အဖြူရောင် ဝတ်စုံနှင့် အဘွားအိုမှာ သိုင်းဒေဝီသုံးပါးအနက် တစ်ပါးအပါအဝင် ဖြစ်သော ကြာဖြူကန် ဘွားဘွားစီပင်ဖြစ်ပါသည်။

ဘွားဘွားစီမှာ ကြာဖြူများ ကန့်လုံးပြည့်မျှပေါက်နေသော ရေကန် အလယ်တွင် ခြေတံရှည် ဝါကြီးဆောက်ကာ နေထိုင်သူ ဖြစ်သဖြင့် သိုင်းလောကသားများ အားလုံးက ကြာဖြူကန် ဘွားဘွားစီဟု နာမည် ပေးထားကြခြင်း ဖြစ်လေသည်။

ဘွားဘွားစီမှာ သိုင်းလောကသားများနှင့် ကင်းကင်းနေလေ့ ရှိသော်လည်း စိတ်ရင်းကား ဖြူစင်လှသော သိုင်းပညာရှင်ကြီး တစ်ဦးဖြစ်၏။

အထူးသဖြင့် သူ့ရှေ့တွင် အဖြူရောင် သိုင်းသမားများ အရေးနိမ့်နေပြီဆိုပါက အမြဲလိုလိုပင် ဝင်ရောက် ကူညီလေ့ ရှိသည်။

ဒါကို သိထားသော မိုးကြိုးလက်သီး လိန်ရှုဝမ်မှာ ဘွားဘွားစီကို မြင်လိုက်သည်နှင့် သိသိ သာသာကြီးပင် အားတက်လို့သွားတော့သည်။

ဘွားဘွားစီကမူ လိန်ရှုဝမ်ကို တစ်ချက်မျှသာ ကြည့်ပြီး နောက် ဝိညာဉ် ဝယ်သူဘက်သို့ လှည့်လိုက်ကာ....

'မင်းက ခုတစ်လော သိပ် နာမည်ကြီးနေတဲ့ ဝိညာဉ် ဝယ်သူဆိုတာ မဟုတ်လား'

'မှန်ပါတယ် ဘွားဘွား၊ ဒါပေမယ့် ကျုပ်က နာမည် ကြီးအောင် တမင်လုပ်နေတာတော့ မဟုတ်ပါဘူး'

'အမယ်....အပြောလေးကတော့ တယ်ကောင်းသကွယ်၊ မင်းပြောပုံက လူတွေချဲ့ကားပြောလို့ နာမည်ကြီးနေတယ် ပေါ့ ဒီလိုလား'



ကြာဖြူကန် ဘွားဘွားစီက မထိတထိ မေးလိုက်သည် တွင် ဝိညာဉ်ဝယ်သူက မည်သို့မျှ ပြန်မပြောချေ။

ထို့ကြောင့် ဘွားဘွားစီက ခပ်မဲ့မဲ့ ပြုံးလိုက်ရင်းမှ....

'ဘာပဲဖြစ်ဖြစ် မင်း နာမည်ကြီး သိုင်းပညာရှင်တွေကို အကြောင်းမဲ့ လိုက်သတ်နေတာကတော့ လူတိုင်းသိနေကြတဲ့ ကိစ္စပဲ'

'အကြောင်းမဲ့ ဟုတ်လား၊ ဒီလိုတော့ ရမ်းမစွပ်စွဲပါနဲ့ ဘွားဘွား၊ ကျုပ်မှာ အကြောင်းရှိလို့ သတ်တာပါ'

'ဒါဆို အဲဒီအကြောင်းက ဘာလဲ'

'ဒါကို သိချင်ရင်တော့ ဟောဒီက မိုးကြိုးလက်သီး လိန်ရှုဝမ်ကိုသာ မေးကြည့်ပါတော့'

ဝိညာဉ်ဝယ်သူက ကိုယ်တိုင်ရှင်းမပြလိုဟန်ဖြင့် လိန်ရှုဝမ် ဘက်သို့ လှည့်မေးလိုက်သည်။

ထိုအခါ မိုးကြိုးလက်သီးလိန်ရှုဝမ်ကပျာပျာသလဲဖြင့်....

'ဟာ....သူ အလကား လျှောက်ပြောနေတာပါ၊ သူနဲ့ ကျုပ်ကြားမှာ ဘာမှ ပတ်သက်စရာအကြောင်း မရှိပါဘူး'

ပြန်ဖြေလိုက်သည်။

ထို့ကြောင့် ကြာဖြူကန် ဘွားဘွားစီက ဝိညာဉ်ဝယ်သူ ဘက်သို့ ပြန်လှည့်လိုက်ပြီး....

'ဘယ်လိုလဲ ဝိညာဉ်ဝယ်သူ၊ သူကတော့ ဘာအကြောင်းမှ မရှိဘူးလို့ ပြောနေပါလား'

'သူခိုးဟာ ခိုးပါတယ်လို့ ဝန်ခံရိုးမရှိပါဘူး ဘွားဘွားစီ'

'အိုကွာ....မင်းနဲ့ ငါစကားနိုင်လုပြီး ပြောမနေတော့ပါ ဘူး၊ သိပ်နာမည်ကြီးနေတဲ့ မင်းနဲ့ သိုင်းပညာချင်း ဖလှယ် ကြည့်လိုက်တာပဲ ကောင်းပါတယ်'

ကြာဖြူကန် ဘွားဘွားစီ၏ စကားအဆုံးတွင် ဝိညာဉ် ဝယ်သူ တွေဝေသွားသည်။

သိုင်းဒေဝီသုံးပါးတွင် တစ်ပါးအပါအဝင် ဖြစ်သော ကြာဖြူကန်ဘွားဘွားစီကို သူ မည်သို့မျှယှဉ်နိုင်မည်မဟုတ် ဟု စဉ်းစားမိပုံရသည်။

သို့သော် ဝိညာဉ်ဝယ်သူက ထိုသို့ အကြောင်းမပြဘဲ...

'ကျုပ်က အကြောင်းမဲ့ လျှောက်တိုက်ခိုက်နေတဲ့ လူ တစ်ယောက်မဟုတ်ပါဘူး ဘွားဘွားစီ၊ ဒါကြောင့် ရန်ငြိုး ရန်စမရှိတဲ့ ဘွားဘွားစီနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ဆန္ဒမရှိပါဘူး၊ ဒါကြောင့် ကျုပ်တို့ကိစ္စမှာ ကြားမဝင်ပါနဲ့လို့ မေတ္တာရပ်ခံ ပါတယ်'

အလိမ္မာသုံး၍ ငြင်းဆိုလိုက်သည်။

ကြာဖြူကန်ဘွားဘွားစီက တစ်ချက်ရယ်ရင်းမှ....

'ဒီလိုပြောလို့မရဘူးလေ၊ ငါ့မျက်စိရှေ့မှာအမြင်မတော် တာတွေ့ရင် ငါကတော့ ဝင်ပါရမှာပဲ'

ပြောလိုက်သည်။

ဘွားဘွားစီ၏စိတ်ဓာတ်ကိုသိသွားသော ဝိညာဉ်ဝယ်သူ က စိတ်ကိုလျှော့ချလိုက်ဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက် ရာ....



'ဒါဆိုရင်တော့ သူ့ကို နောက်တစ်ကြိမ်ကျမှပဲ ဆုံးမရ တော့မှာပေါ့လေ၊ ခင်ဗျား သိပ်ကံကောင်းသွားတယ် လိန်ရှုဝမ်၊ အဲ.... ဘွားဘွားစီကိုလဲ ကျုပ် တစ်ခုတော့ စေတနာနဲ့ သတိပေးလိုက်ချင်မိသေးတယ်၊ လူတိုင်းဟာ ကယ်တင်ထိုက်တဲ့သူတွေချည်းပဲလို့ တရားသေ ယူဆမထား ပါနဲ့ ဘွားဘွားစီ၊ တချို့လူတွေက ကျေးဇူးရှင်ကို ကျေး ပြန်စွပ်တဲ့လူစားမျိုးတွေရှိတယ်၊ အဲဒီထဲမှာ လိန်ရှုဝမ်လဲပါ တယ်၊ ကဲ....ကျုပ်ကိုသွားခွင့်ပြုပါဦး'

ခပ်ပြတ်ပြတ်ပြောပြီးသည်နှင့် ဝိညာဉ်ဝယ်သူက နေရာမှ ချာခနဲ လှည့်ထွက်သွားဟန်ပြင်လိုက်သည်။ ထိုစဉ် ဘွားဘွား စီက....

'ခဏနေဦး'

လှမ်းတားလိုက်သည်။

ပြီးလျှင် ဆက်၍....

'မင်းဘယ်သူလဲဆိုတာကို ငါသိချင်တယ်'

'ဝမ်းနည်းပါတယ် ဘွားဘွားစီ၊ ဒါကိုတော့ ပြောပြဖို့ ဆန္ဒမရှိပါဘူး'

'ကိစ္စမရှိပါဘူးလေ၊ မင်းပြောမပြလဲ မင်းမျက်နှာပေါ် က မျက်နှာဖုံးကို ဆွဲခွာကြည့်ရုံပဲရှိတာပေါ့'

ဘွားဘွားစီက ပြောလိုက်ရုံသာရှိသေးသည် ဝိညာဉ် ဝယ်သူက လက်ကို ဦးစွာလှုပ်ရှားလိုက်သည်။ ထိုအခါ လေကိုခွဲ၍လက်နက်ပုန်းများကဝဲပျံရောက်ရှိလာတော့သည်။

'ဝှစ်....ဝှစ်....ဝှစ်'

ဝိဉာဉ်ဝယ်သူ၏ လက်နက်ပုန်း ပစ်ခတ်မှုသည်ကာလည်း မခေလှ။

ပစ်လွှတ်လိုက်သောလက်နက်ပုန်းများမှာ တစ်ပြိုင်တည်း ဝင်ရောက်လာခြင်း မဟုတ်ချေ။

တစ်ခုနှင့်တစ်ခု အနည်းငယ်စီခြားပြီးမှ ဝင်ရောက်လာခြင်း ဖြစ်သည်။

သို့ဖြစ်၍ ကြာဖြူကန် ဘွားဘွားစီမှာ လေတွင်ခုန်တက်၍ တိမ်းရှောင်ပေးလိုက်ရလေသည်။

ဘွားဘွားစီ မြေပြင်ပေါ်သို့ ခြေ ပြန်ချမိချိန်မှာတော့ တောထဲသို့ ပြေးဝင်သွားသော ဝိဉာဉ်ဝယ်သူ၏ အရိပ်ကို သာ လှစ်ခနဲ မြင်လိုက်ရတော့သည်။

'အင်း....သွက်တော့ အတော်သွက်သား'

ကြာဖြူကန် ဘွားဘွားစီက ချီးကျူးသလို ပြောရင်း ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

ထိုအခါမှာတော့ သူ့ကို မထိဘဲ လွဲချော်သွားသော လက်နက်ပုန်းများက သစ်ပင်ကြီး တစ်ပင်၏ ပင်စည်ထဲသို့ စိုက်ဝင်လျက်ရှိကြောင်း တွေ့လိုက်ရသည်။

ထို့ကြောင့် ဘွားဘွားစီက ထိုနေရာသို့ လျှောက်သွားကာ အနီးကပ် လေ့လာကြည့်လိုက်သည်။

သစ်ပင်ထဲသို့ တစ်ဝက်ခန့်မျှထိ နစ်မြုပ် ဝင်နေသော လက်နက်ပုန်းများမှာ ထူးထူးခြားခြားတော့မဟုတ်။

ကင်းမြီးကောက်တံဆိပ် ခပ်နှိပ်ထားသော ကြေးပြား လေးများသာ ဖြစ်နေသည်။



'လက်စသတ်တော့ လူဆောင်ထားတဲ့ ကြေးပြားလေး တွေနဲ့ ပစ်ခတ်သွားတာကိုး'

ကြာဖြူကန်ဘွားဘွားစီက အုံဩသံဖြင့် မှတ်ချက်ချရင်း နစ်ဝင်နေသော ကြေးပြားလေး တစ်ပြားကို အတွင်းအား သုံး၍ ထုတ်ယူလိုက်သည်။

ပြီးမှ မိုးကြိုးလက်သီး လိန်ရှုဝမ်ကိုကြည့်၍....
'မင်းပေါင်မှာ ဒဏ်ရာရသားသလား'

'ဟုတ်ကဲ့၊ အဆိပ်လက်သည်းနဲ့ အကုတ်ခံထားရတာပါ'

'ဘာမှ မစိုးရိမ်နဲ့၊ ငါ့မှာ အဆိပ်ဖြေဆေး ကောင်း ကောင်း ရှိတယ်၊ ခုလောလောဆယ်တော့ အဆိပ်တွေ တစ် ကိုယ်လုံးကို ပျံ့နှံ့မသွားအောင် ပင်မသွေးကြောကြီးတွေကို ငါ ထိုးပိတ်ပေးထားမယ်'

ပြောပြောဆိုဆိုဖြင့် ကြာဖြူကန် ဘွားဘွားစီက လိန်ရှု ဝမ်၏ သွေးကြောတချို့ကို ထိုးပိတ်ပေးလိုက်တော့သည်။

'ကျေးဇူးတင်ပါတယ် ဘွားဘွားစီ၊ ဘွားဘွားစီသာ အချိန်မီ ရောက်မလာခဲ့ရင် ကျုပ် ခုချိန်ထိ အသက်ရှင်နိုင် တော့မှာ မဟုတ်ဘူး'

'ကိစ္စမရှိပါဘူးလေ၊ ဒါက ငါ့အတွက် အပန်းကြီးလှတာ မှ မဟုတ်တာ'

'ဝိဉာဉ်ဝယ်သူက ပါးတော့ တော်တော်ပါးနပ်ပုံရတယ် နော်၊ ဘွားဘွားစီလို လူမျိုးကိုကျတော့ ယှဉ်ပြိုင်ဖို့ စိတ် မကူးဘူး'

လိန်ရှုဝမ်က ပြောလိုက်ရာ ကြာဖြူကန် ဘွားဘွားစီက ပြုံးလိုက်ပြီး....

'လူမိုက်ဆိုတာ လူလိမ္မာထက် ပိုပြီး ပါးနပ်စမြဲပဲ၊ ဒါကို မှတ်ထား၊ ပြောမယ့်သာ ပြောတာပါ၊ သူ့သိုင်းပညာ အဆင့်ကလဲ သေးတော့သေးပုံမရဘူး၊ လက်နက်ပုန်း ပစ်ခတ်တာမှာလဲ တော်တော်လေးကို ပညာသားပါတယ်၊ နောက်ပြီး သူ့အတွင်းအားက ဒီလောက် အခေါက်ထူတဲ့ သစ်ပင် ပင်စည်ထဲကို ကြေးပြားတစ်ဝက်ထိ နစ်ဝင်သွားအောင် ပစ်ဖို့ဆိုတာက တော်ရုံအတွင်းအားလောက်နဲ့တော့ မဖြစ်နိုင်ဘူး၊ ဒါထက် ဝိညာဉ်ဝယ်သူဟာ ဘယ်သူ ဖြစ်နိုင်တယ်လို့ မင်း ထင်မြင်မိသလဲ'

မိုးကြိုးလက်သီး လိန်ရှုဝမ်က သူ့ထင်ကြေးကို ပြောမည်ပြုပြီးမှ တစ်စုံတစ်ခုကို စဉ်းစားမိသွားသဖြင့် အရှိန်ပြန်သတ်လိုက်ကာ....

'အဲဒါတော့ ကျုပ်လဲ ဘယ်လိုမှ မခန့်မှန်းတတ်ဘူး ဖြစ်နေတယ်၊ သူ့အသံကလဲ ပုံမှန်အသံမဟုတ်တော့ ခန့်မှန်းရဖို့ ခက်နေတယ်'

'ဒါတော့ မှန်တယ်၊ သူ့အသံဟာ ပင်ကိုသံကို မမှတ်မိအောင် ဖျက်ထားတဲ့အသံမျိုး၊ ကဲပါလေ....စဉ်းစားမရလဲ စဉ်းစားမနေပါနဲ့တော့၊ အမှန်တရားဆိုတာ တစ်နေ့တော့ ပေါ်ပေါက်လာရမှာပေါ့၊ ကဲ လာ....ငါ့နောက်က လိုက်ခဲ့ပေတော့၊ ဒါထက် မင်း လမ်းလျှောက်နိုင်သေးတယ်မဟုတ်လား'



'ဟုတ်ကဲ့၊ လျှောက်နိုင်ပါတယ်'

တို့နောက်တွင် ဒဏ်ရာရထားသော မိုးကြိုးလက်သီး လိန်ရှုဝမ်မှာ ကြာဖြူကန် ဘွားဘွားစီနောက်မှ ထော့နဲ့ထော့နဲ့ဖြင့် ကပ်ပါသွားလေတော့သည်။

## ( ၈ )

နေရာကား ထင်စန်းဂိုဏ်း၏ ဌာနချုပ်အတွင်းတွင် ဖြစ်သည်။

အထူးစည်းဝေးခန်းလေးထဲတွင် လူသုံးဦး အရေးတကြီးတိုင်ပင်ဆွေးနွေးလျက်ရှိနေကြသည်။

ထိုသူသုံးဦးကတော့ ထင်စန်းဂိုဏ်းချုပ်ဟန်ပေ့ချောင်၊ ကြယ်စိမ်းဂိုဏ်းမှ လက်ထောက်ဂိုဏ်းချုပ် ပေါင်းထင်နှင့် စူတန်းဂိုဏ်းမှ ဂိုဏ်းခွဲမှူး ဝမ်ချူးစိန်တို့ပင် ဖြစ်ကြသည်။

စူတန်းဂိုဏ်းခွဲမှူး ဝမ်ချူးစိန်မှာ သုံးယောက်ထဲတွင် အသက်အရွယ် အကြီးဆုံးဖြစ်ကာ နူတ်ခမ်းမွေးကားကားနှင့်

ခန့်ညားသော ဥပဓိရုပ်မျိုးရှိသည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်။

ထင်စန်းဂိုဏ်းချုပ် ဟန်ပေ့ချောင်မှာမူ ဂိုဏ်းချုပ် တစ်ယောက်ပင် ဖြစ်နေလင့်ကစား အားလုံးထဲတွင် အသက်အငယ်ဆုံးဖြစ်သည်။

အရပ်က ပုပြတ်ပြတ်နှင့် ဖြူးချိုသော မျက်နှာမျိုးရှိသူတစ်ယောက် ဖြစ်သည်။

ကြယ်စိမ်းလက်ထောက်ဂိုဏ်းချုပ် ပေါင်းထင်မှာမူ ရှည်လျားသော အရပ်အမောင်းကိုပိုင်ဆိုင်ကာ အသံကျယ်ကျယ်ဖြင့် အားရပါးရ စကားပြောဆိုလေ့ရှိသူဖြစ်သည်။

သို့သော် ခုအခါမှာတော့ အားရပါးရ စကားပြောဆိုနိုင်ခြင်းမရှိဘဲ အပေါက်ဝဘက်သို့သာ မကြာမကြာ လှမ်းလှမ်း ကြည့်၍နေလေသည်။

ထိုနည်းတူပင် ကျန် နှစ်ယောက်မှာလည်း စကားကို အဖြစ်လောက် ပြောကာ စိတ်ဂနာမငြိမ် ဖြစ်နေဟန်ဖြင့် အပေါက်ဝဆီသို့ မကြာခဏ မျက်စိရောက်ရောက်သွားကြသည်။

နောက်တော့ ထင်စန်းဂိုဏ်းချုပ် ဟန်ပေ့ချောင်က အားမလိုအားမရဖြစ်လာသော မျက်နှာထားဖြင့် ...

'ကျုပ်တို့မိတ်ဆွေကြီး ချင်ပိုတစ်ယောက်တော့ ရောက်မလာတော့ဘူးနဲ့ တူပါတယ်ဗျာ'

ညည်းတွားလိုက်သည်တွင် ဝူတန်းဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်က....



'ဒီလိုတော့လဲ မဟုတ်သေးပါဘူးဗျာ၊ သူရောက်လာမယ်လို့ ကျုပ်ကို အခိုင်အမာ ကတိပေးလိုက်တာပဲဟာ'

'ဒါဖြင့် ခုချိန်ထိ ဘာလို့ရောက်မလာရသေးတာလဲ'

'ဒါကတော့ လမ်းခရီးမှာ အကြောင်းတစ်ခုခုကြောင့် ကြန့်ကြာနေတာ ဖြစ်ချင်ဖြစ်မှာပေါ့'

'ဂိုဏ်းခွဲမှူးကြီးပြောတာ သိပ်မှန်တာပေါ့ဗျာ၊ ကျုပ်ကို ကတိပေးပြီးရင် မပျက်အောင် အသက်နဲ့လဲပြီး ထိန်းတဲ့သူပါဗျ'

ဝမ်ချူးစိန်၏ စကားအဆုံးမှာပင် ရုတ်တရက် စကားသံထွက်ပေါ်လာပြီး အပေါက်ဝမှလူတစ်ယောက် လှမ်းဝင်လို့လာလေသည်။

ထိုသူမှာ အနီရောင်ဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားသော အသက်လေးဆယ် ဝန်းကျင်ရှိ လူတစ်ယောက်ဖြစ်သည်။

မနိမ့်မမြင့် အရပ်အမောင်းနှင့် လိုက်ဖက်ညီစွာပင် ကိုယ်ဟန်က ကျစ်ကျစ်လျစ်လျစ်ရှိသည်။

ပြီးတော့ ခန့်ညားချောမောသော ဥပဓိရုပ်မျိုးလည်းရှိသည်။

ထိုသူကတော့ တခြားမဟုတ်။

သိုင်းလောကတွင် တစ်ကိုယ်တော် သိုင်းသမားအဖြစ် ထင်ရှားသော ရွှေလှံပျံ ချင်ပိုပင် ဖြစ်လေသည်။

'ခင်ဗျားဗျာ နောက်ကျလိုက်တာ၊ ကျုပ်တို့က မလာတော့ဘူးတောင်ထင်နေတာ'

ထင်စန်းဂိုဏ်းချုပ် ဟန်ပေ့ချောင်က စိတ်သက်သာရာရသွားသော မျက်နှာဖြင့် ဆီးပြောလိုက်ရာ ရွှေလှံပျံဂိုဏ်းသား ချင်ပိုက ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်ရင်းမှ....

'ကွက်တိရောက်မလာဆို လာရတဲ့ခရီးက ဝေးတာကို ဗျ၊ ဘာပဲဖြစ်ဖြစ် ခု ကျုပ်ရောက်လာပြီမဟုတ်လား၊ ကဲ....အချိန်မဖြုန်းတဲ့ ကျုပ်တို့ ဆွေးနွေးပွဲကို စလိုက်ကြရအောင်'

တည်တည်ငြိမ်ငြိမ်လေးပြောလိုက်လေသည်။သည်တော့မှ ဝူတန်း ဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်က....

'စဆိုလဲ စလိုက်ကြတာပေါ့ဗျာ၊ ကိစ္စကတော့ ခင်ဗျားလဲသိပြီးဖြစ်တဲ့ ဝိညာဉ်ဝယ်သူဆိုတဲ့ သိုင်းသမားကိစ္စပါပဲ'

'အင်း....ဆိုစမ်းပါဦး'

'ဝိညာဉ်ဝယ်သူရဲ့လက်ချက်နဲ့ အဖြူရောင်ထိပ်သီး သိုင်းပညာရှင်တွေ ကျဆုံးနေတာကို ကျုပ်တို့ဒီအတိုင်း လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး'

ဝမ်ချူးစိန်ကပြောပြီး တစ်ယောက်ချင်းစီ၏ မျက်နှာများကို လိုက်ကြည့်သည်။

အားလုံးက စိတ်ဝင်တစား နားထောင်နေသည်ကို မြင်ရတော့မှ....

'ဒီတော့ ဝိညာဉ်ဝယ်သူကို ကျုပ်တို့ ဝိုင်းပြီးနှိမ်နင်းဖို့ လိုလာပြီ'

'နှိမ်နင်းတာကတော့ ဟုတ်ပါပြီ၊ ဒါထက် ဝိညာဉ်ဝယ်သူကို ကျုပ်တို့ ဘယ်မှာလိုက်ရှာကြမှာတုံး၊ တစ်မြို့တစ်ရွာမှာတင် အတည်တကျ နေတဲ့သူ မဟုတ်ဘူး၊သူပေါ်ချင်တဲ့



အချိန်မှာပေါ်ချင်တဲ့နေရာက ပေါ်လာတတ်တာ၊ခင်ဗျားတို့လဲ အသိပဲ မဟုတ်လား'

ကြယ်စိမ်းဂိုဏ်းမှ လက်ထောက်ဂိုဏ်းချုပ် ပေါင်းထင်က ထုံးစံအတိုင်း အသံကျယ်ကျယ်ဖြင့် ဝင်ပြောလိုက်သည်။

သူ့စကားကလည်း မှားသည်ဟုတော့ မဆိုသာချေ။ ဝိညာဉ် ဝယ်သူမှာ နေရာအတည်တကျ နေထိုင်သူ တစ်ယောက် မဟုတ်ချေ။

တရုတ်ပြည်တောင်ပိုင်း နေရာအနှံ့ လှည့်လည်သွားလာနေသူတစ်ယောက်ဖြစ်ပြီး မထင်မှတ်သော အချိန်တွင် ပေါ်လာလေ့ရှိသည်။

သူမ၏ ပဋ္ဌမမြောက် သတ်ဖြတ်မှုမှာ ကြာဖြူကန်ဘွားဘွားစီကြောင့် မအောင်မမြင် ဖြစ်ခဲ့ပြီးနောက်တွင် ဝိညာဉ်ဝယ်သူမှာ ပြန်၍ပျောက်ချက်သား ကောင်းနေပြန်၏။

'ခင်ဗျား ပြောတာလဲ မှားတော့မမှားပါဘူး၊ ဒါပေမယ့် ဒီလိုစုံစမ်းရ ခက်တယ်ဆိုပြီး လွှတ်ပေးထားလို့ မဖြစ်ဘူးဗျ၊ အဲဒီလိုဆိုရင် ကျုပ်တို့အဖြူရောင် သိုင်းပညာရှင်တွေ တဖြည်းဖြည်းနဲ့ လုံးပါးပါးကုန်လိမ့်မယ်'

ရွှေလှံပျံ သိုင်းသမား ချင်ပိုက လေးနက်သောလေသံဖြင့် ဝင်ပြောလိုက်သည်။

ပြီးလျှင် ဆက်၍....

'ဒါကြောင့် ဝိညာဉ်ဝယ်သူကို လိုက်ခြေရာခံဖို့အတွက် တာဝန်ကို ကျုပ်ယူလိုက်မယ်ဗျာ၊ ဘယ့်နှယ်လဲ၊ ခင်ဗျားတို့ သဘောတူတယ် မဟုတ်လား'

ခပ်ပြတ်ပြတ် ပြောချလိုက်ရာ ကျန်သုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

ထို့နောက် ထင်စန်းဂိုဏ်းချုပ်ဟန်ပေ့ချောင်ကစ၍ ...

'ဒီကိစ္စကို ကျုပ်တို့အနေနဲ့ ဘာမှ ကန့်ကွက် စရာအကြောင်း မရှိပါဘူး၊ သိုင်းလောကကြီး တစ်ခုလုံးရဲ့ ကောင်းကျိုးအတွက် ဆောင်ရွက်မှာပဲဥစ္စာ'

'ဟုတ်ကယ်ဗျ... မိတ်ဆွေကြီး ချင်ပို၊ ကျုပ်တို့ ကတော့ ဒီတာဝန်ကို ယူချင်တောင် ယူဖို့က မလွယ်လှဘူး၊ ဘာလို့လဲ ဆိုတော့ ကျုပ်တို့မှာ ဂိုဏ်းရဲ့ တာဝန် ဝတ္တရားတွေက ရှိနေသေးတယ် မဟုတ်လား၊ ခင်ဗျားကတော့ တစ်ကိုယ်တော် သိုင်းသမားဆိုတော့ ဘာတာဝန်မရှိဘူး၊ ဒီတော့ လွတ်လွတ်လပ်လပ်ကို လှုပ်ရှားသွားလာနိုင်တာပေါ့ဗျာ'

ကြယ်စိမ်းလက်ထောက်ဂိုဏ်းချုပ် ပေါင်ထင်ကသဘောတူသလို ပြောလိုက်သည်။

ထိုအခါ ဝူတန်းဂိုဏ်း ခွဲမှူးကြီး ဝမ်ချူးစိန်ကလည်း မနေသာတော့ဘဲ....

'သူတို့ပြောတာ မှန်ပါတယ်၊ ခင်ဗျားဒီတာဝန်ကိုယူတာ မှန်ပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားတစ်ယောက်တစ်ခု ဖြစ်သွားမှာကိုတော့ ကျုပ်တို့ စိုးရိမ်မိတယ်ဗျ'

ရတက်မအေးဟန်ဖြင့် ဝင်ပြောလိုက်ရာ ရွှေလှံပျံသိုင်းသမားချင်ပိုက ခပ်မိန့်မိန့် ပြုံးလိုက်ပြီး....



'ဒီအတွက်တော့ မပူပါနဲ့ဗျာ၊ ကျုပ်သတိရှိပါတယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကိုလဲ ကာကွယ်နိုင်ပါတယ်ဗျ ဂိုဏ်းခွဲမှူးကြီးရ'

'ဒီလိုတော့ ခပ်လွယ်လွယ်မပြောနဲ့ မိတ်ဆွေကြီး၊ ကျုပ်က ရန်သူကို အထင်ကြီးစိတ်နဲ့ ပြောတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဝိညာဉ်ဝယ်သူရဲ့ အဆင့်ကသေးမှာမဟုတ်ဘူးနော်၊ သူ့လက်ချက်နဲ့ ကျဆုံးခဲ့တဲ့ သိုင်းပညာရှင်တွေကို ပြန်ကြည့်၊ တကယ့်ထိပ်တန်း သိုင်းပညာရှင်တွေချည်းပဲ၊ ပိုးကြိုးလက်သီး လိဒ်ရှာဒ်ဘောင် ကြာဖြူကန်ဘွား ဘွားစီကြောင့် အသက်ချမ်းသာရာ ရသွားတာ'

'ဒါကို ကျုပ်လဲ စဉ်းစားမိပါတယ်ဗျ၊ ကျုပ်က ရန်သူကို အထင်သေးပြီးပြောတာမဟုတ်ပါဘူး၊ ကျုပ်သတိမပေါ့လျော့တဲ့အကြောင်းကိုသာ ခင်ဗျားတို့သိအောင် ပြောပြတာပါ၊ နောက်ဆုံး သူနဲ့ရင်ဆိုင်တွေ့ပြီး ကျုပ်ကျဆုံးခဲ့ရင်လဲ ဝမ်းနည်းစရာတော့ မရှိပါဘူးလေ၊ သိုင်းလောက ကောင်းကျိုးအတွက် ဆောင်ရွက်ရင်း အသက်စွန့်ရတာမို့ ကျုပ်ကျေနပ်ပါတယ်'

'သိပါတယ်ဗျာ၊ ခင်ဗျားရဲ့ စိတ်ထားဖြူစင်မှု ရဲရင့်မှုတွေကို ကျုပ်တို့က ကောင်းကောင်း သိထားပြီးသားပါ၊ ဒါထက် ခင်ဗျား သူ့ကို ခြေရာခံမယ်ဆိုရင် ဘယ်လိုလုပ်ပြီး ခြေရာခံမှာလဲ ဒါကို ကျုပ်သိချင်သေးတယ်'

ဝူတန်းဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်က သိချင်ဟန်ဖြင့်မေးလိုက်သည်တွင် ရွှေလှံပျံ သိုင်းသမားချင်ပို့က စဉ်းစားဟန်ပြုလိုက်ရင်းမှ....

'ဘယ်လိုလုပ်ပြီး ခြေရာခံမလဲဆိုတဲ့ မေးခွန်းကတော့ဖြေဖို့ခက်တယ်ဗျ၊ ဒီလိုပဲ အခြေအနေအရ လိုက်စုံစမ်းကြည့်မှပဲ ဒါပေမယ့် တစ်ချက်တော့ စဉ်းစားစရာရှိတယ်၊ ဒါကတော့ ဝိညာဉ်ဝယ်သူဟာ တစ်ချိန်က ထင်ရှားခဲ့တဲ့ သွေးသောက်ခုနစ်ဖော်နဲ့ ပတ်သက်နေစရာ အကြောင်း ရှိတယ် ဆိုတဲ့အချက်ပဲ'

'သေဆုံးသွားခဲ့တဲ့ ကလေး သုံးယောက်စလုံးက သွေးသောက်ခုနစ်ဖော်ထဲက ဖြစ်နေတာကိုကြည့်ပြီး ခင်ဗျားက ကောက်ချက်ချတာလား'

'မှန်တယ် ဟန်ပေ့ချောင်၊နောက်ဆုံး တိုက်ခိုက်ခံခဲ့ရတဲ့ မိုးကြိုးလက်သီးလိန်ရှုဝမ်ကလဲ သွေးသောက် ခုနစ်ဖော်ထဲမှာ ပါဝင်ခဲ့ဖူးတဲ့ သိုင်းပညာရှင် တစ်ယောက်ပဲ၊ ဒီတော့ သွေးသောက်ခုနစ်ဖော်ထဲက မသေဘဲကျန်နေသေးတဲ့သူတွေကို စောင့်ကြည့်နေမယ်ဆိုရင် ဝိညာဉ်ဝယ်သူကို ခြေရာခံလို့ရနိုင်လိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်'

'ခင်ဗျားအကြံက ဆိုးတော့မဆိုးပါဘူး၊ ဒါထက် သွေးသောက် ခုနစ်ယောက်ထဲမှာ အသက်ရှင်လျက်ကျန်နေသေးတဲ့သူက ဘယ်နှစ်ယောက် ရှိသေးလို့လဲ'

'အဆိပ်လက်သည်း ကျင်းဟုန်က သေဆုံးသွားခဲ့တာကြာပြီဆိုတော့ ခြောက်ယောက်ပဲ ကျန်တော့တာပေါ့ဗျာ၊



အဲဒီထဲကမှ လေးယောက်သတ်ခံလိုက်ရတော့ နှစ်ယောက်ပဲကျန်တော့တာပေါ့'

ချင်ပို၏စကားအဆုံးတွင် ဝူတန်းဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်က မျက်လုံးများကို မှေးစင်းကာ စဉ်းစားဟန်ပြုလိုက်ပြီးမှ....

'ကျန်တဲ့နှစ်ယောက်က မိုးကြိုးလက်သီး လိန်ရှုဝမ်နဲ့ လျှပ်စီးဓား တိယန်းစင်ပေါ့ ဟုတ်လား'

'အမှန်ပေါ့ဗျာ လောလောဆယ်မှာ လိန်ရှုဝမ်က ကြာဖြူကန်ဘုရားဘွားစီဆီ ရောက်နေတာဆိုတော့ သူ့ထပ်တိုက်ခိုက်ဖို့ စဉ်းစားဦးမှာ မဟုတ်သေးဘူး၊ ဒီတော့ စောင့်ကြည့်ချင်းကြည့်ရင် လျှပ်စီးဓား တိယန်းစင်ကို စောင့်ကြည့်တာကပိုပြီး ဖြစ်နိုင်ချေ ရှိတယ်'

'လျှပ်စီးဓား တိယန်းစင်က ဘယ်မှာနေတာလဲ'

'တာကူမြို့မှာလေ....'

ထို့နောက် သူတို့စကားဝိုင်းက ပြောစရာ စကားများ မရှိတော့သည့်အလား ပြန်လည်တိတ်ဆိတ်သွားလေသည်။

နောက်တော့ မှထင်စန်းဂိုဏ်းချုပ် ဟန်ပေ့ချောင်က....

'ဒါထက် ဝိညာဉ်ဝယ်သူ အသုံးပြုတဲ့ သိုင်းပညာက အဆိပ်လက်သည်း သိုင်း ပညာလို့ ပြောနေကြတာကိုရော ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ'

'ဘာလဲ ဟန်ပေ့ချောင်၊ ခင်ဗျားက တမလွန်က ကျင်းဟုန်ပြန်ရောက်လာတယ်လို့ ဆိုလိုချင်တာလား'

ကြယ်စိမ်းလက်ထောက် ဂိုဏ်းချုပ်ပေါင်းထင်က ရယ်ကျဲကျဲဖြင့် မေးလိုက်သည်။

ဟန်ပေ့ချောင်ကမူ တည်ငြိမ်သော အမူအရာဖြင့်ပင် ...

'ကျုပ်ပြောတာ ရယ်စရာစကား မဟုတ်ဘူး၊ မိတ်ဆွေကြီး ကျင်းဟုန်သေဆုံးသွားခဲ့ပြီဆိုတာကို ကျုပ်တို့ ကြားဖူးတာပဲရှိတယ်၊ အဲ့သူက မျက်စိနဲ့ တတ်အပ်မြင်ခဲ့ရလို့လဲ'

'ဒါဆို အဆိပ်လက်သည်၊ ကျင်းဟုန်က တကယ်သေတာ မဟုတ်ဘဲ အကြောင်း တစ်ခုခုကြောင့် ဇာတ်မြှုပ်ထားပြီး ခုကျမှ ပြန်လိုက်ကလဲ့စားချေတယ်ပေါ့ ဒီလိုလား ဟန်ပေ့ချောင်'

'ကျုပ်က တိတိကျကျကြီး ပြောတာတော့မဟုတ်ပါဘူး ဗျာ၊ ဒါပေမယ့် အဲဒီလိုတွေးကြည့်မယ်ဆိုရင် တွေးလို့ရတယ်ပေါ့ ဒီလောက်ပါ'

ထင်ရှန်းဂိုဏ်းချုပ် ဟန်ပေ့ချောင်က မတင်မကျသာ ပြောလိုက်သည်။

ရွှေလှံပျံ သိုင်းသမား ချင်ပိုမှာထိုထင်ကြေးကို သဘောကျသွားမိသည်။

'ခင်ဗျား ထင်ကြေးကို ကျုပ်လဲသဘောကျတယ် ဟန်ပေ့ချောင်၊ ခုအနေအထားအရ ကျင်းဟုန်လို့ ယူဆစရာ အကြောင်းတွေ ရှိနေတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ဝိညာဉ်ဝယ်သူရဲ့ ဇာတိရုပ်အမှန် ပေါ်ပေါက်လာဖို့က သိပ်မဝေးတော့ပါဘူး'



'ဇာတိရုပ်အမှန် ပေါ်တာထက် ဒီကြားထဲမှာ အဖြူရောင်ထိပ်တန်း သိုင်းပညာရှင်တွေ ထပ် အသတ်မခံရဖို့က အရေးကြီးတယ်'

'ဒီအတွက်တော့ စိတ်ချပါ၊ ကျုပ်အစွမ်းကုန် ကြိုးစားဆောင်ရွက်ပေးပါ့မယ်'

ရွှေလှံပျံ သိုင်းသမား ချင်ပိုက ယုံကြည်မှု အပြည့်အဝရှိသောမျက်နှာမျိုးဖြင့် အခိုင်အမာ ကတိပေးလိုက်သည်။

တကယ်လည်း သူ့ရင်ထဲတွင် အစွမ်းကုန် စုံစမ်းဖော်ထုတ်ဖို့ ဆုံးဖြတ်ပြီး ဖြစ်သည်။

သူ့အပြောနှင့်တည်ကြည်သော မျက်နှာထားကိုကြည့်ပြီး ဟန်ပေ့ချောင်တို့ သုံးယောက်မှာ အဝင်ကျသွားကြဟန်တူသည်။

ကျေနပ်အားရသော မျက်နှာဖြင့် ခေါင်းတညိတ်ညိတ် လုပ်နေကြတော့သည်။

# ( ၉ )

တာကူမြို့....

တာကူမြို့သည် ကန်တုန်နယ်အတွင်းတွင် ရှိသော မြို့ကြီးတစ်မြို့ဖြစ်ပေသည်။

မြို့ကြီးဆိုသော် အမည်နာမနှင့် လိုက်ဖက်ညီစွာပင် လူဦးရေထူထပ်စွာ နေထိုင်ကြသော မြို့တစ်မြို့ဖြစ်သည်။

တရုတ်ပြည်တောင်ပိုင်းသို့ ရေကြောင်းကုန်းကြောင်းဖြင့် ကုန်သွယ်ရောင်းဝယ်ကြရာတွင် တာကူမြို့သည် အချက်အချာကျသော မြို့ဖြစ်သောကြောင့် စီးပွားရေး တိုးတက်ကောင်းမွန်နေခြင်းဟုဆိုက မှားမည်မဟုတ်ချေ။

တာကူမြို့တွင် နေထိုင်ကြသော လူတန်းစားကား စုံလင်လှပေသည်။ မင်းမှုထမ်း စာရေးစာချီများလည်း ရှိသည်။

ကုန်သည် သူဌေးသူကြွယ်များ လည်း ရှိသည်။

သာမန် ရောင်းဝယ်စားသောက်သူများနှင့် လက်လုပ်လက်စားများလည်း ရှိသည်။

သိုင်းပညာရှင်အချို့နှင့် အာမခံ ပို့ဆောင်ရေးလုပ်ကိုင်ကြသူများလည်းရှိသည်။

ထိုမျှ လူတန်းစားပေါင်းစုံ စုဝေးနေထိုင်ကြလင့်ကစား တာကူမြို့သည် ရာဇဝတ်မှု ထူပြောခြင်းတော့ မရှိချေ။

လောင်းကစားဝိုင်းများ အတန်အသင့် ရှိသော်လည်း လောင်းကစားကြသူများမှာ ပြဿနာရှာလေ့ မရှိသဖြင့် ရာဇဝတ်မှု နည်းပါးခြင်း ဖြစ်ပေသည်။

အဆိုပါ တာကူမြို့၏ မြောက်ဘက်ပိုင်းခပ်ကျကျ မြို့စွန်နေရာလောက်တွင် ကျယ်ဝန်းသောခြံကြီးတစ်ခြံ ရှိသည်။

ထိုခြံကြီးထဲတွင်နှစ်ထပ်အိမ်ကြီးတစ်လုံးကိုလည်း ဆောက်လုပ်ထားသည်။

အဆိုပါ နှစ်ထပ်အိမ်ကြီးတွင် နေထိုင်သူကတော့ သမားတော်ကြီးဘဝကို ပြောင်းလဲခံယူထားပြီးသည့် တစ်ချိန်က နာမည်ကြီး သိုင်းပညာရှင် လျှပ်စီးဓား တိယန်းစင် ဖြစ်လေသည်။

တိယန်းစင်မှာ ဇနီးမယားမရှိတော့။

အသက်နှစ်ဆယ်နီးပါးမျှရှိပြီဖြစ်သော သားတစ်ယောက်သာရှိသည်။



ထိုသားအမည်ကား တိရှန်ဖီးဖြစ်ပြီး သိုင်းပညာလုံးဝ မတတ်ချေ။

တိရှန်ဖီးက ဝါသနာမပါသည့်နည်းတူ ဖခင်ဖြစ်သူ တိယန်းစင်ကလည်း သူ့ပညာအမွေပေးဖို့ တစ်ခါမျှစိတ်မကူးခဲ့ချေ။ ဒါကိုပင်တိရှန်ဖီးကလည်း အကြိုက်တွေ့လို့ နေခဲ့သည်။

ဒါမှ သူဝါသနာပါသော စာပေပညာကို စိတ်တိုင်းကျ လေ့လာခွင့်ရမည် မဟုတ်ပါလား။

မည်သို့ပင် ဆိုစေကာမူ တိယန်းစင်မှာဖခင်စိတ်ရှိသူတစ်ယောက်တော့ ဖြစ်သည်။

သို့ဖြစ်၍ သားဖြစ်သူကို သိုင်းပညာမသင်ပေးသော်ငြား တစ်ချိန်၌ အရေးကြုံ၍ သင်ရတော့မည်ဆိုလျှင် ပိုမိုထက်မြက်မှုရှိစေရန် အတွင်းအားဆေးလုံးများကိုမူ မှန်မှန် တိုက်ကျွေးထားခဲ့သည်။

တိရှန်ဖီးဆယ်နှစ်သားခန့်မှ စတင်တိုက်ကျွေးခဲ့ခြင်းဖြစ်ရာ ယခု အသက်နှစ်ဆယ်ပြည့်ပြီးဖြစ်သောကြောင့် အတွင်းအားဆေးလုံး သောက်ခဲ့သည်မှာ ဆယ်နှစ်ခန့်ပင် ရှိခဲ့ပြီဖြစ်သည်။

သို့သော် ထိုအဖြစ်ကို ကာယကံရှင်တိရှန်ဖီးကတော့လုံးဝ မရိပ်မိရှာ။

ထို့အတူပင် တိယန်းစင်ကလည်း ဖွင့်ပြောမပြခဲ့ချေ။

နေထိုင်ကောင်း စားသောက်ကောင်းစေသည့် ဆေးလုံးများဟုသာပြောပြီး တိုက်ကျွေးခဲ့ခြင်းဖြစ်သည့်အတွက် တိရှန်ဖီးမှာလည်း ထိုစကားကို အဟုတ်ထင်မှတ်နေခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ဆယ်နှစ်တိတိအတွင်း အားတိုးဆေးလုံးများကို ပုံမှန်သောက်သုံးခဲ့ရသဖြင့် ယခုဆိုလျှင် တိရှန်ဖိုးမှာ အတွင်းအား အတော်ပင် ပြည့်ဝလို့နေပြီ ဖြစ်သည်။

သို့ရာတွင် တိရှန်ဖိုးကတော့ သူ့ကိုယ်သူ သာမန်လူတစ်ယောက်ဟု ယူဆနေမိသလို အတွင်းအားကိုလည်း ထုတ်သုံးဖို့ အခွင့်အရေး မကြုံကြိုက်သေးဘဲ ရှိနေလေသည်။

ယနေ့၌လည်း တိရှန်ဖိုးက ခါတိုင်းနေ့များ ကဲ့သို့ပင် စာအုပ်တစ်အုပ်ကို ချိုင်းတွင်ညှပ်ကာ အိမ်မှထွက်ဖို့ ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'ဟေ့....သား ဒီကို ခဏလာပါဦးကွ'

ဧည့်ခန်းထဲတွင်ထိုင်၍ ဆေးကျမ်းစာအုပ် ဖတ်နေသော ဖခင်ဖြစ်သူက လှမ်းခေါ်လိုက်သဖြင့် တိရှန်ဖိုး ခြေလှမ်းများ တုံ့သွားသည်။

'ဟုတ်ကဲ့ လာပါပြီ ဖေဖေ'

ထို့နောက် နူတ်မှ ချိုချိုသာသာ ပြန်ဖြေရင်း တိရှန်ဖိုးက ဖခင်ရှေ့တွင် ယို့ယို့လေး ဝင်ထိုင်လိုက်သည်။

လျှပ်စီးမအေး တိယန်းစင်မှာ ရုပ်ရည်ချောမောသည်နှင့် အမျှ ပျော့နွဲ့သော သားဖြစ်သူကို ကြည့်ကာ မပွင့်တပွင့် ပြုံး၍....

'သား ခု ဘယ်ကိုသွားမလို့လဲ'

'ဟို မြို့ဈေးနားက စားသောက်ဆိုင် သွားမလို့ပါ ဖေဖေ'



'ကိစ္စကရော'

'ကိစ္စက ထူးထူးထွေထွေတော့ မရှိပါဘူးဖေဖေ၊ သားသူငယ်ချင်းအချို့နဲ့ ချိန်းထားလို့ပါ'

တိယန်းဇင်က သဘောပေါက်သလို ခေါင်းညိတ်သည်။ ပြီးမှ....

'ဒါယက် သားပုံစံကြည့်ရတာ နည်းနည်း ပျော့စိစိနိုင်သလားလို့'

'ထင်လို့ပါဖေဖေရာ ကျွန်တော်က လူပျော့သလိုလိုရှိပေမယ့် စိတ်က မပျော့ပါဘူး၊ ကျွန်တော်က စာပေပညာရှင်တစ်ယောက်ဖြစ်ချင်တာဆိုတော့ တမင်တကာ ခပ်အေးအေးနေနေတာပါ'

'ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် ဖေဖေကတော့ ယောကျာ်းဆိုရင် ကျားကျားလျားလျား ရှိမှ သဘောကျတယ်'

'ကျားကျားလျားလျားဆိုတာက ကျွဲပေါက်တစ်ကောင်ကို မ,ချီနိုင်တဲ့ ဗလမျိုးကို ဆိုလိုတာလား၊ မဟုတ်သေးပါဘူး ဖေဖေရာ၊ အဲဒီလိုဗလမျိုးက ကုန်ထမ်းစားတဲ့လူတွေအတွက်ပဲလိုအပ်တာပါ၊ ကျွန်တော်က ကုန်ထမ်းစားမယ့်လူလဲမဟုတ်ဘူး၊ သားသတ်ရုံမှာလုပ်မယ့်သူလဲ မဟုတ်ဘူး၊ ဒီတော့ ခုလို ပုံမျိုးရှိတာကိုလဲကြိုက်တယ်၊ စာပေပညာရှင်လုပ်မယ့်လူက လူသတ်သမားရုပ်ပေါက်နေရင် ဘယ်လိုမှကို သဘာဝကျတော့မှာ မဟုတ်ဘူး'

စာပေဝါသနာရှင် တိရှန်ဖ ီး၏ ချေပ စကားများက အကွက်စေ့ကာ ပိုင်နိုင်လွန်းလှသဖြင့် ဖခင်ဖြစ်သူပင်လျှင် မည်သို့ချေပရမည်မှန်း မသိတော့ဘဲ ဖြစ်သွားသည်။

ထို့ကြောင့် လျှပ်စီးမောင် တိယန်းစင်က....

'မင်းကတော့ စာပေဝါသနာရှင်ကိုးကွ၊ ဒီတော့ စကားပြောကောင်းမှာပေါ့၊ မင်းကို ငါ့စကားအရ နိုင်အောင် ပြိုင်မပြောနိုင်တာတော့ အမှန်ပဲ'

'ဒါဆိုလဲ ပြောမနေပါနဲ့တော့ ဖေဖေရာ၊ တော်ကြာ ချိန်းထားတဲ့ဆီကို အချိန်မီရောက်မသွားလို့ သူငယ်ချင်းတွေက မစောင့်နိုင်ဘဲ ထပြန်ကုန်ပါဦးမယ်၊ ကဲ .... နောက်မှ ဖေဖေနဲ့ ကျွန်တော် အေးအေးဆေးဆေး စကားပြောကြသေးတာပေါ့'

တိရှန်ဖ ီးက စကားစကို ခပ်မြန်မြန်ဖြတ်ကာ ထိုင်ရာမှ ထလိုက်သည်။

ပြီးလျှင် ပြောရန်စကားလုံး ရွေးချယ်နေဆဲဖြစ်သည့်ဖခင် ဖြစ်သူကို ကျောခိုင်းကာ တံခါးပေါက်ဆီသို့ လျှောက်လာခဲ့သည်။

သူလုပ်ပုံက အနိုင်နှင့်ပိုင်းသလို ပုံစံမျိုးမို့ သူ့အဖ တိယန်းစင် တစ်ယောက် မချင့်မရဲ ဖြစ်ကျန်ခဲ့သည်မှာ သေချာသည်။

သို့သော် ထိုအတွက်တော့ တိရှန်ဖ ီး စိုးရိမ်စိတ် မဖြစ်မိပါ။

( ၁၀ )

ချိန်းဆိုထားသည့်နေရာသို့ အချိန်မီ ရောက်ရှိလာသော တိရှန်ဖီးမှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ဖြစ်သွားသည်။

အကြောင်းမူ သူ ရောက်ရှိသွားသည့်တိုင် ချိန်းဆိုထားသော သူငယ်ချင်းနှစ်ယောက် ရောက်ရှိမလာကြသေးသော ကြောင့်ပင်ဖြစ်သည်။

'ခွေးကောင်တွေ ချိန်းတုန်းက ချိန်းထားပြီး ဘယ် လျှောက်သွားနေကြတယ် မသိဘူး'

တိရှန်ဖီးက တီးတိုး ရေရွတ်ပြီးနောက် ဆိုင်ထောင့်ရှိ စားပွဲလွတ် တစ်လုံးတွင် ခပ်အေးအေး ဝင်ထိုင်လိုက်လေသည်။

ဆိုင်ထဲတွင် လူကားသိပ်များများစားစား မရှိချေ။ စားပွဲဝိုင်းသုံးလေးဝိုင်းလောက်တွင်သာ စားသောက်သူများ ရှိနေသည်။

ထိုထဲတွင် ကျန်သည့်ဝိုင်းများက ငြိမ်ငြိမ်အေးအေး စားသောက်နေကြသော်လည်း တစ်ဝိုင်းကတော့ ဆူညံစွာအော်ဟစ် ရယ်မောလျက်ရှိနေကြသည်။

သို့သော် ဆိုင်ရှင် လူဝကြီးရော ဆိုင်အလုပ်သမားလေးများပါ ဟန့်တားဖို့မဆိုထားနှင့် ထိုဝိုင်းနားသို့ အကြောင်းမဲ့ ကပ်ပင်မကပ်ဝံ့ကြချေ။

ဒါကလဲ အံ့ဩစရာတော့မဟုတ်။

ထိုဝိုင်းတွင်ထိုင်နေကြသူများထဲ၌ ကျားညီနောင်မှအငယ်ဆုံး ညီဖြစ်သူ ကျားလေးဖန်ကူပါ ရှိနေသည် မဟုတ်ပါလား။

ကျားညီနောင်ဆိုသည်က တာကူမြို့လေးတွင် မသိသူမရှိဟု ဆိုရလောက်အောင် မိုက်ဂုဏ်ဖြင့် ကျော်ကြားနေကြသူများဖြစ်သည်။

ညီအစ်ကိုသုံးဦးရှိသောကြောင့် ကျားညီနောင် ဟူသောနာမည်ကို ခံယူထားကြခြင်းဖြစ်သည်။



သူတို့သုံးယောက်ထံတွင် တပည့်ခံသူများက မနည်းလှသည့်အတွက် ၎င်းတို့မှာ အလိုလိုနေရင်း ခေါင်းဆောင်များဘဝကို ရောက်မှန်းမသိ ရောက်ရှိနေကြသည်။

သာမန်ပြည်သူများက မိုက်ကန်းရက်စက်သော သူတို့အဖွဲ့ကို ကြောက်၍ကာ ခပ်ကင်းကင်းနေကြသည့်နည်းတူ အဖြူရောင် သိုင်းသမားအချို့ကလည်း ပြဿနာမရှုပ်ချင်သဖြင့် မသိကျိုးကျွန် ပြုထားကြသောကြောင့် ကျားညီနောင်၏ ဗိုလ်ကျမှုမှာ တစ်နေ့ထက်တစ်နေ့ ပိုမို၍ လာလေတော့သည်။

ယခုလည်း ဤမြို့ပေါ်တွင် မည်သူ့ကိုမျှ ဂရုစိုက်ဖို့ မလိုဟူသော ပုံစံမျိုးဖြင့် ဆိုင်ထဲတွင် ထင်တိုင်း ကြဲနေကြခြင်းဖြစ်သည်။

ဆိုင်ထဲတွင် ရှိနေသူများမှာ ရိုးရိုးအေးအေး နေသည့်လူများသာဖြစ်သည့်အတွက် အားလုံးက သူတို့ဝိုင်းကို လှည့်၍ပင် မကြည့်ရဲကြချေ။

တိရှန်ဖီးမှာမူ သတ္တိနည်းသူတစ်ယောက်မဟုတ်သော်ငြားသိုင်းပညာ တတ်ကျွမ်းခြင်းမရှိသည့်အပြင် မိမိနှင့်လည်းတိုက်ရိုက် ပတ်သက်ခြင်းမရှိသဖြင့် အများနည်းတူတာသိတာသာပင် နေနေလိုက်သည်။

ခဏနေတော့ သူမှာထားသော ခေါက်ဆွဲကြော်ပန်းကန် ရောက်လာသဖြင့် တူနှစ်ချောင်းကို ကောက်ကိုင်ကာ ခပ်အေးအေးပင် စားသောက်နေတော့သည်။

ထိုအတိုင်းဆိုလျှင်တော့ တိရှိန်ဖိုးနှင့် ကျားလေးဖန်ကူတို့အဖွဲ့ ငြိစရာအကြောင်းမရှိဟာ အမှန်ပင်ဖြစ်သည်။

သို့သော် ဆန်းကြယ်သော ကံကြမ္မာကြောင့် တိရှိန်ဖိုး ပြဿနာ တက်ဖို့ ဖြစ်လာချေပြီ။

အဖြစ်ကား ဆိုင်ထဲသို့ အသက်တစ်ဆယ့်ရှစ်နှင့်အရွယ်ခန့်ရှိ မိန်းမချောလေးတစ်ယောက် ဝင်ရောက်လာခြင်းက အစပင်တည်း။

မိန်းမချောလေးမှာလူလတ်တန်းလွှာတို့ဝတ်လေ့ဝတ်ထရှိသော ခပ်ရိုးရိုး အဝတ်အစားများကိုသာ ဝတ်ဆင်ထားလေသည်။

သို့သော် ထိုသို့ ဝတ်ဆင်ထားသည့်ကြားမှပင် မိန်းမပျိုလေး၏အလှက ထင်ထင်ရှားရှားပေါ်လွင်လျက်ရှိသည်။ ဒါကို ခေါက်ဆွဲကြော် ငုံ့စားနေသော တိရှိန်ဖိုးက ဂရုမပြုမိလိုက်။

သို့ပေမယ့် ကျားလေးဖန်ကူကတော့ သတိပြုမိသွားလေသည်။

ထို့ကြောင့်....

'ဟေ့ ကောင်တွေ ဟိုမှာကြည့်စမ်း၊ ဆိုင်ထဲကိုဝင်လာတဲ့ ကောင်မလေးက တယ်လှပါလားကွ'

ရုတ်တရက်ပြောလိုက်ရာ သူ့တပည့် သုံးယောက်၏ခေါင်းများက ချာခနဲလှည့်ကြည့်သွားကြသည်။ ထို့နောက် မိန်းမလှလေးကို မြင်သွားကြသည်တွင်....



'ဟာ....ဟုတ်တယ် ဆရာဖန်ကူ၊ ချောတာတော့ တော်တော်ကြီးကို ချောတာပဲဗျ'

'အသားကလဲ ဝင်းနေတာပဲ'

'ကိုယ်သုံးလေးကလဲ ပြောစရာမရှိဘူး'

တစ်ယောက် တစ်ပေါက်ဖြင့် မှတ်ချက် ချလိုက်ကြလေသည်။

ပြီးလျှင် လေးယောက်လုံး မိန်းမချောလေးကို မျက်တောင် မခတ် စိုက်ကြည့်နေကြရင်းမှ ကျားလေးဖန်ကူက....

'ဒီမိန်းကလေးကို ငါ အစက မတွေ့ဖူးပါဘူး၊ ဒီမြို့ကမှ ဟုတ်ရဲ့လား မသိဘူး'

'ဟုတ်တယ် ဆရာ၊ ကျွန်တော်လဲ ဒီမြို့မှာ ဒီမျက်နှာမျိုး တစ်ခါမှ မမြင်ဖူးသေးဘူး'

'ဒါကတော့ ငါတို့နဲ့ မကြုံကြိုက်သေးလို့ ဖြစ်မှာပေါ့ကွာ၊ ငါကတော့ ဒီမြို့ကပဲဖြစ်လိမ့်မယ်လို့ ထင်တာပဲ'

'တာပဲဖြစ်ဖြစ် ဒါအဓိက မကျပါဘူးကွာ၊ အရေးကြီးတာက ကြုံကြိုက်တုန်း လက်တည့်စမ်းဖို့ပဲ'

ကျားလေးဖန်ကူက ပြောရင်း ထိုင်ရာမှ ဖျတ်ခနဲ ထရပ်လိုက်သည်။

ထို့နောက် ဆိုင်ရှင်လူဝကြီးနှင့် စကားရပ်ပြောနေသော မိန်းမလှရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားလိုက်သည်။

ဆိုင်ရှင်လူဝကြီးမှာ ကျားလေးဖန်ကူကို တွေ့လိုက်ရသည်နှင့် သိသိသာသာ မျက်နှာပျက်သွားသည်။

သို့သော် ချက်ချင်းပင် မျက်နှာထားကို ပြန်ပြင်၍....

'ဆရာ ဘာအလိုရှိလို့ပါလဲ ခင်ဗျာ'

မျက်နှာချိုသွေးရင်း ဆီးမေးလိုက်သည်။

ကျားလေးဖန်ကူက ဆိုင်ရှင်ကြီးကို ခပ်တည်တည် ကြည့်လိုက်ကာ....

'ကျုပ်က သူနဲ့ စကားပြောမလို့ လာတာဗျ၊ ဒါထက် ညီမလေးက ဘာဝယ်လာတာလဲ'

'ခေါက်ဆွဲကြော် လာဝယ်တာပါ'

ဆိုင်ရှင်ကြီးက ဘုမသိဘမသိဖြင့် ဝင်ဖြေလိုက်ရာ ဖန်ကူ၏ မျက်နှာက တင်းခနဲဖြစ်သွားပြီး....

'ခင်ဗျားနဲ့ ကျုပ် စကားပြောနေတာ မဟုတ်ဘူး၊ ခင်ဗျားပါးစပ်ကို ပိတ်ထားရင် ကောင်းလိမ့်မယ်'

အသံကျယ်ကျယ်ဖြင့် ဟောက်လိုက်သည်။

သည်တော့မှ ဆိုင်ရှင်လူဝကြီးက ပါးစပ် ပိတ်သွားကာ မျက်နှာသေလေးဖြင့်သာ ရှိနေတော့သည်။

'ဒါထက် မင်းနာမည် ဘယ်လိုခေါ်သလဲ'

မိန်းမလှလေးက ဖန်ကူကို တစ်ချက်ပြန်ကြည့်သည်။

ဘာမျှတော့ ပြန်မဖြေ။

'မင်းက ဒီတာကူမြို့ကပဲလား၊ မင်းက အရင်ကတစ်ခါမှ မမြင်ဖူးပါဘူး'

ဇွဲကောင်းသော ကျားလေးဖန်ကူက အားမလျှော့သေးဘဲ ထပ်မေးလိုက်ပြန်သည်။



သို့သော် မိန်းမလှလေးကား သူမကို မပြောသည့်နှယ် ခပ်အေးအေးပင် ရှိနေလေသည်။

ဤမိန်းကလေးမှာ ရုပ်ရည်လှပသလောက် ခေါင်းမာသော မိန်းကလေးတစ်ယောက်ဖြစ်မည်ဟု ကျားလေးဖန်ကူ သဘောပေါက်သွားသည်။

ခေါင်းမာသည့် မိန်းကလေးများကို မည်သို့မည်ပုံ ကိုင်တွယ်ရမည် ဆိုသည်ကိုလည်း ကျားလေးဖန်ကူ ကျွမ်းကျင်ပြီး ဖြစ်သည်။

ထို့ကြောင့် ကျားလေးဖန်ကူက သူ့နားသို့ ရောက်လာသော တပည့်သုံးဦးကို ပြုံးစိစိဖြင့်လှည့်ကြည့်လိုက်ပြီး....

'သနားစရာကောင်းတဲ့ မိန်းကလေး တစ်ယောက် ပါပဲကွာ၊ ရုပ်ရည်လေးက လှတပတရှိလျက်နဲ့ စကားမပြောတတ်ရှာဘူးကွ'

'ဟင်....ဟုတ်လား၊ သူက အ,နေတာလား'

'ကျွတ်....ကျွတ်....သနားစရာပဲနော်'

ဆရာကောင်းတပည့် ပီသသော လူမိုက် သုံးယောက်ကလည်း အတိုင်အဖောက်ညီညီဖြင့် မိန်းမပျိုလေး မခံချင်ဖြစ်အောင် တမင်ဘကာ လှောင်ပြောင်လိုက်သည်။

သို့ရာတွင် မိန်းမလှလေးက သူတို့ကို မတူမတန်ဟု သဘောထားလေသလား မသိ။

ချေပပြောဆိုဖို့ မကြိုးစားဘဲ ဆိုင်ထဲမှ ပြန်လှည့်ထွက်သွားဖို့ ပြင်လိုက်သည်။

ထိုအခါ ကျားလေးဖန်ကူက မိန်းမလှလေး၏ ရှေ့မှ ဖျတ်ခနဲ ပိတ်ရပ်လိုက်ကာ....

'အို....ဒီလို ချက်ချင်းလာပြီး ချက်ချင်းပြန်လို့ ဘယ်ရပါ့မလဲ ညီမလေးရဲ့၊ အစ်ကိုတို့ဝိုင်းမှာ လိုက်ပြီး စကားလေး ဘာလေး ပြောပါဦးလား'

ချွဲချွဲနွဲ့နွဲ့လေသံဖြင့် ပြောဆိုလိုက်ရာ မိန်းမလှလေးက မျက်နှာလှလှလေးကို မသိမသာ မဲ့လိုက်ရင်းမှ....

'ဝမ်းနည်းပါတယ်ရှင်၊ အမူး မားတွေနဲ့ ကျွန်မစကား ပြောချင်တဲ့ဆန္ဒ မရှိပါဘူး'

ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။

ထိုစကားမှာ သူတို့ကို တည့်တည့်ပြောသောစကား ဖြစ်သော်ငြား ကျားလေးဖန်ကူက အလေးမထားဟန်ဖြင့် အသံထွက်အောင် ရယ်မောလိုက်ပြီး....

'အမူးသမားတွေနဲ့ စကားမပြောချင်ဘူး ဟုတ်လား၊ ဖြစ်မှဖြစ်ရလေကွာ၊ အမူးသမားတွေ ဘယ်လောက် ချစ်ဖို့ကောင်းတယ်ဆိုတာကို မင်းမသိသေးလို့ ဒီလိုစကားမျိုးကို ပြောတာနေမှာ၊ ကဲပါလေ...မင်း အသာတကြည်မလိုက်ဘူးဆိုရင်လဲ ငါကတော့ ဆွဲခေါ်ရမှာပဲ'

ပြောပြောဆိုဆိုဖြင့် ကျားလေးဖန်ကူက မိန်းမပျိုလေး၏ လက်ကလေးကို ဖမ်းကိုင်လိုက်သည်။

'ပင်.... ရှင်.... ရှင် လွှတ်နော်၊ ရှင်တို့ ဒီလိုမယုတ်မာနဲ့'

'ဟား....ဟား....ဟား'



မိန်းမပျိုလေးက သူ့လက်ကို ဆွဲရုန်းရင်း နှုတ်မှလည်း တတွတ်တွတ် အော်ဟစ်နေသည်။

ကျားလေးဖန်ကူ၏ တပည့်သုံးဦးမှာမူ ဆရာဖြစ်သူ၏ လုပ်ရပ်ကို သဘောကျဟန်ဖြင့် ဝိုင်းဝန်းရယ်မော၍ နေကြလေသည်။

ထိုအခိုက်မှာပင် ကြည်လင်ပြတ်သားသော စကားသံ တစ်သံက ရုတ်တရက် ပေါ်ထွက်လာသည်။

'ဟေ့ လူတွေ ခင်ဗျားတို့ လူတွေမှ ဟုတ်ရဲ့လား'

'ဟင်....'

သူတို့ကို ဟန့်တားမည့်သူမရှိနိုင်ဟု အပိုင်တွက်ထားသော ကျားလေးဖန်ကူတို့လူစုမှာ မမျှော်လင့်ဘဲ ဟန့်တားမည့်သူ ပေါ်လာသဖြင့် အံ့ဩတကြီး ဖြစ်သွားကြသည်။

ထို့နောက် အသံရှင်ကို လှမ်းကြည့်လိုက်ရာ တိရှန်ဖီးဖြစ်နေမှန်း သိလိုက်ရသည်။

'အံမယ်....ငါက ဘယ်သူများ ဝင်ရှုပ်တာ လဲ မှတ်ကယ်၊ လက်စသတ်တော့ စာပေပညာရှင်ကြီး ဖြစ်နေတာကိုး၊ ဘာလဲ၊ မင်းက စာအုပ်တွေဖတ် စိတ်ကူးတွေယဉ်ပြီး သူရဲကောင်း ဝင်လုပ်ကြည့်တာလား'

သရော်တော်တော် လှမ်းပြောလိုက်လေသည်။

ကျားညီနောင်မှာ တာကူမြို့တွင် နေထိုင်သူများဖြစ်၍ တိရှန်ဖီးကို ကောင်းစွာ သိထားပြီးဖြစ်သည်။

တိရှန်ဖီး၏ဖခင် လျှပ်စီးဓား တိယန်းစင်ကို လန့်သော်လည်း တိရှန်ဖီးကိုတော့ ဂရုမစိုက်လှချေ။

သိုင်းပညာ လုံးဝမတတ်သော စာရှူးပေရှူးတစ်ယောက် ဟုသာ သတ်မှတ်ထားကြလေသည်။

ထို့ကြောင့် ကျားလေးဖန်ကူက လှမ်း၍လှောင်ပြော လိုက်ခြင်း ဖြစ်ပေသည်။

တိရှန်ဖိးမှာလည်း အမြင်မတော်၍သာ ဝင် ဟန့် တား လိုက်ခြင်း ဖြစ်သည်။

ကျားလေးဖန်ကူ တိုက်ခိုက်လာလျှင် မလွယ်ဟုတွက်ဆား ပြီး ဖြစ်၏။

သို့သော် ခုအချိန်ကျမှ နောက်ဆုတ်၍ မဖြစ်တော့ပြီမို့ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်လိုက်ကာ....

'ကျုပ်က စိတ်ကူးယဉ်ပြီး သူ့ရဲ့ကောင်း ဝင်လုပ်တာ မဟုတ်ဘူး၊ ခင်ဗျားတို့ လုပ်ရပ်တွေက လွန်းလွန်းလို့ ဝင်ပြော မိတာပါ၊ မိန်းကလေးတစ်ယောက်ကို ဒီလို အနှောင့်အယှက် မပေးသင့်ပါဘူးဗျာ၊ သူ့ကို လွှတ်ပေးလိုက်ပါ'

ခပ်တည်တည်ဖြင့် ပြောလိုက်သည်။

ကျားလေးဖန်ကူက သဘောကျသလို ပြုံးလိုက်ပြီး မိန်း မလှလေး၏လက်ကို လွှတ်ပေးလိုက်သည်။

ပြီးနောက် တိရှန်ဖိးကို စေ့စေ့ကြည့်၍....

'မင်းက မင်းအဖေအားကိုးနဲ့ လေသံမာနေတာလား တိရှန်ဖိး၊ ဒါဆိုရင်တော့ မင်း နောင်တ ရသွားလိမ့်မယ် ငါတို့က မင်းအဖေ တိယန်းစင်ကို သိပ်ဂရုစိုက်တာ မဟုတ် ဘူး၊ နောက်ပြီး မင်း သိုင်းပညာမတတ်ဘူး ဆိုတာကို ငါတို့က သိထားပြီးသား'



ပြောချလိုက်ရာ တိရှန်ဖိးမှာ ဘာဆက်ပြောရမည်မှန်း မသိဘဲ ဖြစ်သွားသည်။

နောက်တော့မှ တိရှန်ဖိးက မှင်သေသေဖြင့်....

'ခုကိစ္စက ကျုပ်ဆန္ဒနဲ့ ကျုပ်ဝင်တားတာ၊ ကျုပ်အဖေ ကို အားကိုးပြီး တားတာ မဟုတ်ဘူး၊ နောက်ပြီး ကျုပ် သိုင်းပညာမတတ်ဘူးဆိုတာကလဲ မှန်တယ်၊ ဒါပေမယ့် ဒီ အတွက် ခင်ဗျားတို့ကို ကြောက်စရာတော့ အကြောင်းလုံးဝ မရှိဘူး'

'အလို....မင်းကလဲ သတ္တိကောင်းနေပါလားကွ၊ အင်း လေ၊ ဒီလိုဆိုရင်လဲ ငါတို့ကို မင်း ကြောက်လာအောင် ပညာကောင်းကောင်း ပေးရဦးမှာပေါ့ကွာ'

ကျားလေးဖန်ကူက ပြောပြီး သူ့တပည့် သုံးယောက်ကို မျက်စပစ်ပြလိုက်သည်။

အရိပ်ပြလျှင် အကောင်ထင်သော ဖန်ကူ၏တပည့် လူရမ်း ကား သုံးဦးအနက်မှ ဗလအကြီးဆုံးတပည့်က....

'ဒီကောင့်ကို ကျုပ်တစ်ယောက်တည်းပဲ ဆုံးမလိုက်ပါ့ မယ်ဗျာ၊ ဒါထက် ကြောက်သွားရုံတင်ပဲလား၊ ဒါမှမဟုတ် ကျိုးတဲ့ကန်းတဲ့အဆင့်ထိ ဖြစ်စေချင်သလား'

ခပ်ပိုင်ပိုင်ပြန်မေးလိုက်ရာ လျှပ်စီးဓားတိယန်းစင်နှင့် ရင် မဆိုင်လိုသော ကျားလေးဖန်ကူက....

'သိပ် ကျိုးကန်း သွားအောင်တော့ မလုပ်ပါနဲ့ကွာ၊ ကြောက်သွားရုံလောက်ဆို တော်ပါပြီ'

အမိန့်ပေးလိုက်သည်။

ထိုအခါ ဗလကြီးကြီးနှင့် လူရမ်းကားက စိတ်ချဆိုသော မျက်နှာပေးမျိုးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ပြီးသည်နှင့် တိရှန်ဖ^ီးရှိရာသို့ လှမ်းတက်သွားကာ မပြော မဆိုဖြင့် မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်တော့သည်။

'ကိုင်းကွာ'

'ဝုံး....'

အုန်းသီးအလတ်စားခန့်အရွယ် ပမာဏရှိသော လက်သီးဆုပ်ကြီးက တိရှန်ဖ^ီး၏မျက်နှာဆီသို့ အရှိန်ဖြင့် တိုးဝင်သွားသည်။

ထိုလက်သီးချက်သာ တည့်တည့် အထိခံလိုက်ရမည် ဆိုလျှင် တိရှန်ဖ^ီး၏မျက်နှာတစ်ခုလုံး ရစရာမရှိအောင် စုတ်ပြတ်သွားမှာ သေချာသည်။

သို့သော် တိရှန်ဖ^ီးမှာ ပါးနပ်သော လူငယ်တစ်ယောက်သာ ဖြစ်သည်။

ဖခင်မှာ သိုင်းပညာရှင် ဖြစ်သောကြောင့် သိုင်းပညာကို စနစ်တကျ တတ်မြောက်မထားသည့်တိုင် အခြေခံ သဘောလောက်ကိုတော့ နားလည်ထားပြီး ဖြစ်သည်။

သို့ဖြစ်၍ ဗလကြီးနှင့် လူရမ်းကား၏ လက်သီးချက် ဝင်လာသည်တွင် မျက်နှာကို နောက်လှန်၍ ရှောင်ပေးလိုက်သည်။

ပြီးနောက် ဘာရယ်မဟုတ်ဘဲ အဟန့်အတား သဘောမျိုးဖြင့် ဗလကြီး၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်သည်။

( ၁၁ )

သည်မှာတင် အုံးဩဖွယ်ဖြစ်ရပ်က ပေါ်လာလေသည်။ အတွင်းအား ပြည့်ဝမှန်းမသိသော တိရှန်ဖ^ီးက စိတ်ကူးပေါက်ပြီး ဆွဲပစ်လိုက်ခြင်းမျှသာ ဖြစ်သည်။

ထိုရာတွင် အတွင်းအားက အမှန်တကယ် ပြည့်ဝနေသဖြင့် ဗလကြီးမှာ ဆိုင်တောင့်သို့ လွင့်ထွက်သွားသည်။

နောက်တော့ ဆိုင်နံရံဖြင့် ရိုက်မိပြီးမှ ကြမ်းပြင်ပေါ်သို့ ကိုးရိုးကားရား ပြုတ်ကျသွားလေတော့သည်။

'ဖုန်း'

'အင့်'
'ဝုန်း'
'အီး'

နံရံဖြင့် ရိုက်မိသောအရှိန်နှင့် ပြုတ်ကျသော အရှိန်တို့ကြောင့် ဗလကြီးမှာ နေရာမှ ချက်ချင်း ပြန်ထမလာနိုင်ဘဲ အောင့်ဟစ်ညည်းတွား၍ နေရှာသည်။

ထိုအဖြစ်ကိုကြည့်ပြီး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားကြသူများကတော့ ကျားလေးဖန်ကူနှင့် သူ့တပည့်လူရမ်းကားနှစ်ဦးပင် ဖြစ်၏။

သူတို့အထင်သေးထားသော ပျော့နွဲ့နွဲ့ တိရှန်ဖီးက သူ့ထက် နှစ်ဆမက ထွားကျိုင်းသန်မာသည့်လူတစ်ယောက်ကို အလွယ်တကူ ကိုင်ပစ်ပြလိုက်သည် မဟုတ်ပါလား။

ထို့အတူ ကာယကံရှင် တိရှန်ဖီးမှာလည်း ကိုင်ပစ်လိုက်ပြီးမှ သူ့အဖြစ်ကို သူမယုံကြည်နိုင်အောင် ဖြစ်သွားသည်။

ထွားကျိုင်းမြင့်မားသော လူရမ်းကားကြီးကို သူ ဘာကြောင့် ကိုင်ပစ်လိုက်နိုင်သလဲ၊ တိရှန်ဖီး ဝေခွဲမရဖြစ်သွားသည်။

'အမယ်....မင်းကတော် ဟုတ်နေပါလား၊ ဒါဆိုလဲ ငါတို့အကြောင်း ပြရသေးတာပေါ့ကွာ'

ကျားလေးဖန်ကူ၏ တပည့်နှစ်ဦးက ဒေါသဖြင့် လှမ်းတက်မည်ပြုရာ ကျားလေးဖန်ကူက ရုတ်တရက် ဟန့်တားလိုက်သည်။



'ဟေ့ကောင်တွေ မင်းတို့အသာနေ၊ ဒီကောင့်ကို ငါကိုယ်တိုင် ဆုံးမလိုက်မယ်'

ထို့နောက် ကျားလေးဖန်ကူက အူကြောင်ကြောင်ဖြင့် ရပ်နေသော တိရှန်ဖီး ရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားသည်။

တိရှန်ဖီးမှာ ကျားလေးဖန်ကူကို သိုင်းပညာရှင် တစ်ယောက်ဟု သိထားပြီးဖြစ်သဖြင့် မပေါ့ဆရဲချေ။

ခြေကိုအသာခွဲ၍တိုက်ခိုက်လာလျှင် ကြို့တင်ရှောင်တိမ်းနိုင်စေရန် အသင့်ပြင်ထားလိုက်သည်။

ထိုစဉ်မှာပင် အနားသို့ရောက်လာသော ကျားလေးဖန်ကူက တိရှန်ဖီး၏ရင်ဝကို လက်ဝါးဖြင့်ရိုက်ချလိုက်သည်။

'ဝုမ်း....'

တိရှန်ဖီးမှာ လက်ဝါးချက်ဝင်လာသည်တွင် နှုန်ဆုတ်တိမ်းရှောင်မည့်ဟန်ပြင်ပြီးမှ စိတ်ကူးတစ်မျိုးရကာ မရှောင်တော့ဘဲ လက်ဝါးချက်ထုတ်၍ ထိပ်တိုက်ခံဆောင်ပေးလိုက်သည်။

'ဝုန်း....'

'အင့်....'

လက်ဝါးချက်ချင်းဆုံမိသည်နှင့် ပြင်းထန်သော ထိခိုက်သံ ပေါ်ထွက်လာသည်။

ပြီးလျှင် ကျားလေးဖန်ကူမှာ နောက်သို့ သုံးလေးလှမ်းစာမျှထိ ဒယီးဒယိုင်ဖြင့် ဆုတ်ခွာသွားသည်ကို တွေ့လိုက်ရသည်။

တိရှန်ဖီးမှာမူ မူလနေရာတွင်သာ ဟန့်မပျက် ရပ်ကျန်
သည်ကို တွေ့ရသည်။

ဒါသည်ပင်လျှင် အတွင်းအားချင်းကွာခြားမှုရှိကြောင်
ထင်ရှားစွာသက်သေပြလိုက်ခြင်းပင် ဖြစ်သည်။

အတွင်းအားချင်းမညီမျှသူတို့ ထိပ်တိုက်တွေ့လျှင် နိမ့်
က ခံရစမြဲ ဖြစ်သည့်အားလျော်စွာ ယခုလည်း ကျားလေ
ဖန်ကူတစ်ယောက် အတွင်းဒဏ်ရာရရှိသွားလေသည်။

ဒါကို ကျားလေးဖန်ကူကလည်းရိပ်မိသည်။ ထို့ကြော
ရင်ထဲမှ စူးအောင့်နာကျင်မှုကိုပြေလျော့သွားစေရန် အသ
ကို ခပ်မှန်မှန်ရှူသွင်းနေမိသည်။

ကျားလေးဖန်ကူမှာ အတွင်းအားအနေဖြင့် တိရှန်ဖီး
သူ မည်သို့မျှ မယှဉ်သာဟု ကောင်းစွာတွက်ဆမိပြီး ဖြ
သည်။

သို့ဖြစ်သော်ငြား လူဆိုးလူမိုက်ပီပီ မခံချင်စိတ်ကလေး
ရှိနေသဖြင့် တိရှန်ဖီးကို ဆက်တိုက်ခိုက်ဖို့ စိတ်ကူးလို
သည်။

ထိုသို့ ဇွတ်တိုးရန်ဆုံးဖြတ်လိုက်ခြင်းမှာ အကြောင်းနှ
ချက် ရှိသည်။

ပထမတာက်ချက်က သူတို့တိုက်ပွဲကို မိန်းမချောလေး
မျက်လုံးအဝိုင်းသားဖြင့် ရပ်ကြည့်လျက် ရှိနေသောကြော
ဖြစ်သည်။



တိရှန်ဖီးကို အနိုင်တိုက်ခိုက်ပြလိုက်လျှင် မိန်းမလှလေး
က သူ့ကို အထင်ကြီးသွားမည်ဟု အထင်ရောက်၍ နေ
လေသည်။

ဒုတိယအချက်မှာမူကား သူ့တပည့်နှစ်ယောက် သူ့ကို
အထင်ကြီးသွားစေရေးပင် ဖြစ်သည်။

တိရှန်ဖီးလို စာပေပညာရှင်ရုပ်ပေါက်နေသော လူရွယ်
တစ်ယောက်ကိုမှ နိုင်အောင်တိုက်ခိုက်မပြနိုင်လျှင် သူ့တပည့်
များက သူ့ကို အထင်သေးသွားပေလိမ့်မည်။

သို့ဖြစ်၍ ကျားလေးဖန်ကူက အသက်ကို ခပ်ပြင်းပြင်း
ရှူသွင်းလိုက်ကာ....

'ခွေးမသား....မင်းကို အသေသတ်ပြမယ်ကွ'

ဝမ်းခေါင်းသံဖြင့် ကြုံးဝါးရင်း တိရှန်ဖီးကို ပြေးဝင်
တိုက်ခိုက်လိုက်ပြန်သည်။

တိရှန်ဖီးမှာ သိုင်းပညာကို စနစ်တကျ သင်ယူထားသူ
မဟုတ်သော်ငြား အရှောင်အတိမ်းလောက်ကို ကျွမ်းကျင်
ပြီး ဖြစ်သည်။

သို့ဖြစ်၍ ကျားလေးဖန်ကူ၏လက်သီးချက် ဝင်လာသည်
တွင် ကိုယ်ကိုညွတ်၍ရှောင်ရင်းမှ ဟာကွက်တစ်ခုသဖွယ်ဖြစ်
နေသော ကျားလေးဖန်ကူ၏ရင်ဝကို လက်သီးဖြင့် အားကုန်
ထိုးချလိုက်တော့သည်။

# ( ၁၂ )

'ဝှီး....'

'ဘုတ်....'

'အွန့်....'

'ဝုန်း....'

ထိုးသာထိုးလိုက်ရသည်။

တိရှန်ဖီးမှာ ထိုမျှလောက်ထိ အခြေအနေ ဆိုးသွားလိမ့်မည်ဟု မျှော်လင့်မထားမိတာ အမှန်ပင်ဖြစ်သည်။

လက်တွေ့တွင်မူ သူ့လက်သီးချက်မိသွားသောကျားလေ
ဖန်ကူမှာ နှစ်လံခန့်ထိ လွင့်စဉ်သွားပြီးမှ စားပွဲခုံပေါ်သို့ပ
ကျသွားသည်။

နောက်တော့ စားပွဲခုံ ထိုင်ခုံများနှင့် ရောထွေးက
ကြမ်းပြင်ပေါ်သို့ ကိုးရိုးကားရား ပစ်ကျသွားတော့သည်

ထို့နောက် အတန်ကြာသည်အထိ လှုပ်ရှားလာခြင်းမ
သဖြင့် ကျားလေးဖန်ကူ၏ တပည့်နှစ်ယောက်က ဆရာလ
သူကို အပြေးအလွှား ပွေ့ထူကြည့်လိုက်ကြသည်။

ထို အခါမှာတော့ နှစ်ယောက်စလုံး အကြီး အကျ
မျက်နှာပျက်ကုန်ကြတော့သည်။

ကျားလေးဖန်ကူမှာ တိရှန်ဖီး၏ လက်ချက်ဖြင့် အသ
ပျောက်သွားခဲ့ပြီ မဟုတ်ပါလား။

'ဟင်....ဆရာဖန်ကူ သေသွားပြီ'

'မင်း....မင်းတော့ မလွယ်ဘူး တိရှန်ဖီး၊ ကဲ....လာ ငါ
ဆရာကြီး ဖန်စင်းကို ပြေးပြီးသတင်းပို့ကြမယ်'

ထို့နောက် ကျားလေးဖန်ကူ၏ တပည့်နှစ်ဦးမှာ ဆိုင်
မှ ကသုတ်ကရက်ပင် ပြေးထွက်သွားကြတော့သည်။

ဆိုင်ထောင့်သို့ ကိုင်ပစ်ခံထားရသော ဗလကြီးမှာလည်
လူးလဲထလာပြီးနောက် သေဆုံးနေသော ဖန်ကူကိုတစ်လှ
တိရှန်ဖီးကိုတစ်လှည့် ကြည့်ကာ မျက်စိမျက်နှာပျက်ဖြင့် ပြ
ထွက်သွားပြန်သည်။

ဆိုင်ထဲတွင် ဆိုင်ရှင်၊ ဆိုင်အလုပ်သမားများ၊ တိရှန်ဖီးနှ
မိန်းမချောလေးတို့သာ ကျန်ရှိပေတော့သည်။



တိရှန်ဖီးမှာ ထိုအဆင့်ထိ ရည်ရွယ် မထားသော်လည်း
အဖြစ်ကပြန်ပြင်၍မရနိုင်တော့ပြီမို့ စိတ်ကိုတုံးတုံးချလိုက်ကာ....

'ခင်ဗျားဆိုင်ထဲမှာ ဖြစ်ပျက်ခဲ့တာမို့ စိတ်မကောင်းပါ
ဘူးဗျာ၊ ဒါပေမယ့် ဘာမှစိတ်မပူပါနဲ့၊ ပျက်စီးသွားတာတွေ
အတွက် ကျုပ်ပြန်ပြီး အလျော်ပေးပါ့မယ်'

ဆိုင်ရှင်ကြီးအား နှစ်သိမ့်စကား ပြောလိုက်သည်။ ထို
အခါ ဆိုင်ရှင်လူဝကြီးက လွန်စွာစိတ်ရှုပ်နေသော မျက်နှာ
မျိုးဖြင့်....

'ပျက်စီးသွားတာကို ကျုပ်က ဂရုမစိုက်ပါဘူးဗျာ၊ သူ့
ညီ ဒီဆိုင်မှာ သေရတယ်ဆိုပြီး အစ်ကိုတွေက လာရန်ရှာမှာ
ကိုပဲ ကြောက်တာပါ'

'ဒါကတော့ ခင်ဗျားနဲ့ မဆိုင်ပါဘူးလေ၊ ကျားလေး
ဖန်ကူကို တိရှန်ဖီး သတ်သွားတယ်လို့သာ ပြောပြလိုက်ပါ၊
ဒါဆို သူတို့ဘက်ကို မြှားဦးလှည့်လာကြပါလိမ့်မယ်'

တိရှန်ဖီးက တည်တည်ငြိမ်ငြိမ် ပြောလိုက်ပြီး ယခုတိုင်
ရပ်နေရှာသေးသော မိန်းမချောလေးဘက်သို့ လှည့်လိုက်
ကာ....

'ခင်ဗျားက ဘာလို့ ခုထိထွက်မသွားသေးတာလဲ၊ ဘာ
လဲ....ဟိုလူတွေ ပြန်လာတဲ့အထိ စောင့်ကြည့်ချင်သေးလို့လား'

စိတ်ပေါက်ပေါက်ဖြင့် ရွဲ့ပြောလိုက်သည်တွင် မိန်းမလှ
လေးက ပျာပျာသလဲဖြင့်....

'မ....မဟုတ်ပါဘူးရှင်၊ ရှင်က ကျွန်မကို စေတနာနဲ့ ဝင်ကူညီတာဆိုတော့ ရှင် တစ်ခုခုဖြစ်သွားမှာစိုးလို့ စိုးရိမ်စိတ်နဲ့ စောင့်ကြည့်နေမိတာပါ'

'ဪ....ဒီလိုလား၊ ဒါဆိုရင်တော့ စေတနာကိုသိတတ်တဲ့ ခင်ဗျားကို ချီးကျူးရမှာပေါ့လေ၊ ကဲ....ခု ကျုပ် ဘာမှ မဖြစ်တာကို မြင်ပြီမဟုတ်လား'

မိန်းမလှလေးက ခေါင်းညိတ်ပြသည်။

'ဒါဆို ကျုပ်တို့ ဒီကနေသွားကြရအောင်၊ ဒါထက် ခင်ဗျား ခေါက်ဆွဲကြော် ဝယ်မလို့ဆို'

'တော်ပါပြီရှင်၊ ခေါက်ဆွဲကြော်လဲ စားချင်စိတ်မရှိတော့ပါဘူး'

စိတ်ပျက်သံဖြင့် ညည်းတွားလိုက်သော မိန်းမလှလေးကို ကြည့်၍ တိရှန်ဖ ီးက ပြုံးရုံသာ ပြုံးလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် ဆိုင်ထဲမှ လှမ်းထွက်လာခဲ့ကြသည်။

မိန်းမလှလေးမှာ အနီးကပ်ကြည့်တော့မှ သူထင်ထားသည်ထက်ပင် ပို၍ လှနေမှန်း တိရှန်ဖ ီး သတိပြုလိုက်မိသည်။

အရပ်အမောင်းအနေဖြင့်လည်း မဆိုး၊ သူ့ နားရွက်နီးပါးမျှလောက်ထိရှိသည်။ ပြီးတော့ ကိုယ်ခန္ဓာအချိုးအစားအနေဖြင့်လည်း အပြစ်ဆိုစရာမရှိအောင် လှပသူလေး ဖြစ်သည်။ အသက်အားဖြင့်တစ်ဆယ့်ခုနစ်နှစ်ခန့်မျှပင်ရှိဦးမည်ဖြစ်၍ လှပခြင်း တွင် နုနယ်ပျိုမြစ်ခြင်းကပါ ထပ်ဆင့် ပေါင်းစပ်၍နေလေသည်။



ယခုအရွယ်ထိတိုင် မိန်းကလေးများကို စိတ်ဝင်စားမှုမရှိခဲ့သော တိရှန်ဖ ီးပင်လျှင် မိန်းမလှလေး၏ မျက်နှာလေးကို ဘေးတိုက် ခိုးကြည့်ရင်းမှ စိတ်လှုပ်ရှား၍ လာမိသည်။

ထိုစဉ် မိန်းမလှလေးက သူ့ဘက်သို့ ဖျတ်ခနဲ စောင်းငဲ့ကြည့်၍....

'ခုလို ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ ဒါထက် ရှင့်နာမည်က....'

'တိရှန်ဖ ီးပါ'

'ဟုတ်ကဲ့....ရှင်နာမည်ကို ကျွန်မ အသေအချာ မှတ်ထားပါ့မယ်၊ အင်း....ခုနဖြစ်ပျက်ခဲ့တဲ့ကိစ္စအတွက် သူ့လူတွေက တော့ အခဲကျေမှာ မဟုတ်ဘူးနော်၊ ရှင့်ကို ရန်ငြိုးဖွဲ့ပြီး ကလဲ့စားပြန်ချေလိမ့်မယ်လို့ ကျွန်မတော့ ထင်နေမိတယ်'

'ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်ပါ့မလဲလေ၊ ဒီလိုပဲ ကြည့်ရင်ဆိုင်ရတော့မှာပေါ့'

တိရှန်ဖ ီးက မိန်းမလှလေးကို စိုးရိမ်စိတ်များနေမည်စိုး၍ ကြည့်ကောင်းအောင် ပြောလိုက်သည်။ ပြီးမှ မိန်းမလှလေး၏ အမည် မမေးရသေးသည်ကို အမှတ်ရသွားကာ....

'ဪ....ဒါထက် ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့နော်၊ တစ်ဆိတ်လောက် ခင်ဗျားနာမည်လေး ပြောပြနိုင်ပါ့မလား'

'ပြောပြနိုင်ပါတယ်ရှင်၊ ကျွန်မနာမည်က ချန်ရှင်းလီပါ'

မိန်းမလှလေးက သွက်သွက်လက်လက်ပင် ပြန်ဖြေသည်။

'နေတာကရော ဒီတာကူမြို့မှာပဲလား'

'မဟုတ်ပါဘူးရှင်၊ ကျွန်မက မြို့ပြင်တောအုပ် အလယ်လောက်မှာရှိတဲ့ ဟန်ချင်းရွာမှာ နေတာပါ'

'ဒါကြောင့် ခင်ဗျားကို အရင်က မမြင်ဘူးတာကိုး၊ ဒါထက် ခင်ဗျားအိမ်ကို ကျုပ် လိုက်ပို့ပေးရမလား'

တိရှန်ဖီးက ထိုသို့ဆိုလိုက်သည်တွင် ချန်ရှင်းလီက ရုတ်ခြည်း မျက်နှာပျက်သွားပြီး....

'ဟို နေ....နေပါစေရှင်၊ ကျွန်မ တစ်ယောက်တည်း ပြန်ရဲပါတယ်၊ လိုက်ပို့ပေးဖို့မလိုပါဘူး'

ကပျာကယာ ပြန်ဖြေလာသည်။ ထို့ကြောင့် တိရှန်ဖီးက....

'ကျုပ်က စေတနာနဲ့ ပြောတာပါ၊ ကျုပ်ကို တလွဲတော့ မထင်စေချင်ဘူး'

'ကျွန်မ နားလည်ပါတယ်ရှင်၊ ဒီအတွက် ရှင့်ကို ကျေးဇူးလဲ တင်မိပါတယ်၊ ဒါပေမယ့် ရှင် လိုက်ပို့ပေးရမယ့် ခရီးက ဝေးပါတယ်ရှင်'

'ဒါကြောင့် ငြင်းဆန်တာဆိုရင်တော့ သိပ်မဟုတ်သေးဘူးဗျ၊ ကျုပ်က ဒီခရီးလောက်တော့ အသာလေးလျှောက်နိုင်ပါတယ်'

'ဟုတ်ကဲ့....ကျွန်မငြင်းဆန်တာက ဒါကြောင့် မဟုတ်ပါဘူး၊ ကျွန်မဖေဖေက ယောကျ်ားလေးတွေနဲ့ ရောတာကို သဘောမကျဘူးလို့ သတိပေးထားလို့ပါ၊ရှင်နဲ့ တွဲလာတာကို မြင်ရင် ဖေဖေ ဒေါသူပုန်ထသွားလိမ့်မယ်'



'စေတနာနဲ့ လိုက်ပို့တာပါလို့ ခင်ဗျားက ရှင်းပြလိုက်ပေါ့'

တိရှန်ဖီးက စောဒက တက်လိုက်သည်တွင် ချန်ရှင်းလီဆိုသော မိန်းမလှလေးက မချိပြုံးလေးပြုံးရင်းမှ....

'ကိုယ့်အဖေ အကြောင်းလဲ ကိုယ်ပြန်မပြောချင်ပါဘူးရှင်၊ ဖေဖေကလူတစ်မျိုး၊ လူများနဲ့ ဆန့်ကျင်ဘက်လျှောက်လုပ်နေရမှုကို ကျေနပ်တတ်တယ်'

'ကောင်းပါပြီဗျာ၊ ဒါဆိုရင်လဲ ကျုပ်လိုက်မပို့တော့ပါဘူး'

'ကျွန်မအပေါ် တော့ စိတ်မကွက်ပါနဲ့နော်'

ချန်ရှင်းလီက မျက်နှာငယ်လေးဖြင့်တောင်းပန်လာသဖြင့် တိရှန်ဖီးက ပြုံးသိုက်ကာ....

'ကျုပ်နားလည်ပါတယ်ဗျာ၊ကဲ....ကျုပ်တို့ ဒီကပဲ လမ်းခွဲကြရအောင်'

'နောက်မှ ထပ်တွေ့ကြသေးတာပေါ့ရှင်'

ချန်ရှင်းလီက အပြုံးနှင့် နှုတ်ဆက်လိုက်သောကြောင့်တိရှန်ဖီး ကျေနပ်သွားသည်။

နောက်တော့ ချန်ရှင်းလီက မြို့လယ်လမ်းမကြီးအတိုင်း ဆက်လျှောက်သွားသည့်နည်းတူ တိရှန်ဖီးကလည်း လမ်းကြားလေးထဲသို့ ချိုးကွေ့ဝင်လာခဲ့သည်။

## ( ၁၃ )

'တောက်....'

နာကြည်း ခံပြင်းစိတ်အပြည့်ဖြင့် တောက်ခေါက်လိုက်သံက အခန်းထဲတွင် ဟိန်းလို့သွားသည်။

တောက်ခေါက်လိုက်သူကတော့ ကျားကြီးဖန်စင်း....

ဖန်စင်းဘေးတွင် ကပ်ထိုင်နေသော ကျားလတ် ဖန်ယဓိ၏မျက်နှာမှာလည်း ဒေါသကြောင့် ညိုမှောင်၍ နေသည်။

အခန်းနံရံနားတွင် စီတန်းရပ်နေသော တပည့်များမှာ ဆရာလုပ်သူ၏ ဒေါသကို သိသဖြင့် တုတ်တုတ်မျှမလှုပ်ရဲအောင်ပင် ရှိနေကြသည်။

ယနေ့ပင် ကျားလေး ဖန်ကူကို မြို့ပြင်သင်္ချိုင်း၌ သူတို့ မြှုပ်နှံသဂြိုဟ်ခဲ့ပြီး ဖြစ်သည်။

သို့သော်သူတို့ရင်ထဲမှာ နာကြည်းမှုများကတော့ မလျော့ပါးသွားဘဲ ပို၍ တိုးပွားလျက်ရှိနေသည်။

သို့ဖြစ်၍လည်း ကျားကြီး ဖန်စင်းကစိတ်မထိန်းနိုင်တော့ဟန်ဖြင့် တောက်ခေါက်လိုက်ခြင်းဖြစ်သည်။

ထို့နောက် ကျားကြီးဖန်စင်းက မျက်နှာသေလေးများဖြင့် စီရပ်နေသော တပည့်များကို တစ်ချက် လှမ်းကြည့်လိုက်ကာ....

'မင်းတို့လဲ နောက်ဆို သတိထားကြ၊ ရန်သူကို အထင်သေးရင် ဖန်ကူလိုပဲ ခံသွားရလိမ့်မယ်၊ တကယ်တော့ လူတစ်ယောက်ရဲ့အစွမ်းကို မျက်မြင်အနေအထားနဲ့ ခန့်မှန်းလို့မရဘူးကွ၊ ငါပြောတာကို နားလည်တယ်မဟုတ်လား'

'ဟုတ်ကဲ့....နားလည်ပါတယ်ဆရာ'

အားလုံး က ပြိုင်တူဖြေကြသည်။သည်တော့မှ ကျားကြီးဖန်စင်းက....

'အေး....ဒါဆို မင်းတို့ သွားလို့ရပြီ၊ အဲ....ဟိုကောင် တိရှန်ဖ°းကိုတော့ မျက်ခြည်မပြတ် စောင့်ကြည့်နေကြနော်၊ အခွင့်အရေးရမယ်ဆိုရင် ငါတို့နှစ်ယောက်ကို အမြန်ဆုံးလာအကြောင်းကြားကြ ကြားလား'

'ကောင်းပါပြီ....ဆရာဖန်စင်း'

'ကဲ....သွားကြတော့'



ထိုသို့ဆိုလိုက်သည်နှင့် ဖန်စင်း၏တပည့်များမှာ လွတ်ပြီကျွတ်ပြီဆိုသော မျက်နှာများဖြင့် အခန်းထဲမှ အလုအယက်ထွက်ခွာသွားကြတော့သည်။

အခန်းထဲတွင် ဆက်နေဦးမည်ဆိုလျှင် ဆရာနှစ်ယောက်၏ဒေါသများက သူတို့ဆီကို မြားဦးလှည့်လာနိုင်သည် မဟုတ်ပါလား။

သို့ဖြစ်၍ သွားခွင့်ပြုလိုက်သည်နှင့် ဆရာလုပ်သူ စိတ်မပြောင်းခင် သူ့ထက်ငါဦးအောင် တိုးထွက်သွားကြခြင်းဖြစ်သည်။

အခန်းထဲတွင် နှစ်ယောက်တည်းကျန်ခဲ့တော့မှ ကျားကြီး ဖန်စင်းက ထိုင်ရာမှထ၍ လက်နှစ်ဖက်နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

ထိုသို့လျှောက်နေခြင်းမှာ အကြောင်းမဲ့တော့ မဟုတ်ချေ။

တိရှန်ဖ°းကို မည်သို့မည်ပုံ လက်တုံ့ပြန်ကလဲ့စားချေရလျှင် ကောင်းမလဲဟု စိတ်ရှည်လက်ရှည် အကြံထုတ်နေခြင်းသာဖြစ်သည်။

ဒါကို သဘောပေါက်ပြီးဖြစ်သော ကျားလတ်ဖန်ယိကလည်း အစ်ကိုဖြစ်သူကို အနှောင့်အယှက်မပေးဘဲ ငြိမ်သက်၍သာ နေနေလိုက်သည်။

တစ်အောင့်လောက်အကြာမှာတော့ ကျားကြီးဖန်စင်းက လျှောက်နေခြင်းကိုရပ်ကာ မူလနေရာတွင် ပြန်ဝင်ထိုင်၏။

ငြိမ်းမှ ကျားလတ်ဖန်ယိကို ဖျတ်ခနဲ ကြည့်ပြီး....

'တိရှန်ဖိုးကိစ္စကို မင်းဘယ်လို စဉ်းစားထားလဲ....ဖန်ယိ'

မေးလိုက်သည်။

ထိုအခါ ကျားလတ် ဖန်ယိက မျက်မှောင်ကြုတ်လိုက်ရင်းမှ....

'ကျွန်တော်ကတော့ အခွင့်ကောင်းကို စောင့်ပြီး အပိုင်တိုက်ချင်တာပဲ၊ သူ့အိမ်ကို ဝင်တိုက်ခိုက်ဖို့ဆိုတာက သူ့အဖေရှိနေတော့ မလွယ်ဘူးဗျ၊ ဒါကို ကိုကြီး ဖန်စင်းလဲ စဉ်းစားမိမှာပါ'

'မင်းပြောတာ မှန်တယ်....ဖန်ယိ၊ ဒီကောင့်ကို ဂရုမစိုက်တာ မှန်ပေမယ့် သူ့အဖေ လျှပ်စီးဓား တိယန်စင်းကိုတော့ ငါတို့ ဂရုမစိုက်လို့မရဘူး၊ ဒီလူကြီးက ခုလောလောဆယ်မှာ သမားတော် ဘဝကို ခံယူထားပေမယ့် တစ်ချိန်က ထိပ်တန်း သိုင်းပညာရှင်တစ်ယောက် ဖြစ်ခဲ့ဖူးတော့ ငါတို့ ဒုက္ခရောက်သွားနိုင်တယ်'

ကျားကြီး ဖန်စင်းကလည်း ဖန်ယိစကားကို မဆိုင်းမတွပင် ထောက်ခံလိုက်သည်။

လျှပ်စီးဓား တိယန်စင်းမှာ ဓားသိုင်းပညာတွင် အံ့ချီးခန်း ထက်မြက်လှသဖြင့် လျှပ်စီးဓားဟူသောဘွဲ့ကို ရရှိထားခြင်း ဖြစ်သည်။

ထိုသို့သော သိုင်းပညာရှင်ကြီး တစ်ယောက်ကို သူတို့ညီအစ်ကို ထိပ်တိုက်ရင်မဆိုင်ဝံ့ကြချေ။



မိုက်မိုက်ကန်းကန်း သွားရင်ဆိုင်လျှင်လည်း သူတို့ပင် ဇာတ်သိမ်းသွားလိမ့်မည်ဟု ကြိုတင် တွက်ဆထားကြပြီးဖြစ်သည်။

သို့ဖြစ်၍ ကျားကြီး ဖန်စင်းက တိရှန်ဖိုးကို လမ်းမှ ချောင်းမြောင်း တိုက်ခိုက်ရန်သာ ဆုံးဖြတ်ချက်ချလိုက်တော့သည်။

'ဒီတော့ ငါတို့ တိရှန်ဖိုး အပြင် ထွက်လာတာကို ချောင်းနေပြီး ပိုင်လောက်မှ ထွက်တိုက်ခိုက်မယ်၊ ဒီကောင် အတွင်းအား ဘယ်လောက်ကောင်းကောင်း ငါတို့ညီအစ်ကို နှစ်ယောက်ပေါင်း တိုက်ရင်တော့ ခံနိုင်မှာ မဟုတ်ပါဘူးကွာ'

'ဒါကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ကျွန်တော်တို့ ဘာစ်ခုတော့ စဉ်းစားဖို့လိုမယ်နော်'

'ဘာကို စဉ်းစားရမှာလဲကွ'

ကျားကြီး ဖန်စင်းက စိတ်မရှည်သလို ပြန်မေးလိုက်ရာ ကျားလတ် ဖန်ယိက လေးနက်သော မျက်နှာမျိုးဖြင့်....

'နောက်ဆုံး ရင်ဆိုင်ရမယ့် ပြဿနာကိုပေါ့'

'မင်းပြောတာကို ငါသိပ်သဘောမပေါက်ဘူး ဖန်ယိ၊ စကားပြောရင် ရှင်းရှင်းပြောစမ်းပါကွာ'

'ဒီလိုလေ ကိုကြီးဖန်စင်းရဲ့၊ ကျွန်တော်တို့က တိရှန်ဖိုးကို လမ်းကထွက်တိုက်ပြီး ရှင်းပစ်လိုက်ပါပြီတဲ့၊ ဒီကိစ္စကို သိသွားရင် သူ့အဖေ လျှပ်စီးဓား တိယန်စင်းက ငြိမ်နေ

ပါမလား၊ သူ့သားအတွက် ကျွန်တော်တို့ကို ကလဲ့စား ပြန်ချေလာနိုင်တယ်နော်၊ ဒါကိုတော့ ထည့်စဉ်းစားရလိမ့်မယ်'

'ဪ....ဒါလား၊ ဒီအတွက်တော့ သိပ်စိတ်မပူပါနဲ့ကွာ၊ တိရှုန်ဖိုးလေတာ ငါတို့လက်ချက်လို့ သူ အတပ်စွပ်စွဲလို့မရပါဘူး၊ မျက်မြင်မတွေ့ဘူးဆိုရင် ငါတို့က ပြောင်ငြင်းလို့ ရနေတာပဲဟာ၊ သူက ငါတို့လက်ချက်လို့ သေချာပေါက်လောက်နီးနီး သိတယ်ပဲထား....ငါတို့က အကျောက်အကန် ငြင်းမယ်ဆိုရင် သူ ဘယ်လိုလုပ်ပြီး အတပ် စွပ်စွဲမလဲ၊ ပြောပါဦး'

ကျားကြီး ဖန်စင်း၏စကားအဆုံးတွင် ကျားလတ် ဖန်ယိ၏မျက်နှာမှာ သိသိသာသာ ရှင်ပျသွားသည်။

'ဟာ...ဟုတ်တယ် ကိုကြီး၊ ဖန်စင်းပြောမှပဲ ဒီအချက်ကို စဉ်းစားမိတော့တယ်၊ ဟုတ်တာပေါ့ သူ မျက်မြင်တွေ့ထားတာမဟုတ်ရင် ကျွန်တော်တို့ကို တပ်အပ်စွပ်စွဲလို့ မရနိုင်ဘူး ကျွန်တော်တို့ဘက်က မှင်သေသေနဲ့ ငြင်းလိုက်ရင် ဒီလူကြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားမှာ သေချာတယ်'

'အေး....အဲဒါကြောင့် ဒီအတွက်စိတ်မပူပါနဲ့လို့ မင်းကို ငါပြောတာပေါ့....အဲ....တစ်ခုပဲရှိတယ်'

'ဘာ တစ်ခုရှိတာလဲ'

'တိရှုန်ဖိုးကို အသေမသတ်နိုင်ဘဲ ဒဏ်ရာရရုံလောက်ပဲ တိုက်ခိုက်နိုင်မယ်ဆိုရင်တော့ ငါတို့အတွက် အန္တရာယ်ရှိလာပြီ'



'တိရှုန်ဖိုးက သူ့အဖေ တိယန်းစင်ကို ပြန်ပြောပြမယ်ပေါ့....ဒီလိုလား'

'သိပ်မှန်တာပေါ့ ညီလေးရာ၊ ဒီကောင်ကမသေဘဲ အိမ်ပြန်ရောက်သွားတဲ့နောက်တော့ သူ့ကို ဘယ်သူတွေတိုက်ခိုက်လွှတ်လိုက်တာပါလို့ သူ့အဖေကို ပြန်ပြောပြတော့မှာပေါ့၊ ဒါဆိုရင် တိယန်းစင်က သူ့သားအတွက် ငါ့တို့ကို လက်တုံ့ပြန်ဖို့ ကြိုးစားလာမှာ သေချာတယ်'

ကျားကြီးဖန်စင်းက အတပ်သိနေသည့်အလား ပြောလိုက်သည်။

ကျားလတ်ဖန်ယိက ထိုစကားကို လက်ခံသလို ခေါင်းတစ်ချက်ညိတ်ရင်းမှ....

'ကိုကြီး ဖန်စင်းပြောတာ လုံးဝဖြစ်နိုင်တယ်၊ ဒီတော့ ရှုန်ဖိုးကို လွတ်ထွက်မသွားအောင်ကို အပိုင်ပိတ်ပြီး ရှင်းပစ်မှ ဖြစ်မယ်'

'အဲဒီကိစ္စက ဒီလောက်ခက်ခဲမှာတော့ မဟုတ်ပါဘူးကွာ၊ ငါတို့ လူတွေကို ကြည့်ခိုင်းထားတဲ့အပြင် ငါကလဲ အချိန်ရရင် ရသလို စောင့်ကြည့်နေလိုက်ရုံပေါ့၊ ဖန်ကျူအတွက် ကလဲ့စားချေနိုင်ဖို့က မဝေးတော့ပါဘူးလေ'

ကျားကြီးဖန်စင်းက ကိုယ့်တွက်ကိန်းနှင့်ကိုယ် ကျေနပ်ပြီး ခပ်မိန့်မိန့်ကြီး ပြုံးလိုက်သောကြောင့် ဖန်ယိကလည်း ရောယောင်ပြီး ပြုံးလိုက်လေသည်။

တစ်ခါတစ်ရံ အထင်နှင့်အမြင် ပါစင်ဒအောင် လွဲသွားတတ်သည်ကို ကျားညီနောင် စဉ်းစားခဲ့မိမည် ဆိုပါလျှင် ညှိသို့ ဖြေနိုင်ပါဦးမည်လား။

ဒါက စဉ်းစားစရာပင်ဖြစ်၏။

( ၁၄ )

သာယာသော နံနက်ခင်းအချိန်။

ဘာကူမြို့ပြင်တောအုပ်စပ်၌ လူရွယ်တစ်ဦးနှင့် မိန်းမပျိုလေးတစ်ဦး ရယ်မောရ၍ စကားပြောဆိုလျက် ရှိနေကြသည်။

ထိုနှစ်ဦးကတော့ တခြားမဟုတ်။ တိရှန်ဖိုးနှင့် သူကူညီခဲ့ဖူးသော မိန်းမလှလေး ချန်ရှင်းလီတို့ပင် ဖြစ်ပေသည်။

သူတို့နှစ်ဦး မြို့ဈေးတွင် မမျှော်လင့်ဘဲ သွားဆုံတွေ့ခဲ့ကြပြီးနောက် အေးအေးဆေးဆေး စကားပြောဆိုရန်အလို့ငှာ မြို့ပြင်ဘက်သို့ လျှောက်ထွက်လာခဲ့ကြခြင်းဖြစ်သည်။

'ဒီနေရာလေးက ထိုင်လို့ကောင်းတယ်.... ချန်ရှင်းလီ၊ ကျွန်တော်တို့ ဒီနားမှာ ခဏထိုင်ကြရအောင်'

တိရှန်ဖိုးက မြက်ခင်းစိမ်းစိမ်းကို ညွှန်ပြရင်းပြောလိုက်ရာ ချန်ရှင်းလီကလည်း ခေါင်းကို ဖျတ်ခနဲ ပြန်ညိတ်ပြသည်။

ထို့ကြောင့် နှစ်ဦးသား တောစပ်ရှိ မြက်ခင်းလေးပေါ်တွင် ဝင်ထိုင်လိုက်ကြသည်။

'ဒါထက် ခင်ဗျားပြဿနာဖြစ်ပြီးနောက်ပိုင်း ဒီမြို့ဈေးကို ရောက်လာခဲ့သေးလား'

'ဟင့်အင်း....အဲဒီနောက်ပိုင်း တစ်ခါမှထပ်မရောက်သေးဘူး၊ ဒီနေ့မှ ပထမဆုံးအကြိမ်အဖြစ် အရဲစွန့်ပြီး လာခဲ့မိတာ ဒီမှာတင် ရှင်နဲ့သွားဆုံပြီး ဒီနေရာကို ပါလာတာပဲ ဆိုပါတော့၊ ဒါထက် ရှင်ကော ပြဿနာဖြစ်ပြီး နောက်ပိုင်း အိမ်ထဲက အိမ်ပြင် ထွက်ဖြစ်သေးလား'

ချန်ရှင်းလီက သူ့ကိုပြန်မေးသည်။ တိရှန်ဖိုးက မပွင့်တပွင့်ပြုံးလိုက်ပြီး....

'အင်း....ကျုပ်ကတော့ အဲဒီနောက်ပိုင်းလဲ နေ့တိုင်းလိုလို အပြင်ကိုထွက်ဖြစ်နေတာပါပဲ'

'ဒါဆို ရှင်က တော်တော်သတ္တိကောင်းတာပေါ့'

'သတ္တိကောင်းတယ်ရယ်လို့တော့ မဟုတ်ပါဘူးဗျာ....၊ တော်ကြာ အိမ်ထဲကုပ်နေရင် ကျုပ်ကိုအထင်သေးသွားမှာစိုးတာနဲ့ ခပ်လန့်လန့်နဲ့ပဲ ထွက်နေရတာပါ'

တိရှန်ဖိုးအပြောကို သဘောကျသွားဟန်ဖြင့် ချန်ရှင်းလီက အသံလွင်လွင်နှင့်ရယ်သည်။ ပြီးမှ....



'ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အထင်သေးမခံချင်လို့ ထွက်တယ်ဆိုကတည်းက ရှင့်သတ္တိက ချီးကျူးထိုက်နေပါပြီ'

'အဲဒီလို ကြံဖန်ချီးကျူးမယ်ဆိုရင်လဲ ရတော့ရတာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်ကတော့ ကိုယ့်ကိုယ်ကိုသတ္တိကောင်းတယ်လို့ကို မယူဆမိသေးဘူး'

'ထားပါတော့လေ၊ ဒါနဲ့ ရှင့်ကို ခုချိန်ထိ သူတို့ ရန်ပြုဖို့ ကြိုးစားမလာကြသေးဘူးလား'

'အင်း....ခုချိန်ထိတော့ အနှောင့်အယှက်မကြုံရသေးတာ အမှန်ပဲ၊ ကျုပ်ကို သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်လိုက်သလား မပြောတတ်ပါဘူးဗျာ'

တိရှန်ဖိုးက ရယ်ကျဲကျဲဖြင့် ပြောလိုက်သည်။ သို့သော် ချန်ရှင်းလီကမူ ထိုစကားကို လက်ခံလိုပုံမရချေ။

'ကျွန်မကတော့ အဲဒီလို သိပ်မထင်ဘူး၊ လူဆိုးလူမိုက်ဆိုတာ သဘောထားကြီးဖို့ထုံးစံမှမရှိတာ'

'ဒါဖြင့် ခင်ဗျားက ဘယ်လိုယူဆမိသလဲ'

'ကျွန်မကတော့ ခုန်အုပ်ကာနီးကျားများလို နောက်ဆုတ်ပြီး အချိန်ယူနေတာလို့ပဲထင်မိတယ်'

'ခင်ဗျားတင်စားတာလဲ ဆိုးတော့မဆိုးပါဘူး၊ သူတို့ညီအစ်ကိုတွေကလဲ ကျားတွေလို အန္တရာယ်ရှိတဲ့လူစားမျိုးတွေပါပဲ'

'ဒါကြောင့် ရှင့်ကို သတိထားပါလို့ ကျွန်မ သတိပေးနေရတာပေါ့'

မိန်းမချောလေး ချန်ရှင်းလီက သူ့အတွက် စိတ်ပူသည်ဟု ပွင့်ပွင့်လင်းလင်း ပြောလာသောကြောင့် တိရှန်ဖဲ တစ်ယောက် ပီတိဖြစ်၍သွားလေသည်။

သို့သော် ကြာကြာပီတိဖြစ်ချိန်ကားမရလိုက်။ အကြောင်းမူ ထိုအချိန်မှာပင် သူတို့ရှိရာသို့ တောအုပ်ထဲမှ လျှောက်ထွက်လာသော လူနှစ်ယောက်ကို လှမ်းတွေ့လိုက် ရသောကြောင့်ပင် ဖြစ်သည်။

ထိုသူနှစ်ယောက်ကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် တိရှန်ဖဲရင်ထဲ ကသိကအောက်ဖြစ်သွားမိသည်။

'စကားကောင်းမဆုံးသေးဘူး အန္တရာယ်ကောင်တွေကတော့ ရောက်လာကုန်ကြပြီ....ချန်ရှင်းလီ'

'သူတို့နှစ်ယောက်က ဘယ်သူတွေလဲ....တိရှန်ဖဲ'

ကျားညီနောင်ကို မြင်ဖူးထားခြင်းမရှိသော ချန်ရှင်းလီက ဘာမသိဘာမသိဖြင့် ပြန်မေးလိုက်သည်။

တိရှန်ဖဲက....

'သူတို့နှစ်ယောက်က ကျုပ်လက်ချက်နဲ့ သေဆုံးသွားတဲ့ ကျားလေးဖန်ကူရဲ့ အစ်ကိုတွေပေါ့၊ သူတို့ နာမည်တွေက ဖန်စင်းနဲ့ဖန်ယိတဲ့....ကျားကြီးနဲ့ကျားလတ်လို့လဲ ခေါ်ကြတယ်'

'ဟင်....ဒါဆို ကျွန်မတို့ ခုနေထွက်ပြေးကြမှနဲ့တူတယ်'

ချန်ရှင်းလီက မျက်စိမျက်နှာပျက်ဖြင့် ဆို၏။ သို့သော် ကျားညီနောင်မှာ အတော်ပင်နီးကပ်နေပြီဖြစ်၍ ထွက်ပြေး



လျှင်လည်း လွတ်မည်မဟုတ်တော့ဟု တိရှန်ဖဲ နားလည်လိုက်သည်။

သို့ဖြစ်၍ ထိုင်ရာမှ ခပ်အေးအေးထရပ်လိုက်ကာ....

'ခုကမှတော့ ပြေးလို့လဲလွတ်တော့မှာမဟုတ်ဘူး၊ ဖြစ်ချင်ရာဖြစ် သူတို့ကို တတ်နိုင်သလောက် ပြန်ပြီးခုခံဖို့ပဲရှိတော့တယ်'

ဆုံးဖြတ်ထားသလို ပြောလိုက်တော့သည်။ ထိုစဉ်မှာပင် ကျားညီနောင်မှာ သူတို့အနီးကိုရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

'မင်းတို့ ဘယ်ကိုပြေးဦးမလဲ တိရှန်ဖဲ၊ နောက်ဆုံးကျတော့ ငါတို့နဲ့တွေ့ရတာပါပဲ'

ကျားကြီးဖန်စင်းက တိရှန်ဖဲကို စေ့စေ့ကြည့်ရင်း ပြောလာသည်။ ကျားလတ် ဖန်ယိကလည်း ချန်ရှင်းလီကို ကြည့်ကာ....

'ဒီကောင်မလေးက မင်း ဝင်ပြီးအကူအညီ ပေးခဲ့တဲ့ မိန်းကလေး မဟုတ်လား....တိရှန်ဖဲ'

'ဟုတ်တယ်၊ ဒါပေမယ့် ဒီကိစ္စမှာ သူ့မှာဘာအပြစ်မှ မရှိဘူး၊ ခင်ဗျားညီကိုကျုပ်သတ်လိုက်တာဆိုတော့ ပြဿနာရှင်းချင်းရှင်းရင် ကျုပ်နဲ့ပဲရှင်းဖို့ရှိတယ်၊ ဒါကြောင့် သူ့ကို ဒီနေရာက ထွက်သွားခွင့်ပေးလိုက်ပါ'

တိရှန်ဖဲက ချန်ရှင်းလီ လွတ်သွားလည်းမနည်း ဟူသော မျှော်လင့်ချက်ဖြင့် မေတ္တာရပ်ခံလိုက်ခြင်း ဖြစ်သည်။

သို့ပေမယ့် ကောက်ကျစ်၍ အငြိုးအတေး ကြီးသော ကျားညီနောင်က သူ့စကားကို သဘောတူလိုဟန် မပြချေ။

ထို့နောက် ကျားညီနောင်အနက်မှ အကြီးဖြစ်သူ ဖန်စင်းက မဲ့ပြုံးပြုံး၍....

'ဝမ်းနည်းပါတယ် တိရှန်ဖိုး၊ ငါ့ညီ သေဆုံးခဲ့ရတဲ့ကိစ္စမှာ သူက အဓိက ပါဝင်ပတ်သက်နေတာမို့ သူ့ကို လွှတ်မပေးနိုင်ပါဘူး'

'ခင်ဗျားတို့က လူယုတ်မာတွေပဲ'

တိရှန်ဖိုးက ဒေါသဖြင့် အော်ပြောလိုက်ရာ ဖန်စင်းက ဟက်ဟက်ပက်ပက်ရယ်လိုက်ရင်းမှ....

'မင်းပြောချင်သလို ပြောလို့ရတယ်....တိရှန်ဖိုး၊ ငါတို့ မင်းကို ဖွေမယူပါဘူး၊ ဘာလို့လဲဆိုတော့ မင်းတို့က မကြာခင်မှာ ဇာတ်သိမ်းရတော့မယ့်သူတွေ ဖြစ်နေလို့ပဲ'

အေးစက်စက်ဖြင့် လှမ်းပြော၏။

တော်ရုံလူဆို ထိုစကားကြောင့် တုန်လှုပ်သွားမိမည် ဖြစ်သော်လည်း စိတ်ဓာတ်မာကျောသည့် တိရှန်ဖိုးကတော့ တစ်စက်ကလေးမှ တုန်လှုပ်သွားခြင်း မရှိချေ။

ကျားကြီး ဖန်စင်း၏မျက်နှာကိုသာ ခပ်တည်တည် ပြန်ကြည့်လိုက်ကာ....

'လူတစ်ယောက်ကို သတ်ဖို့ကိစ္စက ခင်ဗျားတို့ ပြောသလောက်ပဲ လွယ်နေသလား'

'ဒီ့ပြင်လူတွေအတွက်တော့ မပြောတတ်ဘူး၊ ငါတို့အတွက်တော့မခက်ခဲလှတာအမှန်ပဲ၊ ဒါကို မင်းခုပဲလက်တွေ့သိရတော့မှာပါ'



ပြောပြီးသည်နှင့် ကျားကြီးဖန်စင်းက ကျောတွင်လွယ်ထားသောဓားကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ရာ ဖန်ယိကလည်း အစ်ကို့နည်းတူ ခင် လိုက်၍ ဆွဲထုတ်လိုက်လေသည်။

အတွင်းအား ကောင်းသည်ဟု သိထားသောကြောင့် တိရှန်ဖိုးကို လက်နက်မဲ့ တိုက်ခိုက်ရန် စိတ်မကူးရဲကြချေ။

သို့ဖြစ်၍ ဓားများကို ဆွဲထုတ်လိုက်ခြင်း ဖြစ်သည်။

ဒါကိုကြည့်ပြီး တိရှန်ဖိုးက ခနဲ့ပြုံး ပြုံးလိုက်သည်။

ပြီးမှ....

'သိုင်းပညာမတတ်တဲ့ လက်နက်မဲ့ လူငယ်နှစ်ယောက်ကို ခင်ဗျားတို့ညီအစ်ကိုက လက်နက်ကြီးတွေနဲ့ တိုက်ခိုက်ကြမလို့လား'

'ဟုတ်တယ်....တိရှန်ဖိုး၊ ငါတို့အဖို့မှာ တရားမျှတမှုဆိုတာ မရှိဘူး၊ အရေးကြီးတာက တိုက်ပွဲမှာ ကိုယ် အနိုင်ရဖို့ပဲ၊ ရန်သူကို လျှော့တွက်ခဲ့မိလို့ ညီငယ်ဖန်ကူ အသက်ဆုံးရှုံးခဲ့ရပြီ မဟုတ်လား၊ ဒါကို ငါ သင်ခန်းစာ ယူရမယ်'

'ကောင်းပါပေ့ဗျာ၊ တကယ့်ကို လေးစားထိုက်တဲ့ သူတွေပါပဲ'

တိရှန်ဖိုးက ခပ်ရွဲ့ရွဲ့ပြောလိုက်သည်။

သို့သော် အခြေအနေမကောင်းဟုတော့ စိတ်ထဲမှ ကြိုသိနေမိသည်။

သူတို့နှစ်ယောက်စလုံးက သိုင်းပညာရှင်တွေ မဟုတ်။ နောက်ပြီး ကျားညီနောင်က ဓားကိုယ်စီနှင့်ဆိုတော့ တိုက်ပွဲက ပိုပြီး မမျှမတ ဖြစ်လို့နေသည်။

သို့ရာတွင် အခြေအနေက ရှောင်လွှဲရမည့် အခြေအနေမျိုး မဟုတ်သည့်အတွက် တိရှန်ဖ ိးက ချန်ရှင်းလီ ရှေ့တွင် ရပ်လိုက်ကာ....

'ကဲ....သူရဲကောင်းကြီးတွေ၊ စတိုက်ချင်ရင် တိုက်လို့ရပါပြီ'

ရဲရဲဝံ့ဝံ့ပင် စတင်စိန်ခေါ်လိုက်တော့သည်။

တိရှန်ဖ ိးနှင့်ချန်ရှင်းလီကို ကလဲ့စားချေလိုစိတ် ပြင်းပြနေသော ကျားညီနောင်ကလည်း မတုံ့မဆိုင်းပင် ဝင်ရောက် တိုက်ခိုက်လို့ လာကြသည်။

တကယ်တမ်း တိုက်ခိုက်လာပြီဆိုတော့ သိုင်းပညာမတတ်သော တိရှန်ဖ ိးမှာ အနေတော်ပင် ဒုက္ခရောက်သွားသည်။

သူက သူ့ထက် ချန်ရှင်းလီ အတွက် ပို၍ စိုးရိမ်နေမိသည်။

ထို့ကြောင့် ချန်ရှင်းလီကို လှည့်ကြည့်လိုက်ကာ....

'ချန်ရှင်းလီ.... အခွင့်သာရင် တစ်ခါတည်း ထွက်သာပြေးနော်၊ ကျုပ်အတွက် ဘာမှငဲ့မနေနဲ့'

သတိပေးစကားဆိုလိုက်ရာ ချန်ရှင်းလီက မျက်နှာထားတည်တည်ဖြင့်....

'အို...ရှင်မပါဘဲနဲ့တော့ ကျွန်မတစ်ယောက်တည်း ထွက်မပြေးနိုင်ပါဘူး'

'ဩော်....မင်းတို့က တစ်ယောက်အပေါ် တစ်ယောက် တယ်လဲကြင်နာနေကြပါလား၊ စိတ်ချ....မင်းတို့ နှစ်ယောက်စလုံး ဘယ်သူမှ မလွတ်မြောက်နိုင်ပါဘူးကွာ'



ပြည်သူ့စာကြည့်တိုက်

ကျားကြီးဖန်စင်းက ခပ်ရိရိပြောရင်း တိရှန်ဖ ိးကို ဓားဖြင့်မိုး၍ ပိုင်းချလိုက်သည်။

'ကျား'

'ဝိုး....'

'ဟိတ်'

သတိရှိသော တိရှန်ဖ ိးက ညာခြေတစ်လှမ်း ဆုတ်၍ ရှောင်လိုက်သည်။

ဖန်စင်းက ခြေကို ချွန်းကွက်နင်းတက်ကာ တိရှန်ဖ ိး၏ ရင်ဝကို ဓားဦး ထိုးသွင်းလိုက်ပြန်သည်။

'ဟိတ်....'

သိုင်းကွက်ဟူ၍ မည်မည်ရရတတ်မထားသော တိရှန်ဖ ိးက ငှင်ကို ရှပ်၍ရှောင်လိုက်ရသည်။

ထိုစဉ် ကျားကြီးဖန်စင်းက ဓားကိုပြန်ဝိုက်ဆွဲကာ တိရှန်ဖ ိး၏ ခါးလယ်ဆီသို့ ဖြတ်ခုတ်ချလိုက်သည်။

'ဝိုး....'

'ဟာ....'

တိရှန်ဖ ိးမှာ မလွတ်တလွတ်ရှောင်၍မဖြစ်တော့ဟု နားလည်လိုက်၍ တော်တော်လှမ်းလှမ်း ရောက်အောင်ပင် ခုန်ထွက်ပေးလိုက်ရသည်။

ထိုအခါ ချန်ရှင်းလီနှင့် ကွာလှမ်းသော နေရာကို ရောက်ရှိသွား၏။

သည်တော့မှ အကွက်ကောင်းစောင့်နေသော ကျားလတ်ဖန်ယိကာ အူကြောင်ကြောင်ဖြင့် ရပ်နေသော ချန်ရှင်းလီကို လျှပ်တစ်ပြက်ဆိုသလို ပြေးဝင်တိုက်ခိုက်လိုက်တော့သည်။

ချန်ရှင်းလီမှာ သိုင်းပညာမတတ်သော သာမန်အရုပ်သူမိန်းကလေးဖြစ်သည့်အပြင် အမှတ်မထင် တိုက်ခိုက်ခံလိုက်ရခြင်းလည်းဖြစ်၍ မည်သို့မျှ မရှောင်မတိမ်းတတ်တော့ဘဲဖြစ်သွားသည်။

ထိုနောက် ကြောက်အားလန့်အားဖြင့် နောက်သို့ လှမ်းဆုတ်လိုက်သော်လည်း ကျားလတ်ဖန်ယိ၏ဓားချက်ကသူမ၏ ညာလက်မောင်းကို ရှပ်ထိသွားလေတော့သည်။

'ရှူး....'

'အမယ်လေး....'

ချန်ရှင်းလီ၏ အော်ဟစ်သံကြောင့်တိရှန်ဖိုး ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

သို့ဖြစ်၍ တိရှန်ဖိုးက ကျားကြီးဖန်စင်းကိုပင် ဂရုမစိုက်နိုင်တော့ဘဲ ချန်ရှင်းလီနားသို့ ပြေးသွားမိသည်။

'ခင်....ခင်ဗျား ဒဏ်ရာရသွားပြီ ဟုတ်လား ချန်ရှင်းလီ'

ချန်ရှင်းလီက ခေါင်းကို ဆတ်ခနဲညိတ်ပြသည်။ ဒဏ်ရာက အပေါ်ယံရှပ်ထိသွားခြင်းမျှသာဖြစ်သည့်အတွက် တော်သေးသည်ဟု ဆိုရမည်။

သို့သော် သွေးထွက်ကား မနည်းလှချေ။

ချန်ရှင်းလီ၏ ပန်းနုရောင်ပိုးအင်္ကျီလေးမှာ သွေးတို့ဖြင့် စိုရွှဲ၍နေလေသည်။



'ခင်....ခင်ဗျားတို့ တော်တော်ကို ရက်စက်တဲ့သူတွေပဲ၊ ဘာမှအပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ခုလို ဒဏ်ရာရအောင် တိုက်ခိုက်တာတော့ လွန်တာပေါ့ဗျာ'

တိရှန်ဖိုးက ကျားညီနှောင်ကို ဒေါသမျက်လုံးများဖြင့် ကြည့်၍ အပြစ်တင်လိုက်သည်။

ထိုအခါ ကျားလတ် ဖန်ယိက မျက်လုံးများကိုမှေးစင်းကာ ခပ်မျဉ်းမျဉ်းရယ်ရင်းမှ....

'ငါတို့က ရက်စက်တဲ့သူ ဟုတ်လား၊ ဒါဖြင့် ငါတို့ညီ ဖန်ကူကိုသတ်ပစ်လိုက်တဲ့ မင်းကျတော့ မရက်စက်ဘူးပေါ့.... ဒီလိုလား'

'ဒါက မတူဘူးဗျ၊ သူက ရန်စလာလို့ ပြန်ခုခံရင်းမတော်တဆ သေဆုံးသွားရတာ၊ ကျုပ်က သက်သက်မဲ့ သတ်ပစ်ခဲ့တာ မဟုတ်ဘူး၊ နောက်ပြီး ဒီအတွက် မကျေနပ်ရင် ကျုပ်ကို ဂ.လဲ့စားပြန်ချေပါလို့ ခင်ဗျားတို့ကို ပြောခဲ့ပြီးပြီပဲ၊ မဆိမဆိုင် သူ့ကို ရန်ပြုဖို့ ကြိုးစားတာကတော့ လုံးဝ သဘာဝမကျပါဘူးဗျာ'

'ဟေ့ကောင်....တိရှန်ဖိုး....မင်း ဘာမှ လျှောက်ပြောမနေနဲ့၊ ငါတို့က မင်းတို့နှစ်ယောက်လုံးကိုသတ်ပစ်ဖို့ဆုံးဖြတ်ထားပြီးပြီ၊ ဒီတော့ မင်းလဲ သတိထားပြီးတော့သာ နေပေတော့'

# ( ၁၅ )

ကျားကြီး ဖန်စင်းက ခပ်ပြတ်ပြတ်ပြောပြီးသည်နှင့် မီးကုန် ယမ်းကုန် တိုက်ခိုက်တော့မည့်ဟန်မျိုးဖြင့် ရှေ့ကို လှမ်းတက်လိုက်သည်။

ထိုစဉ်မှာပင် တိရှန်ဖ ီးရွှေသို့ လူရိပ်တစ်ရိပ်က ခုန်ပျံရောက်ရှိလာသည်။

ထိုသူမှာ အသက်လေးဆယ်ခန့်မျှရှိသော လူတစ်ယောက်ဖြစ်ပြီး အနီရောင်ဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားသည်။

ထိုသူ၏ ခန့်ညားတည်ကြည်သော မျက်နှာကို မြင်လိုက်ရသည်တွင် ကျားကြီးဖန်စင်းမှာ နောက်သို့ ခြေတစ်လှမ်း ပြန်ဆုတ်မိလျက်သားဖြစ်သွားသည်။

ပြီးနောက် ထိုသူ၏လက်ထဲမှ ရွှေရောင်တောက်ပနေသော လှံရှည်ကို မြင်တွေ့လိုက်ရသည့် အခါမှာတော့ အကင်းပါးသော လူဆိုးလူမိုက်ပီပီ မည်သူမည်ဝါဟု ချက်ချင်းရိပ်စားမိသွားတော့သည်။

‘ခင်ဗျားက ရွှေလှံပျံ သိုင်းသမား ချင်ပိုလား’

‘မင်းက ဘယ်ဆိုးလို့လဲကွ၊ ငါ့ကို တွေ့တွေ့ချင်းမှာပဲ ဘယ်သူဘယ်ဝါလို့ အတပ်ပြောနိုင်သားပဲ’

ရွှေလှံပျံ သိုင်းသမား ချင်ပိုက မပြုံးချင်ပြုံးချင်ပြုံး၍ ပြန်ပြောသည်။

သိုင်းလောကနှင့် ကင်းကင်းနေလေ့ရှိသော တိရှန်ဖီးနှင့် ချန်ရှင်းလီတို့နှစ်ဦးမှာတော့ ဖန်စင်းပြောမှပင် ရွှေလှံပျံ သိုင်းသမားဟု သိရှိသွားကြတော့သည်။

မည်သို့ပင်ဖြစ်စေ၊ ရွှေလှံပျံ သိုင်းသမားချင်ပိုမှာ အဖြူရောင် သိုင်းပညာရှင်တစ်ယောက်ဖြစ်သဖြင့် သူတို့ ကံကောင်းသွားပြီဟု တိရှန်ဖီး နားလည်လိုက်သည်။

ထို့အတူ တစ်ဆက်တည်းမှာပင် အောင့်သီအောင့်သက်ဖြင့် ခံရခက်သွားသူများကတော့ ကျားညီနောင်နှစ်ဦးပင်ဖြစ်ပေသည်။



တိရှန်ဖီးနှင့် ချန်ရှင်းလီတို့နှစ်ဦးကို အသေအကျေတိုက်ခိုက်တော့မည်ဖြစ်ပြီးကာမှ ကယ်တင်မည့်သူကမမျှော်လင့်ဘဲ ပေါ်ထွက်လာပြီ မဟုတ်ပါလား။

‘ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် မိတ်ဆွေကြီးချင်ပို၊ ဒါပေမယ့် ကျုပ်တို့ ကိစ္စမှာ ဝင်မရှုပ်ဖို့တော့ မိတ်ဆွေကြီးကို မေတ္တာရပ်ခံရပါလိမ့်မယ်’

ကျားကြီးဖန်စင်းက စိတ်ထဲက မပါလှသော်လည်း ဟန်ဆောင် မျက်နှာနှင့် ခပြုံပြုံပြစ်ပြစ်ပင် ပြောဆိုဟန့်တားကြည့်လိုက်သည်။

ထိုအခါ ရွှေလှံပျံ သိုင်းသမားချင်ပိုက ယောင်ယောင်လေးပြုံးရင်းမှ....

‘ဘယ်လိုကွ၊ ငါကဝင်ရှုပ်တယ်ဟုတ်လား၊ အဓိပ္ပါယ်မရှိတာကွာ၊ ငါက ဝင်ရှုပ်တာ မဟုတ်ပါဘူးကွာ၊ ရှုပ်နေတာကို ရှင်းပေးမလို့’

‘ဒါဆိုရင်တော့ ခင်ဗျားအမြင်တွေ လွဲချော်နေပြီ၊ ကျုပ်တို့ကိစ္စက ရှုပ်နေတာ မဟုတ်ပါဘူး၊ ကျုပ်ညီကို သတ်ထားလို့ ကလဲ့စားပြန်ချေဖို့ ကြိုးစားနေတာ၊ ဒီကြားထဲကိုမဆီမဆိုင် ခင်ဗျားက ဝင်ပါလာမယ်ဆိုရင်တော့ ပို့ရှုပ်ကုန်မှာ သေချာတယ်’

‘ဘယ်လို....မင်းတို့ညီကို သူတို့က သတ်ပစ်တယ်ဟုတ်လား’

'ဟုတ်တယ် ...ရွှေလှ ပျံ၊ ကျုပ်ညီငယ်ကျားလေးဖန်ကူကို ဟောဒီက တိရွန်ဖ ီးဆိုတဲ့ ကောင်လေးက သတ်ပစ်ခဲ့တယ်'

ကျားကြီးဖန်စင်းက သူ့ကိုအပေါ် အပြစ်မမြင်စေရန် အားတက်သရောပင် ရှင်းပြလိုက်သည်။

သူ့စကားအဆုံးတွင် ရွှေလှ ပျံ သိုင်းသမား ချင်ပို၏ မျက်နှာက တစ်မျိုးတစ်မည် ဖြစ်သွားသည်။

နောက်တော့ ဘာကိုစဉ်းစားမိသည်မသိ၊ ခေါင်းကိုညင်သာစွာ ခါယမ်းလိုက်ကာ....

'မင်းတို့ပြောတာ ဖြစ်နိုင်တယ်လို့ ငါယုံကြည်တယ်၊ ဒါပေမယ့် တိရွန်ဖ ီး အဓိပ္ပာယ်မဲ့ သတ်မယ့် လူစားမျိုးတော့ မဟုတ်ဘူး၊ ဒီတော့အဲဒီကိစ္စမှာ လွန်တဲ့သူက မင်းတို့ညီကျားလေး ဖန်ကူပဲ ဖြစ်ရမယ်'

တွေးတွေးဆဆဖြင့် ပြောလိုက်သည့်အခါမှာတော့ ကျားညီနောင်မှာ ပြိုင်တူလိုလိုပင် ရှုံမဲ့သွားကြတော့သည်။

ကျားညီနောင်အနက် ကျားကြီးဖန်စင်းမှာ ပရိယာယ်သုံး၍ ဆက်ဆံဘတ်သော်ငြား ကျားလတ်ဖန်ယ ီမှာဒေါသဖြစ်လွယ်သော ဟောဟောဒိုင်းဒိုင်းသမားတစ်ယောက် ဖြစ်သည်။

သို့ဖြစ်၍ ရွှေလှ ပျံ သိုင်းသမား ချင်ပို၏စကားကိုကြားလိုက်ရသည်တွင် စိတ်မထိန်းနိုင်တော့သည့် ပုံစံဖြင့်....

'ခင်ဗျားက ဘာမသိဘာမသိနဲ့ ဒီလိုစွပ်စွဲတာတော့ သိပ်မဟုတ်ဘူး၊ ဒီမှာ ရွှေလှ ပျံ ....ဘာကြောင့်ပဲဖြစ်ဖြစ် ကျုပ်တို့ညီကို သတ်တဲ့အတွက် တိရွန်ဖ ီးကို ကလဲ့စားပြန်ချေရမှ ကျေနပ်နိုင်မယ်၊ ဒီတော့ ခင်ဗျားဒီနေရာက ရှောင်ထွက်သွားတာ အကောင်းဆုံးဖြစ်လိမ့်မယ်'



'အမယ်....မင်းက လေသံတယ်မာပါလားကွ၊ ဘကယ်လို့ မင်းစကားကို ငါက မနာခံဘူးဆိုရင်ကော'

'ဒါဆိုရင်တော့ ခင်ဗျားကိုလဲ သူ့တို့နဲ့တူတူရောပြီး ငရဲပို့ပစ်ရမှာပေါ့'

ကျားလတ်ဖန်ယ ီ၏ ခြိမ်းခြောက်စကားကို ရွှေလှ ပျံ သိုင်းသမားက ပြက်လုံးတစ်ခုပမာ သဘောထားဟန်ဖြင့် အသံထွက်အောင် ရယ်မောလိုက်သည်။

ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

'ကျားညီနောင်ရဲ့ ခြောက်လုံးလှန့်လုံးတွေကတော့ တော်ရုံလူအတွက် ကြက်သီးထလောက်ပါရဲ့ကွာ၊ ဒီလေလုံးတွေနဲ့ မင်းတို့က တာကူမြို့မှာ ထင်တိုင်းကြဲနေကြတာပေါ့ ဟုတ်လား၊ အေး.... ဒီ ပြင်လူတွေအတွက် ဖြုံလောက်ပေမယ့် ငါ့အတွက်ကတော့ ရယ်စရာစကားလို ဖြစ်နေတယ်ကွ'

'ဒါဖြင့် ခင်ဗျားက ကျုပ်တို့ကို တိုက်ခိုက်မယ်ပေါ့ ဟုတ်လား'

'သိုင်းပညာမတတ်တဲ့ လူငယ်လေးနှစ်ယောက်ကို မင်းတို့ ဆက်ပြီး တိုက်ခိုက်ဖို့ ကြိုးစားဦးမယ်ဆိုရင်တော့ သူတို့ဘက်က ငါဝင်ပြီး ကူညီရလိမ့်မယ်'

'ဩော်....ဒီလိုလား၊ ဒါဆိုရင်တော့ ခင်ဗျားသဘောပဲလေ၊ နောက်ပြီးတော့မှသာဝင်ရှုပ်မိလေခြင်းဆိုပြီးနောင်တရမနေနဲ့'

ကျားလတ်ဖန်ယီကပြောပြီး ကျားကြီးဖန်စင်းကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

ဒါသည်ပင်လျှင် ပြိုင်တူဝင်တိုက်ရန် အသံတိတ်အချက်ပေးလိုက်ခြင်း ဖြစ်သည်။

ဒါကို မျက်စိလျင်သော ရွှေလှံပျံ သိုင်းသမားချင်ပိုကလည်း မြင်သည်။

သို့သော် ကျားညီနောင်မှာ သူနှင့် ဘက်တူသော ရန်သူများ မဟုတ်သဖြင့် ခပ်အေးအေးသာ ရပ်ကြည့်နေလိုက်သည်။

ထိုစဉ်မှာပင် ကျားလတ်ဖန်ယီက....

'ကိုင်း....မဆိုင်ဘဲ ဝင်ရှုပ်ချင်တဲ့ကောင် သေပေတော့'

ဒေါသဖြင့် ကြိမ်းဝါးရင်း စတင် တိုက်ခိုက်လာသည်။

ထို့အတူပင် ကျားကြီး ဖန်စင်းကလည်း ရွှေလှံပျံ သိုင်းသမား ချင်ပို၏ ဘယ်နံဘေးသို့ ခုန်ဝင်၍ ရုတ်တရက်တိုက်ခိုက်လိုက်သည်။

တစ်နည်းအားဖြင့် သူတို့ထက် သိုင်းပညာ အဆင့်မြင့်များစွာ ပိုမြင့်သော ရွှေလှံပျံ သိုင်းသမားချင်ပိုကို အငိုက်ဖမ်း၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။



သူတို့ တိုက်ခိုက်မှုမှာ ထက်လမ်းကိုပိတ်၍ တိုက်ခိုက်သော တိုက်ခိုက်မှုမျိုးဖြစ်၍ တော်ရုံ သိုင်းပညာရှင်ဆိုလျှင် အခက်တွေ့သွားမှာ သေချာသည်။

သိုင်းလောကတွင် တစ်ကိုယ်တော် သိုင်းပညာရှင်အဖြစ် ကျော်ကြားနေသော ရွှေလှံပျံ ချင်ပိုအဖို့တော့ သိပ်အခက်အခဲ မရှိလှချေ။

ကျားလတ် ဖန်ယီ၏ ဓားချက်ကို အလွတ် ရှောင်ရင်း ဘယ်နံဘေးသို့ တိုးဝင်လာသော ဖန်စင်း၏ ဓားချက်ကိုမူ လက်ထဲရှိ လှံရှည်ဖြင့် ရိုက်ဖယ်ပစ်လိုက်သည်။

'ဟိတ်....'

'ထန်း....'

အတွင်းအားချင်း ကွာခြားမှုကြောင့် ကျားကြီးဖန်စင်း၏ ဓားကိုင်လက်မှာ တုန်ခါလို့သွားသည်။

ဖန်စင်းမှာ သတိကောင်းသူ ဖြစ်၍သာ လက်ထဲမှဓား လွတ်ကျမသွားခြင်းဖြစ်သည်။

ထို့နောက် ကျားကြီးဖန်စင်းနှင့်ကျားလတ်ဖန်ယီတို့က ပြိုင်တူပင် ဆက်လက် တိုက်ခိုက်လိုက်ကြပြန်သည်။

သည်တစ်ကြိမ်မှာတော့ ဖန်စင်းကအပေါ်ပိုင်းကိုဦးတည်၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

'ကျား....'

'ယား....'

ရွှေလှံပျံ သိုင်းသမား ချင်ပို၏ လှုပ်ရှားမှုမှာကား အံ့ဩလောက်ဖွယ်ပင်။

ဖန့်ယ°၏ ခါးချက်များ အောက်ပိုင်းသို့ဝင်လာသည်တွင် ဘယ်ညာ ခြေတစ်လှမ်းစီ ဆုတ်၍ရှောင်ရင်း လက်ထဲမှ လှံ ရှည်ကို ဝှေ့ယမ်း၍ ဖန့်စင်း၏ ခါးချက်များကိုလည်း သွက်လက်စွာ ကာကွယ်လိုက်သည်။

'ထန်း ...ထန်'

ထို့နောက် လက်နက်ချင်း ထိခတ်မှုကြောင့် ဖန့်စင်း၏ တိုက်ခိုက်မှုတန့်သွားတော့မှ ရုတ်တရက်ပင် ဖန့်စင်း၏ လည် မျိုဆီသို့ လှံဦးဖြင့် ထိုးသွင်းလိုက်သည်။

'ဟိတ်....'

'ဝှစ်....'

'ဟာ....'

လှံဦးဝင်လာပုံက လျင်မြန်လွန်းသည့်အတွက် ကျားကြီး ဖန့်စင်း မျက်လုံးပြူးသွားသည်။

ထို့နောက် ကြိုးစား၍ရှောင်လိုက်သည်တွင် လှံချက်က ပွတ်ကာသီကာ လွဲချော်ထွက်သွားသည်။

ထိုအခါ ရွှေလှံပျံသိုင်းသမားချင်ပိုက ကျားကြီးဖန့်စင်း ကို ဆက်မတိုက်ခိုက်တော့ဘဲ လေထဲသို့ ဖျတ်ခနဲခုန်တက်ကာ ဖန့်ယ°အား ဘယ်ခြေစောင်းဖြင့် လှမ်းကန်လိုက်လေသည်။

ကျားလတ်ဖန့်ယ°က ထိတ်ထိတ်ပျာပျာဖြင့် ရှောင်တိမ်း ဖို့ ဟန်ပြင်သည်။

သို့သော် သူ၏လှုပ်ရှားမှုမှာ ရွှေလှံပျံချင်ပို၏ လှုပ်ရှား မှုထက် မဆိုသလောက် နောက်ကျသွားပြီဖြစ်ရာ လုံးဝ လွတ်ကင်းအောင် ရှောင်တိမ်းနိုင်ခြင်းကား မရှိတော့ချေ



သို့ဖြစ်၍ ရင်ဝသို့ ဦးတည်ဝင်လာသော ခြေစောင်းကန် ချက်က အနည်းငယ်မျှလွဲချော်ကာ ဖန့်ယ°၏ ညာပခုံးစွန်း ကို တည့်တည့်ပင် ထိမိသွားတော့သည်။

## ( ၁၆ )

'ဖြောင်း....'

'အင်း....'

'ဝုန်း....'

ရွှေလှံ့ပျံ သိုင်းသမား ချင်ပို၏ ကန်ချက်ကြောင့် ကျားလတ် ဖန်ယံမှာ တစ်ပတ်လည်၍ လွင့်ထွက်သွားပြီးမှ မြေပြင်ပေါ်သို့ ဖင်ထိုင်လျက် ပစ်ကျသွားသည်။

ကျားလတ်ဖန်ယံမှာ နာကျင်မှုထက် အံ့ဩစိတ်က ပိုမိုနေဟန် တူသည်။

ရွှေလှပျံ သိုင်းသမား ချင်ပိုကို မျက်လုံးပြူးဖြင့် လှမ်းကြည့်နေလေသည်။

သည်လောက်ဆိုလျှင် အခြေအနေကို ဖန်စင်း ကောင်းစွာ တွက်ဆမိသွားပြီ ဖြစ်သည်။

သူတို့ညီအစ်ကိုနှစ်ယောက် ဆက်လက် တိုက်ခိုက်နေလျှင် ရွှေလှပျံ သိုင်းသမား ချင်ပို၏ လက်ချက်ဖြင့် ဇာတ်သိမ်းသွားနိုင်စရာသာ အကြောင်းရှိသည်။

ထိုသို့စဉ်းစားမိ၍ ကျားကြီးဖန်စင်းက တိုက်ခိုက်မှုကို ရုတ်ခြည်း ရပ်တန့်လိုက်ကာ....

'ခင်ဗျား သတိထားနေပါ ရွှေလှပျံ၊ မဆိုင်ဘဲ ဝင်ရှုပ်တဲ့အတွက် ခင်ဗျားကို တစ်နေ့မှာကျုပ်တို့ ကောင်းကောင်းပြန်ပြီး ဆုံးမရလိမ့်မယ်၊ လာ....ဖန်ယီ ငါတို့သွားမယ်'

ရွှေလှပျံ ကိုကြိမ်းဝါးရင်းမှ ညီဖြစ်သူကိုပါ လှမ်းပြောလိုက်သည်။

သည်တော့မှ ကျားလတ်ဖန်ယီက ဖင်ထိုင်ကျနေရာမှ လူးလဲ ထလာသည်။

ပြီးလျှင် ရွှေလှပျံ သိုင်းသမားကို အခဲမကျေသလို ကြည့်ကာ ပေစောင်းစောင်းဖြင့် အစ်ကိုဖြစ်သူနှင့်အတူ ထိုနေရာမှ ထွက်ခွာသွားကြတော့သည်။

ရွှေလှပျံ သိုင်းသမား ချင်ပိုက အတွင်းအား အပြည့်သုံး၍ ကန်လိုက်ခြင်းမဟုတ်၍ ကျားလတ်ဖန်ယီ ဟန်မပျက် ပြန်ထသွားနိုင်ခြင်း ဖြစ်သည်။

သို့မဟုတ်လျှင် နေရာမှ ထလာနိုင်တော့မည် မဟုတ်ချေ။



'ကျေးဇူးတင်ပါတယ် ဦးလေးချင်ပို'

တိရှန်ဖီးက ကျေးဇူးစကားဆိုလိုက်ရာ ရွှေလှပျံ သိုင်းသမား ချင်ပိုက မျက်ခုံးနှစ်ဖက်ကို မြှင့်လိုက်ရင်း....

'အလို....မင်းက ငါ့နာမည်ကိုသိနေတယ် ဟုတ်လား'

'ဟုတ်ကဲ့၊ မှန်တဲ့အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ဦးလေးနာမည်ကို ကြားဖူးနေတာ ကြာပါပြီ၊ ဒါပေမယ့် လူကိုတော့ တစ်ခါမှ မမြင်ဖူးသေးပါဘူး၊ ခု....ဖန်စင်းတို့ပြောသံကြားမှ ဦးလေးကို ရွှေလှပျံ သိုင်းသမား ချင်ပိုမှန်း စပြီး သိလိုက်ရတာပါ'

'ဩော်....ဒီလိုလား၊ မင်းကတော့ တကယ်ကိုသွက်လက်ဖျတ်လတ်ပါပေတယ် တိရှန်ဖီးရယ်'

'ဟင်.... ဦးလေးကလဲ ကျွန်တော့်နာမည်ကို သိနေတယ် ဟုတ်လား'

တိရှန်ဖီးက အံ့ဩတကြီး မျက်နှာဖြင့် မေးလိုက်ပြီးမှ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရသွားကာ....

'ဩော်....သိပြီ....သိပြီ၊ ဦးလေးလဲ ဖန်စင်းတို့ ပြောတာကို ကြားပြီး ကျွန်တော့်နာမည်ကိုသိသွားတာပဲ ဖြစ်ရမယ်'

'မဟုတ်ဘူးကွ၊ ငါက မင်းကို သူတို့မပြောခင်ကတည်းက သိနေတာ၊ မင်းကို တိရှန်ဖီးမှန်းလဲ သိတယ်၊ လျှပ်စီးဓားတိယန်းစင်ရဲ့သားမှန်းလဲ သိတယ်'

'ဒါဆိုရင်တော့ ဦးလေးရဲ့နှံ့စပ်မှုကို ကျွန်တော်ချီးကျူးရမှာပေါ့လေ'

တိရှန်ဖ ီးက ပြောလိုက်သည်တွင် ရွှေလှံပျံ သိုင်းသမား ချင်ပိုက ပြုံးရုံသာပြုံးလိုက်ပြီး ချန်ရှင်းလီဘက်သို့ လှည့်၍....

'သူက ဘယ်သူလဲ တိရှန်ဖ ီး'

'သူက ကျွန်တော့်မိတ်ဆွေပါ ဦးလေးချင်ပို၊ သူ့နာမည်က ချန်ရှင်းလီပါ'

'ဪ....အေး....အေး ဒါထက် သူ့လက်ကို ဆေး မြန်မြန် ထည့်ပေးဖို့လိုလိမ့်မယ်၊ ဒဏ်ရာက သိပ်မပြင်းပေမယ့် သွေးယွင်းလွန်သွားရင် သိပ်မကောင်းဘူး'

'ဟုတ်ကဲ့ ကျွန်တော့်အိမ်က သိပ်မဝေးပါဘူး၊ အဲဒီကို ခေါ်သွားပြီး သူ့ကို ဆေးထည့်ပေးလိုက်ပါ့မယ်'

'ဟုတ်သားပဲ....မင်းအဖေက သမားတော်ဘဝကိုရောက်နေပြီပဲ ဥစ္စာ၊ ငါစိုးရိမ်ဖို့ မလိုတော့ပါဘူး'

ပြောပြီး ရွှေလှံပျံ သိုင်းသမားချင်ပိုက သဘောကျသလို ရယ်လိုက်သဖြင့် တိရှန်ဖ ီးကလည်း ရောယောင်ပြီး ရယ်လိုက်မိသည်။

ချန်ရှင်းလီမှာမူ ဒဏ်ရာကနာကျင်မှု ဝေဒနာကို ခံစားနေရ၍လား မပြောတတ်၊ နှုတ်ခမ်းလေးကို တင်းတင်းစေ့၍ ခပ်တည်တည်လေး လုပ်နေသည်။

( ၇၄ )

'ဒါထက် ဦးလေးက အခွင့်အရေးရတုန်း ကျော်ညီနောင်ကို ရှင်းပစ်လိုက်တာ မဟုတ်ဘူး'

တိရှန်ဖ ီးကအားမလိုအားမရ ပြောလိုက်ရာ ရွှေလှံပျံ သိုင်းသမား ချင်ပိုက သက်ပြင်းတစ်ချက် ချလိုက်ရင်း...

'ငါ သတ်ပစ်မယ်ဆိုရင်တော့ နှစ်ယောက်စလုံးကို သတ်လို့ရပါတယ်ကွာ၊ ဒါပေမယ့် သူတို့ဟာ သတ်လောက်တဲ့သူတွေလို့ မယူဆလို့ တမင်တကာ လွှတ်ပေးလိုက်တာပါ'

'ဦးလေးက ဘာကြောင့် သတ်လောက်တဲ့သူတွေလို့ မယူဆတာလဲ'

'သူတို့က လူဆိုးလူမိုက်တွေ ဆိုပေမယ့် မိုက်ကြေးခွဲတဲ့ ပြစ်မှုလောက်ပဲ၊ များသောအားဖြင့် ကျူးလွန်ကြတာပါ၊ လူကိုသတ်ပစ်တာမျိုးကတော့ အင်မတန်မှ နည်းတယ်လေ၊ ဒါကြောင့်မို့ ပထမဆုံးအကြိမ်အဖြစ် ချမ်းသာပေးလိုက်တာပေါ့'

'ဦးလေးချင်ပိုက သဘောကောင်းပြီး ချမ်းသာပေးလိုက်ပေမယ့် သူတို့က ဦးလေးကို ကျေးဇူးတင်ကြမှာမဟုတ်ဘူး၊ သူတို့ကိစ္စကို မဆိုင်ဘဲ ဝင်ရှုပ်တယ် ဆိုပြီး လက်တုံ့ပြန်ဖို့ ကြိုးစားလာကြမှာ ကျိန်းသေတယ်'

တိရှန်ဖ"းက လေ နက်သောလေသံဖြင့် ပြောလိုက်သည်။ ရွှေလှ"ပျံ"သိုင်းသမား ချင်ပိုကမူ ထိုအတွက် လုံးဝ စိုးရိမ်ဟန်မပြဘဲ....

'ခွေးလှေးခုန်လို့ ဖုန်မထပါဘူး တိရှန်ဖ"းရာ၊ ဒီကောင်တွေ ရန်ပြုလာမှာကို ငါက လုံးလုံးကိုဂရုမစိုက်ဘူး၊ ဒါထက် မင်းကြောင့် ကျားလေးဖန်ကူသေသွားရတယ်ဆိုတာကရော အမှန်ပဲလား'

'မှန်ပါတယ် ဦးလေးချင်ပို၊ ဒါကလဲကျွန်တော်တို့ဘက်က လွန်တာမဟုတ်ပါဘူး၊ ဟောဒီက ချန်ရှင်းလီကို ဖန်ကူက ဆွဲလားလွဲလား လုပ်နေလို့ ဝင်တားရင်း ကျွန်တော်နဲ့ ရန်ဖြစ်ကြတာပါ'

'ရန်ဖြစ်ရင်း တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်ကြတယ်ဆိုပါတော့....'



'တိုက်ခိုက်တယ်ဆိုပေမယ့် သူကပဲ အဓိကတိုက်ခိုက်တာပါ၊ ကျွန်တော်က သိုင်းပညာမတတ်တဲ့သူဆိုတော့ ရှောင်ပဲရှောင်နေရတယ်လေ၊ အဲဒီကမှ တစ်ချီမှာတော့ ကျွန်တော်လဲ စိတ်ပေါက်ပေါက်နဲ့ ရမ်းသမ်းထိုးလိုက်တာ ရင်ဝကို တည့်တည့်ထိပြီး ကျားလေးဖန်ကူလဲ တစ်ခါတည်း အသက်ပျောက်သွားတော့တာပဲ'

တိရှန်ဖ"းကရွှေလှ"ပျံ"ချင်ပိုအားပြန်ရှင်းပြလိုက်မိသည်။ သူစကားအဆုံးတွင် ရွှေလှ"ပျံသိုင်းသမား ချင်ပိုက....

'ဖန်ကူလို လူတစ်ယောက်ကို တစ်ချက်တည်းနဲ့ အသေထိုးသတ်နိုင်တယ်ဆိုတော့ မင်းဟာအတွင်းအားပြည့်ဝတဲ့သူတစ်ယောက်ဖြစ်မှာပေါ့ ဟုတ်လား တိရှန်ဖ"း'

'ဒါကိုတော့ ကျွန်တော်လဲ ကောင်းကောင်းနားမလည်ပါဘူး၊ ဦးလေးချင်ပိုရာ မှန်တာပြောရရင် ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကို သာမန်အရပ်သားတစ်ယောက်လို့ပဲယူဆမိတယ်'

တိရှန်ဖ"းက စိတ်ရှုပ်သလို ပြောလိုက် သောကြောင့် ရွှေလှ"ပျံ" သိုင်းသမားချင်ပိုက ထိုကိစ္စကို ဆက်လက် မေးမြန်းဖို့ မကြိုးစားတော့ဘဲ....

'ကဲ....ကဲ မိန်းကလေးက ဒဏ်ရာရထားတာဆိုတော့ သိပ်စကားရှည်နေလို့ မဖြစ်ဘူး၊ မြို့ထဲကို ခပ်မြန်မြန်သာ ပြန်ဝင်ကြပေတော့'

'ဒါထက် ဦးလေးလဲ ကြုံတုန်းကြုံခိုက် ကျွန်တော်တို့အိမ်ကိုလိုက်လည်ပါလား၊ ဦးလေးနဲ့ဖေဖေနဲ့ တွေ့ရင် စကားတွေအများကြီး ပြောဖြစ်ကြမှာ သေချာတယ်'

တိရှန်ဖ ိးက ဖိတ်ခေါ်လိုက်သော်လည်း ရွှေလှံပျံချင်ပိုက ခေါင်းကိုသာ ခါယမ်းလိုက်ကာ....

'ခုလောလောဆယ်တော့ လိုက်လို့မဖြစ်သေးဘူးကွ၊ ငါ့မှာ အရေးတကြီး ဆောင်ရွက်ရောက်စရာလေးတွေ ရှိနေသေးတယ်၊ အဲ....မင်းဖေဖေ လျှပ်စီးဓား ကိုယန်းစင်ကိုတော့ ငါ့စေတနာနဲ့ သတိပေးစကား ပြောလိုက်ချင်သေးတယ်'

'ပြောပါ ဦးလေးချင်ပို၊ ကျွန်တော် အသေအချာမှတ်ပြီး ဖေဖေ့ကို ပြန်ပြောပြလိုက်ပါ့မယ်'

'အေး....ဒါဆို နားထောင်၊ ငါ ပြောချင်တာကတော့ ဝိညာဉ်ဝယ်သူ အချိန်မရွေး ရောက်လာနိုင်တယ်၊ ဒါကြောင့် အထူးသတိထားနေပါဆိုတဲ့ သတိပေးစကားပါပဲ'

'ဟုတ်ကဲ့....စိတ်ချပါ ဦးလေးချင်ပို၊ ကျွန်တော် ဦးလေးမှာတဲ့အတိုင်း တစ်သဝေမတိမ်း ပြန်ပြောလိုက်ပါ့မယ်'

တိရှန်ဖ ိးက အလိုက်သင့်သာ ပြန်ပြောလိုက်ရသည်။

ရွှေလှံပျံ သိုင်းသမား ချင်ပို၏ သတိပေးစကားကို အပြည့်အဝ နားလည်သည်တော့မဟုတ်။

သို့သော် သူ့ ဖခင်အတွက် တန်ဖိုးရှိသော သတိပေးစကား ဖြစ်မည်ဟုတော့ တွက်ဆလိုက်မိ၏။

'ကဲ....ဒါဆို ငါသွားမယ် တိရှန်ဖ ိး၊ မင်းတို့သားအဖ ကံကောင်းပါစေကွာ'



ရွှေလှံပျံ သိုင်းသမားချင်ပိုက ဆုတောင်းစကား ဆိုပြီးသည်နှင့် တောအုပ်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါကျမှ တိရှန်ဖ ိးက....

'ကျုပ်တို့ ကံကောင်းတယ်....ချန်ရှင်းလီ၊ ဦးလေးချင်ပိုသာ အချိန်မီ ရောက်မလာခဲ့ဘူးဆိုရင် ကျုပ်တို့ နှစ်ယောက်ရဲ့ အဖြစ်က မတွေးရဲစရာပဲ'

'ဟုတ်တယ် တိရှန်ဖ ိး၊ တကယ်တော့ ဦးလေးချင်ပိုဟာ ကျွန်မတို့နှစ်ယောက်စလုံးရဲ့ ကျေးဇူးရှင်ပါပဲလေ'

'ကဲ....စကားပြောနေလို့ မပြီးသေးဘူး၊ ခင်ဗျားဒဏ်ရာက သွေးထွက်မလွန်ခင် အိမ်ကို အမြန်ရောက်အောင်ပြန်မှ ဖြစ်မယ်'

တိရှန်ဖ ိးက ခုမှ ဒဏ်ရာကို သတိပြန်ရသွားပြီး အရေးတကြီး လေသံဖြင့် ပြောလိုက်သည်။ ထိုခဏမှာပင် ချန်ရှင်းလီ၏ မျက်နှာလေးက ကွက်ခနဲ ပျက်သွားပြီး....

'ဟို....ဟို... ကျွန်မဒဏ်ရာက ဒီလောက်မဟုတ်ပါဘူးရှင်၊ ကျွန်မအတွက်နဲ့ ရှင့်အဖေ အလုပ်ရှုပ်နေပါ့မယ်၊ ဒီဒဏ်ရာလောက်ကတော့ ရွာပြန်ရောက်မှ ရွာထဲက သမားတော်ဆီမှာ ဆေးထည့်လိုက်ရင်ပဲ ဖြစ်ပါတယ်'

ပျာပျာသလဲဖြင့် ငြင်းဆန်လိုလာသည်။ သို့သော် တိရှန်ဖ ိးကမူ ထိုစကားကို လုံးဝ လက်မခံချေ။

'မဟုတ်တာဗျာ၊ ရွာက သမားတော်က ကျုပ်အဖေထက်တော့ ပိုပြီး မတော်နိုင်ပါဘူး၊ နောက်ပြီး ခင်ဗျားတို့ရွာကို

ပြန်ရမှာထက်စာရင် ကျုပ်တို့အိမ်က အများကြီး ခရီးပို့ပါတယ်၊ ကဲ....ဘာဘာညာညာတွေ လျှောက်ပြောမနေနဲ့၊ ခင်ဗျားက အားနာလို့ မလိုက်ချင်ဘူးဆိုရင်လဲ ကျုပ်ကတော့ မရရအောင်ကို ဆွဲခေါ်သွားမှာပဲ’

ဇွတ်တရွတ်နိုင်သော တိရှန်ဖီးက စကားဆုံးသည်နှင့် ချန်ရှင်းလီ၏ ဘယ်လက်ကို အတင်းဆွဲကိုင်ကာ တာကူမြို့ဘက်သို့ ဆွဲခေါ်သွားတော့သည်။

ထို့ကြောင့် ချန်ရှင်းလီမှာ စိတ်မသက်မသာပုံစံဖြင့်ပင် ကန့်လန့် ကန့်လန့်နှင့် တာကူမြို့ထဲသို့ ပါသွားလေတော့သည်။

## ( ၁၈ )

‘ဟာ....လူလေး၊ ရေကြီးသုတ်ပျာနဲ့ ဘယ်လိုဖြစ်လာတာလဲကွ၊ ဟင် မိန်းကလေး လက်မောင်းမှာလဲ ဒဏ်ရာရလာပါလား’

လျှပ်စီးခါး တိယန်းစင်က သူတို့ကို တွေ့တွေ့ချင်းမှာပင် အံ့ဩမှုတို့ ဖုံးလွှမ်းနေသော မျက်နှာမျိုးဖြင့် ဆီးမေးသည်။

တိရှန်ဖီးက ဖခင်ဖြစ်သူကို ဘာမှ ပြန်မဖြေသေးဘဲ ချန်ရှင်းလီကိုသာ ထိုင်ခုံတစ်ခုတွင် အရင်ဝင်ထိုင်ခိုင်းလိုက်သည်။

ပြီးတော့မှ ဖခင်ဖြစ်သူကို မော့ကြည့်လိုက်ကာ....

'ဘယ်လိုဖြစ်လာတယ်ဆိုတာကို ကျွန်တော် နောက်တော့ ပြည့်ပြည့်စုံစုံ ရှင်းပြပါမယ် ဖေဖေ၊ ခုလောလောဆယ်တော့ သူ့ဒဏ်ရာကို အရင်ဆေးထည့်ပေးလိုက်ပါဦး၊ ဒဏ်ရာက သိပ်မပြင်းပေမယ့် သွေးထွက် တအားများနေတာ ဖေဖေ အမြင်ပဲ'

'ဩော်....အေး....အေး၊ ဒါဆို သူ့ကို ဖေဖေ အရင်ဆေးကုပေးရမှာပေါ့ကွယ်'

သမားတော်ကြီးဘဝကို ရောက်ရှိနေသော လျှပ်စီးဓား တိယန်းစင်က ခေါင်းညိတ်ရင်းပြောသည်။ ထို့နောက်မှာတော့ ချန်းရှင်းလီ၏ ညာလက်မောင်းမှ ဒဏ်ရာကို ဂရုတစိုက်ပင် ကုသပေးလိုက်တော့သည်။

'ကဲ....ဒါဆိုရင် ဘာမှ စိုးရိမ်ဖို့ မရှိတော့ပါဘူး၊ နောက် သုံးလေးရက်လောက်ဆိုရင် သမီးလက်က ဒဏ်ရာကပျောက် သလောက် ဖြစ်သွားပါလိမ့်မယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်'

'ကိစ္စမရှိပါဘူး သမီးရယ်၊ ဦးကြီးက သမားတော်ဘဝကို ခံယူထားတာဆိုတော့ ဒဏ်ရာရလာတဲ့သူမှန်ရင် ကုသပေးရမယ့် တာဝန်ရှိပါတယ်၊ နောက်ပြီး သမီးက ဦးကြီးသားရဲ့ မိတ်ဆွေဖြစ်နေတော့ ပိုပြီးတောင် ဂရုစိုက်ကုသပေးရဦးမှာပေါ့၊ ဒါထက် သမီးနာမည်က....'

'ချန်ရှင်းလီပါ'

ချန်ရှင်းလီက ပြန်ဖြေသည်။



'မှန်တာပေါ့ လူလေးရာ၊ ကြုံတုန်းကြိုက်တုန်း လူလေးက အိမ်ကိုတစ်ခါတည်း ခေါ်ခဲ့တာမဟုတ်ဘူး'

'ကျွန်တော် သူ့ကို ခေါ်ကြည့်ပါသေးတယ်၊ ဒါပေမယ့် သူက ခုလောလောဆယ်တော့ မလိုက်အားသေးဘူးတဲ့၊ သူ့မှာ အရေးတကြီး ဆောင်ရွက်စရာကိစ္စလေးတွေ ရှိနေသေးတယ်တဲ့၊ အဲ....ဖေဖေ့ကို သူက စကားတစ်ခွန်းတော့မှာလိုက်တယ်'

'ဟေ....ဟုတ်လား၊ ပြောပါဦး လူလေးရာ၊ ရွှေလှံပျံ သိုင်းသမားက ဘာစကားတွေများ ထူးထူးခြားခြားမှာလိုက်လို့လဲ'

တိယန်းစင်က အလျင်စလိုမေးလိုက်သည်တွင် တိရှန်ဖေးက မျက်နှာထားကို အလျင်တည်လိုက်ပြီးမှ....

'သူ မှာလိုက်တာက ဝိညာဉ်ဝယ်သူ အချိန်မရွေးရောက်လာနိုင်တာမို့ အထူးသတိထား နေပါတဲ့၊ ဒါပါပဲ....ဖေဖေ'

တိရှန်ဖေးစကားအဆုံးတွင် တိယန်းစင် မျက်နှာက တစ်မျိုး ဖြစ်သွားသည်။

နောက်တော့ ချက်ချင်းပင် ပြုံးပြုံးရွှင်ရွှင် ပြန်လုပ်ပစ်လိုက်ပြီး....

'သူက စိုးရိမ်စိတ်နဲ့ သတိပေးတာဖြစ်ပါလိမ့်မယ်လူလေးရာ၊ ဝိညာဉ်ဝယ်သူက ဖေဖေ့ဆီတော့ ရောက်လာစရာ အကြောင်းမရှိပါဘူး'

'ဟုတ်ကဲ့ ကျွန်တော်လဲ ဒီလိုပဲ တွေးမိပါတယ် ဖေဖေ၊ ဝိညာဉ်ဝယ်သူနဲ့ ဖေဖေနဲ့က ပတ်သက်စရာအကြောင်းမှ မရှိတာ'

တိရှန်ဖ ီးက စိတ်သက်သာရာရသွားသည့်နှယ် ဝင်ပြောလိုက်မိသည်။

တိယန်းစင်က....

'ဟုတ်တယ်လူလေး၊ ဝိညာဉ်ဝယ်သူက လူတိုင်းကို လိုက်သတ်နေတာ မဟုတ်ပါဘူးကွာ၊ ဒါထက် ဒီကတူမလေးချန်ရှင်းလီက ဒီမှာ ညအိပ်မှာမဟုတ်လား'

– ချန်ရှင်းလီကိုလှတ်ခနဲမေးလိုက်ရာ ချန်ရှင်းလ ီကခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး....

'မ....မအိပ်တော့ဘူး.... ဦးကြီး.... ခုမှ နေတောင်မွန်းမတည့်သေးဘူးဆိုတော့ ကျွန်မ အိမ်ကိုပဲ ပြန်မှာပါ'

ပျာပျာသလဲ ငြင်းဆန်လိုက်သည်။ထိုအခါ တိရှန်ဖ ီးက ဝင်၍....

'ည မအိပ်ချင်ရင်လဲ နေပါ ချန်ရှင်းလ ီ၊ ဒါပေမယ့်ပနက်စာတော့ ဒီမှာပဲ စားသွားပါလို့ တောင်းပန်ပါရစေ'

'ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ သူများအိမ်မှာလုံးဝမစားတတ်လို့ပါ၊ နောက်ပြီး ကျွန်မ တစ်နေကုန်ပျောက်နေရင် ဖေဖေသိပ်ပြီး စိတ်ပူနေလိမ့်မယ်၊ ဒါကြောင့် ခုပဲ ပြန်ပါရစေတော့'

တိယန်းစင်က ဘယ်နှယ်ရှိစဟူသောအကြည့်မျိုးဖြင့် သားဖြစ်သူကို ဟန်ပါပါလှမ်းကြည့်လိုက်သည်။



ချန်ရှင်းလ ီမှာ ရုပ်ချည်လှပသလောက် ခေါင်းမာကာတစ်ဇွတ်ထိုးနိုင်လှသူဟု တိရှန်ဖ ီးက သိထားပြီးဖြစ်၍ဟန့်တားရန် စိတ်မကူးတော့ဘဲ....

'ကောင်းပြီလေ၊ ခင်ဗျားက ခုပဲ ပြန်မှဖြစ်မယ်ဆိုရင်လဲ ပြန်ပေါ့၊ ဒါပေမယ့် ကျုပ်တော့ အိမ်တိုင်ရာရောက်လိုက်ပို့ပေးပါရစေ'

'ရှင့် ကူညီမှုအတွက် ကျေးဇူးတင်ပါတယ် တိရှန်ဖ ီး၊ ဒါပေမယ့် လက်မခံပါရစေနဲ့ရှင်၊ ကျွန်မဖေဖေက အလွန်နားလည်ရခက်တဲ့ လူတစ်ယောက်လို့ ရှင့်ကို ကျွန်မပြောခဲ့ဖူးပါတယ်'

'မှန်ပါတယ် ချန်ရှင်းလ ီ၊ ဒါပေမယ့် ခုဟာကခင်ဗျားက ဒဏ်ရာကြီးနဲ့မို့လို့ ကျုပ်က စိုးရိမ်စိတ်နဲ့ ပြောတာပါ'

တိရှန်ဖ ီးက ထိုသို့ပြောလိုက်သည်တွင် ချန်ရှင်းလ ီက လက်မောင်းမှ ဒဏ်ရာကို ပြန်ငုံ့ကြည့်သည်။

ပြီးလျှင်ခေါင်းကို ခပ်ဖြည်းဖြည်းပြန်မော့ လိုက်ကာ....

'ဒဏ်ရာက ဘာမှစိုးရိမ်စရာ မရှိတော့ပါဘူးရှင်၊ ဆေးလဲထည့်ထားပြီးပြီဥစ္စာ၊ ကဲ ...ကျွန်မသွားတော့မယ်၊ ဒီကဦးကြီးလဲ ကျွန်မကို သွားခွင့်ပြုပါဦး'

'ကောင်းပါပြီကွယ်'

သူတို့သားအဖနှစ်ယောက်ကို နှုတ်ဆက်ပြီး ညီနှင့် ချန်ရှင်းလ ီက အိမ်ထဲမှ ခပ်အေးအေးပင် လှမ်းထွက်သွားတော့သည်။

တိရှန်ဖ^ီးမှာ နားလည်ရခက်သည့် မိန်းမလှလေးကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်လို့ နေမိသည်။

ထို့နောက် သက်ပြင်းကို မျှဉ်းမျှဉ်းချကာ ပြန်လှည့်လိုက်သည့်အခါမှာတော့ ဖခင်ဖြစ်သူ တိယန်းစင်က....

'လူလေးရဲ့မိတ်ဆွေမိန်းကလေးက တော်တော် ပဟေဠိဆန်တာပဲကွ'

မှတ်ချက်ချသံဖြင့် ပြောသည်။

ထိုစကားမှာ အမှန်ပင်ဖြစ်၍ တိရှန်ဖ^ီးကလည်းခေါင်းညိတ်လိုက်ကာ....

'ဟုတ်တယ်ဖေဖေ၊ သူက သာမန်မိန်းကလေးတွေနဲ့ သိပ်မတူတာတော့ အမှန်ပဲ'

'ဒါထက် သူနေတာက....'

'ဟန်ချင်းရွာတဲ့'

'ဟန်ချင်း ဟုတ်လား၊ ဒါဆိုရင်တော့ ဒီနဲ့သိပ်မဝေးလှပါဘူး၊ တောအုပ်တစ်ခုလွန်သွားရင် ရောက်သွားတာပဲ'

'ဟုတ်တယ် ဖေဖေ၊ ဒါပေမယ့် သူ့အိမ်ကိုသွားလည်ဖို့ကတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ လူလေးရ'

လျှပ်စီးခါးတိယန်းစင်ကမျက်မှောင်ကြုတ်၍သိချင်သလိုပြန်မေးသည်။

တိရှန်ဖ^ီးက....



'သူ့ပြောစကားအရဆိုရင် သူ့အဖေက သိပ်ဒေါသကြီးတယ်တဲ့၊ သူ့ကိုလဲ ဘယ်ယောကျ်ားလေးနဲ့မှ မပေါင်းရဘူးလို့ အမိန့်ထုတ်ထားတယ်တဲ့၊ ဒါကြောင့် သူ့အိမ်ကိုသွားလည်ရင် သူ့အဖေက လိုက်ရိုက်ထုတ်မှာ သေချာတယ်'

'ဒီလောက်တောင်ပဲ သူ့အဖေက စိတ်ကြီးသလား'

'သူပြောပုံအရဆိုရင်တော့ ဒီထက်တောင် ပိုဆိုးမယ်ပုံပဲ၊ ကျွန်တော်သွားလည်တာ မကျေနပ်လို့ ရိုက်ထုတ်တာ အကြောင်းမဟုတ်ဘူး၊ ဒီအတွက် ချန်ရှင်းလ^ီကို မဲပြီး နှိပ်စက်မယ်ဆိုရင်တော့ ကျွန်တော် ဘယ်လိုမှ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး'

သားဖြစ်သူ၏ စကားအသွားအလာကိုကြည့်၍ တိယန်းစင်မှာ ငယ်ရာကကြီးလာသူပီပီ တိရှန်ဖ^ီးရင်ထဲမှ ချန်ရှင်းလ^ီအပေါ် ထားရှိသည့်သံယောဇဉ်ကို နားလည်သွားလေသည်။

သို့သော် ဖွင့်ပြောလိုက်လျှင် သားဖြစ်သူ ရှက်ကိုးရှက်ကန်း ဖြစ်သွားမည်ဟု စဉ်းစားမိ၍ တိယန်းစင်က မသိချင်ယောင်ဆောင်နေလိုက်သည်။

တိရှန်ဖ^ီးကမူ သူ့အဖေ ကျိတ်ပြုံးနေသည်ကို မသိဘဲ ဆက်ပြောလိုက်သည်။

'သူ့အဖေက ဘာကြောင့် ဒီလောက်စိတ်ကြီးနေတာလဲ မသိဘူးနော်'

'ဒါကတော့ သူ့မှာ အကြောင်းတယ်ခုခုရှိလို့ဖြစ်မှာပေါ့ လူလေးရာ၊ ဒါထက် လူလေးကို အဖေ တစ်ခုတော့ မှာရဦးမယ်'

'ဘာမှာ မှာလဲ ဖေဖေ'

'ဩော်....ကျားညီနောင်က သားကို ရန်ငြိုးဖွဲ့ထားတာ မဟုတ်လား၊ ဒီတော့ သား အနေအထိုင် နည်းနည်းဆင်ခြင်ဖို့ မှာမလို့ပါ သားရာ'

'ဟုတ်ကဲ့ပါ ဖေဖေ၊ ကျွန်တော် အနေအထိုင်ဆင်ခြင်ပါ့မယ်'

သားလိမ္မာ တိရှန်ဖိုးက ဖခင်ဖြစ်သူ စိတ်ချမ်းသာသွားစေရန် မဆိုင်းမတွပင် ကတိပေးလိုက်လေတော့သည်။

( ၁၉ )

တိုင်ကောက်ရွာ။

တိုင်ကောက်ရွာမှာ ကန်တုန်နယ်အတွင်းရှိ ရွာတစ်ရွာဖြစ်ပြီး တာကူမြို့နှင့် မနီးမဝေးလောက်တွင်ရှိပေသည်။

သို့သော် တာကူမြို့ထက်စာလျှင် ဖန်ဟွာမြို့နှင့် ပို၍နီးသည်ဟု ဆိုရမည်ဖြစ်သည်။

တိုင်ကောက်ရွာကား သာမန် လက်လုပ်လက်စား ဆင်းရဲသားများနေထိုင်သည့် ရွာငယ်တစ်ခုဖြစ်သည့်အားလျော်စွာ တခြားရွာများထက် ဘာမှ ပိုပြီးမထူးခြားလှချေ။

ရွာ့လယ်တွင် ဖြတ်သွား ဖြတ်လာ ခရီးသွားများကို အားပြုရေစေးချသည့် ထမင်းဆိုင်ငယ်တစ်ဆိုင် ရှိသည်။ ရွာလေးတစ်ခုမှ ထမင်းဆိုင်ဖြစ်သည်နှင့်အညီ ဆိုင်၏အဆင်အပြင်ကား စုတ်ပြတ်နုံချာလှပေသည်။

ခနော်နီခနော်နဲ့ ထိုင်ခုံများနှင့် ဟောင်းနွမ်းနေပြီ ဖြစ်သော စားပွဲခုံအို လေးငါးခြောက်လုံးခန့်ဖြင့် ဆိုင်ကို တန်ဆာဆင်၍ထားသည်ကို တွေ့ရသည်။

ခရီးသွားများမှာ ထိုနေရာတစ်ဝိုက်တွင် သည့်ပြင် အားကိုးစရာ ထမင်းဆိုင်မရှိသဖြင့် ထိုရွာသို့ရောက်လျှင် စိတ်မပါသော်လည်း ကျိတ်မှိတ်ပြီးစားသောက်ကြရသည်သာ ဖြစ်သည်။

ဤသို့ဖြင့် မဖြစ်မနေစားသောက်ရသူများကို အမှီသဟဲပြုကာ ထမင်းဆိုင်လေးမှာ အိပဲ့ပဲ့နှင့်ပင် ဆက်လက် ရပ်တည်လျက် ရှိနေလေသည်။

အချိန်ကား မွန်းတည့်ချိန်ဖြစ်သည်။

ထမင်းဆိုင်ထဲတွင် စားပွဲဝိုင်းတစ်ဝိုင်း၌သာစားသောက်သူရှိပြီး ကျန်စားပွဲလေးငါးလုံးခန့်မှာ ဟာလာဟင်းလင်းဖြစ်နေလေသည်။

ထို့ကြောင့် ဆိုင်အလုပ်သမားမထားဘဲ ကိုယ်တိုင် ကိစ္စအားလုံး ဝင်ရောက်လုပ်ကိုင်နေသော ဆိုင်ရှင်လင်မယားမှာ အနားရခိုက်တွင် ထိုင်ခုံလွတ်များ၌ထိုင်၍ ငိုက်မျည်းလျက်ရှိနေကြသည်။



တစ်ဝိုင်းတည်းသောစားသောက်နေကြသူများထံမှ ရယ်မောသံများပေါ်ထွက်လာသည်တွင် လင်မယားနှစ်ယောက်မှာ မျက်လုံးများပွင့်ပွင့်လာတတ်သော်လည်း တခဏချင်းပင် ပြန်လည်မှေးပိတ်သွားကြသည်သာဖြစ်သည်။

ဆိုင်ရှင်လင်မယားနှစ်ယောက်၏ ပုံစံကိုလည်း ကြည့်ဦး။ တကယ့်ကို ဟာသမြောက်သောလင်မယားဟုဆိုက လွန်မည်မဟုတ်ချေ။

ယောကျ်ားဖြစ်သူမှာ ပိန်ရှည်သော ခန္ဓာကိုယ်နှင့် ပြူးကျယ်သော မျက်လုံးရှိကာ မိန်းမဖြစ်သူမှာကား ပုဝသော ခန္ဓာကိုယ်နှင့် ရှေ့သို့ သိသိသာသာခေါ်ထွက်နေသော သွားများ ရှိလေသည်။

သူတို့ လင်မယားနှစ်ယောက် ယှဉ်တွဲရပ်နေမည်ဆိုလျှင် ဝါးခြမ်းပြားတစ်ချောင်းနှင့် ရာဝင်အိုးတစ်လုံးကို ယှဉ်တွဲထောင်ထားသကဲ့သို့ ထင်မှတ်ရပေသည်။

သို့ဖြစ်သောကြောင့် တိုင်ကောက်ရွာရှိ လူအားလုံးက သူတို့လင်မယား၏နာမည်ရင်းကိုမခေါ်ဘဲ ကိုဝါးခြမ်းပြားနှင့် မစဥ့်အိုးဟု နာမည်ပြောင်ကိုသာ အတည်လုပ်၍ ခေါ်လေ့ရှိသည်။

ပထမတော့ လင်မယားနှစ်ယောက်က ထိုသို့အခေါ်ခံရခြင်းအတွက် ဒေါသထွက်ကြသေးသည်။

နောက်တော့လည်း ပြောမရမှန်းသိ၍ လက်လျှော့လိုက်ကာ ထိုနာမည်ကိုပင် နာမည်သစ်တစ်ခု အဖြစ် ယူဆပြီး ဘာသိဘာသာပင် နေနေလိုက်ကြတော့သည်။

မည်သို့ပင်ဖြစ်စေ လင်မယားနှစ်ယောက်လုံးမှာ သဘောကောင်းကာ ပျော်တတ်သူများဖြစ်သည့်အတွက် တိုင်ကောက်ရွာ တစ်ရွာလုံးက ခင်မင်ကြသည်ကား အမှန်ပင်ဖြစ်သည်။

အချိန်မှာ မှန်းတည့်လုပြီ ဖြစ်သဖြင့် ဧရိးသွားများ ရောက်လာကြတော့မည် မဟုတ်ဟု ယူဆကာ လင်မယားနှစ်ယောက်လုံးက အေးအေးလူလူ ငိုက်မျဉ်းနေကြခြင်း ဖြစ်သည်။

သို့သော် သူတို့လင်မယားတွက်ကိန်း လွဲသွား၏။

အကြောင်းမူ ထိုအချိန်မှာပင် ရွာလယ်လမ်းပ နေပူကျဲကျဲကိုဖြတ်၍ ထမင်းဆိုင်ထဲသို့ လူစိမ်းတစ်ဦး ဝင်ရောက်လာသောကြောင့်ပင် ဖြစ်သည်။

အဆိုပါလူစိမ်းမှာ အသက်ငါးဆယ်ကျော်ခန့် ရှိမည် ဖြစ်ပြီး တောင့်တင်းကြံ့ခိုင်သော ကိုယ်ကာယလည်း ရှိသည်။

ဝတ်စုံညိုကြီးကို ဖိုးယိုးဖားယား ဝတ်ဆင်ထားသော ထိုလူကြီးမှာ ရုပ်ရည်က သိပ်အဆိုးကြီးတော့ မဟုတ်ချေ။

သို့သော် ပါးပြင်ပေါ်တွင် ကြီးမားသော အမာရွတ်ကြီးတစ်ခုက နေရာယူထားသည့်အတွက် သူ၏ရုပ်ရည်မှာအကျည်းတန်သလို ဖြစ်၍နေလေသည်။

ထိုလူကြီးက ဆိုင်ထဲသို့ ချက်ချင်း ဝင်မလာသေးဘဲ ဆိုင်ပေါက်ဝမှ တစ်ချက်အကဲခတ်သလို ကြည့်လိုက်သည်။

ထိုအခါ သစ်ခုတ်သမားတစ်စုမှာ ဟောင်ဖွာဟောင်ဖွာ ပြောဆိုနေကြရာမှ မီးကိုရေနှင့်သတ်လိုက်သည့်နှယ် ရုတ်ခြည်းပင် ငြိမ်ကျသွားကြသည်။



ထိုသို့ ငြိမ်ကျသွားကြခြင်းမှာ ခက်ထန် တင်းမာသော လူကြီး၏ မျက်နှာထားကြောင့် ဖြစ်သလို ကျောတွင် လွယ်ထားသောဓားကို မြင်လိုက်ရသည်ကလည်း တစ်ချက်အပါအဝင်ဖြစ်သည်။

# ( ၂၀ )

အမာရွတ်နှင့် လူကြီးက သစ်ခုတ်သမားများကို တစ်ချက်ကြည့်ပြီးမှ....

'ဒါ ထမင်းရောင်းတဲ့ဆိုင်လား'

မေးလိုက်ရာ သစ်ခုတ်သမား အုပ်စုထဲမှ သွက်သွက် လက်လက် အရှိဆုံးလူက....

'ဟုတ်....ဟုတ်ပါတယ် ခင်ဗျာ၊ ဒါ ထမင်းရောင်းတဲ့ဆိုင်ပါ'

အလိုက်သင့် ပြန်ဖြေလိုက်လေသည်။

သည်တော့မှအမာရွတ်နှင့်လူကြီးကာခေါင်းတစ်ချက်ညိတ်ကာ အပေါက်ဝနှင့်နီးသော ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ထိုင်ခုံများမှာ ကျုံးလုဆဲဆဲ ခနော်နီခနော်နဲ့ ထိုင်ခုံများဖြစ်သည့်အားလျော်စွာ လူကြီး ဝင်ထိုင်လိုက်သည့် အခါမှာ ညွတ်ခနဲ ယိမ်းထိုး၍ သွားလေသည်။

ထို့ကြောင့် ဝတ်စုံညိုနှင့် လူကြီးက....

'ဒီထိုင်ခုံတွေက ထင်းစိုက်ပစ်ဖို့တောင် ကောင်းနေပြီ၊ ဒီလောက်ယိုင်ရွဲ့နေတဲ့ ခုံတွေကို ဆိုင်ထဲမှာ ဆက်ထားနေတာတော်တော်ကို အံ့ဩဖို့ ကောင်းတာပဲ'

တစ်ယောက်တည်း ပြောသလိုလိုနှင့် အားလုံး ကြားအောင် ခပ်ကျယ်ကျယ်ပင် ရေရွတ် ပြောဆိုလိုက်လေသည်။

ထိုမျှအသံကျယ်ကျယ် ပြောလိုက်သည့်တိုင် ဆိုင်ရှင် လင်မယား၏မျက်လုံးများက ပွင့်ဟလာခြင်း မရှိချေ။

သို့ဖြစ်၍ ဝတ်စုံညိုနှင့် လူကြီးက မျက်မှောင် တစ်ချက်ကြုတ်လိုက်ကာ....

'မင်းတို့က ထမင်းရောင်းတဲ့ ဆိုင်လို့သာ ပြောတယ်၊ ငါ့ကို တစ်ယောက်မှလဲ လာမမေးစမ်းကြပါလားကွ'

'ဟုတ်ကဲ့၊ ဟောဟိုမှာ ထိုင်ငိုက်နေကြတဲ့ လင်မယားကဆိုင်ရှင် လင်မယားပါပဲ ခင်ဗျာ'

'ဪ....ညက အတော် အိပ်ရေးပျက်ရှာကြတယ်နဲ့ တူတယ်၊ အပြိုင်အဆိုင်ကို ငိုက်နေလိုက်ကြတာ'

'ငိုက်ဆို ဆိုင်ကလဲ ရောင်းကောင်းတာကိုး ခင်ဗျ'



အနည်းငယ် ရဲတင်းမှုရှိလာဟန်ဖြင့် သစ်ခုတ်သမား လူရွယ်တစ်ယောက်က နောက်ရွတ်ရွတ် ဝင်ပြောလိုက်ရာ ဝတ်စုံညိုနှင့်လူကြီးက မပြုံးချင်သလို ပြုံးချင်သလို ပြုံးရင်း....

'အေး....မင်းပြောတာလဲ မှန်တာပဲ၊ ငါလဲ ဗိုက်ဆာလွန်းလို့သာ ဝင်လာရတာ၊ ဆိုင်အဆင်အပြင်ကို မြင်လိုက်ရကတည်းက သိပ်မဟန်ဘူးလို့ ထင်တော့ထင်သား'

'ဒီလိုတော့လဲ မဟုတ်ပါဘူး ခင်ဗျာ၊ ဒီဆိုင်က ဖြစ်ကတတ်ဆန်း ပြင်ဆင်ထားပေမယ့် ဟင်းချက်တဲ့ နေရာမှာတော့....'

'ကောင်းတယ်ဆိုပါတော့'

'မဟုတ်ပါဘူး၊ လုံးလုံးသုံးမရဘူးလို့ ပြောမလို့ပါ'

'ကောင်းကွာ....ငါဖြင့် စားချင်စိတ်တောင် ကုန်သွားပြီ'

ဝတ်စုံညိုနှင့် လူကြီးက စိတ်ပျက်ဟန်ဖြင့် ပြောလိုက်သည်တွင် သစ်ခုတ်သမားတစ်စုက သဘောကျသလို ပြိုင်တူရယ်မောလိုက်ကြသည်။

ထို့နောက် ဝတ်စုံညိုနှင့် မျက်နှာစိမ်း လူကြီးက စိတ်လျော့လိုက်သော မျက်နှာမျိုးဖြင့်....

'ခုကျမှတော့ မထူးတော့ပါဘူးလေ၊ အရသာရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ဗိုက်ပြည့်ဖို့ အဓိကထားပြီး စားရတော့မှာပဲ'

ပြောလိုက်သည်။

ပြီးလျှင် စားပွဲခုံကို လက်ဝါးဖြင့် နှစ်ချက်တိတိ ဆက်၍ရိုက်လိုက်သည်။

'ဖြန်း....ဖြန်း'

သည်တစ်ကြိမ်မှာတော့ ဆိုင်ရှင်လင်မယားမှာ ဖြူးတူး ဖြဲတဲ့ ပုံစံများဖြင့် မျက်လုံးများ ပွင့်လို့လာကြသည်။

ထို့နောက် မျက်နှာစိမ်းလူကြီးကို တွေ့သွားသည်တွင် ဆိုင်ရှင် ကိုပိန်ရှည်က....

'ဩော်....ထမင်းစားမယ့်သူ ရောက်နေတာကိုး'

'ဟုတ်ပါ့ဗျာ၊ ကျုပ်က ဒီနေ့ စားမှစားရပါတော့မလား လို့တောင် အောက်မေ့ နေတာ၊ တော်ပါသေးတယ်၊ နေ မဝှောင်းခင် အချိန်မီ နိုးလာပေလို့၊ ကဲ.... ကျုပ်ကို ထမင်း တစ်ပွဲ ခပ်မြန်မြန်လေး ပြင်ပေးဗျာ၊ ဘာဟင်း ဖြစ်ဖြစ် လက်ရာက ညံ့မှာသေချာနေတော့ ဟင်း ရွေးမနေတော့ပါ ဘူး၊ ကြိုက်တဲ့ဟင်း ရှိတဲ့ဟင်းနဲ့သာ ပြင်ပေးပေတော့'

သူ့စကားအဆုံးတွင် ဆိုင်ရှင် လင်မယားမှာ လူကြီး အတွက် ထမင်းဟင်းများကို လေးတိလေးကန်ဖြင့်ပင် ထ၍ ပြင်ဆင်ပေးလေတော့သည်။

ခဏအကြာမှာတော့ လူကြီး စားပွဲပေါ်သို့ ထမင်း ပန်းကန်နှင့် ဟင်းပန်းကန်များ ရောက်ရှိသွားတော့သည်။

ထိုအခါ မျက်နှာတွင် အမာရွတ်ရှိသော လူကြီးက တူ နှစ်ချောင်းကို အဝတ်ဖြင့် သုတ်သိုက်ရင်းမှ....

'ခင်ဗျားတို့ စားပွဲတွေ ထိုင်ခုံတွေကလဲ တကယ်ကို ရှိရှိ လေး ကိုင်တွယ်နေရပါလား၊ ဘာလဲ.... စားသောက်သူတွေ ဆီက အလျော်လိုချင်လို့ အဟောင်းအဆွေးတွေကို တမင် ဝယ်ပြီး ပြင်ထားတာလား'



'မဟုတ်ပါဘူးရှင်၊ ကျွန်မတို့မှာ အသစ်ထပ်ဝယ်စရာ ငွေကြေး မရှိသေးလို့ ဒီအဟောင်းတွေကိုပဲ ဆက်သုံးနေရ တာပါ၊ စားသောက်သူတွေအတွက် အသစ်ထပ်လုပ်မပေး နိုင်လို့ အားတော့နာပါတယ်၊ ဒါပေမယ့် သည်းခံပါလို့ပဲ တောင်းပန်ရတော့မှာပဲ'

ပုပုဝဝမိန်းမကြီးက ခန္ဓာကိုယ်နှင့်မလိုက်ဖက်သော သေး ညှက်ညှက်အသံဖြင့် လေပြေထိုးလိုက်ရာ လူကြီးက....

'ဒါပေါ့လေ.... အောက်မြေကြီးပေါ်မှာ ဆင်းထိုင်စား လို့မှ မဖြစ်တာ၊ ဒီတော့ ဒီထိုင်ခုံပေါ်မှာပဲ သည်းခံပြီး စား ရတော့မှာပေါ့'

ဘဝင်မကျသော လေသံမျိုးဖြင့် ပြန်ပြောလိုက်သည်။

နောက်တော့ လူကြီးက ထမင်းကို ခပ်မှန်မှန်ပင် စတင် စားသောက်လိုက်လေသည်။

ဆိုင်ရှင် လင်မယားမှာ လူကြီး ဟိန်းဟောက်မည်ကို ကြောက်၍ပဲလား၊ ဒါမှမဟုတ် အိပ်ရေးဝသွား၍ပဲလား တော့ မပြောတတ်။

ဆက်လက် ငိုက်မျဉ်းခြင်းမပြုတော့တဲ့ အူကြောင်ကြောင် မျက်နှာများဖြင့် ထိုင်၍သာနေကြတော့သည်။

ထိုစဉ် ဝတ်စုံညိုနှင့်လူကြီးက တစ်စုံတစ်ခုကို သတိရ သွားဟန်ဖြင့်....

'ဩော်....ဒါထက် ခင်ဗျားတို့ကို တစ်ခုတော့ မေးချင် သေးတယ်'

'မေးပါ ခင်ဗျာ'

'ကျုပ်မေးမှာက တခြားတော့ မဟုတ်ပါဘူး၊ ဝိညာဉ်ဝယ်သူ အကြောင်းပါ'

'ဝိညာဉ်ဝယ်သူ'

ဆန်းပြားသောနာမည်ကို ကြားလိုက်ရသဖြင့် ဆိုင်ရှင်ကိုလူပိန်မှာ ယောင်ချာချာဖြစ်သွားပုံ ရသည်။

သူ့ပိန်းမပုံစံကလည်း ထိုနည်းတူပင်။

သူတို့ လင်မယားမှာ ရိုးအသူများ ဖြစ်သည့်အတွက် ဝိညာဉ်ဝယ်သူအကြောင်း ဟုတ်တိပတ်တိ မသိကြချေ။

ဝိညာဉ်ဝယ်သူအကြောင်း အနည်းငယ် သိထားသူများကတော့ ဗဟုသုတအတန်အသင့်ရှိ၍ ပါးနပ်သော သစ်ခုတ်သမားများပင် ဖြစ်သည်။

သို့ဖြစ်၍ သစ်ခုတ်သမားများထဲမှ တစ်ယောက်က မနေနိုင် မထိုင်နိုင်ဖြင့် ဝင်၍....

'ဦးလေးက ဝိညာဉ်ဝယ်သူအကြောင်း သိချင်လို့လား'

'ဆိုပါတော့ကွာ၊ ဘာသဲ.... မင်းတို့က ဝိညာဉ်ဝယ်သူ အကြောင်း ပြောပြနိုင်လို့လား'

'ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်တော်တို့ကလဲ သူများသိတာထက်တော့ ပိုမသိဘာ အမှန်ပါပဲ'

သစ်ခုတ်သမားလေးက မယုတ်မလွန် ပြောလိုက်ရာ ဝတ်စုံညိုနှင့် လူကြီးက....

'ဒါဖြင့်လဲ မင်းသိထားသလောက်ပဲ ပြောပြစမ်းပါကွာ'

တောင်းဆိုလိုက်သည်တွင် သစ်ခုတ်သမားလေးက ခေတ္တမျှ စဉ်းစားဟန်ပြုလိုက်ပြီးမှ....



'ကျွန်တော်တို့ သိရသလောက်ဆိုရင်တော့ ဝိညာဉ်ဝယ်သူရဲ့ မျက်နှာအမှန်ကို မြင်တွေ့ဖူးတဲ့သူ မရှိသေးဘူးတဲ့'

'နောက်တော့ရော....'

'ဝိညာဉ်ဝယ်သူ လက်ချက်နဲ့ နာမည်ကြီး ထိပ်တန်း သိုင်းပညာရှင်ကြီးတွေ လေးငါးယောက်လောက် သေဆုံးကုန်ပြီလို့လဲ သိရတယ်'

'မင်းသိထားတာ ဒါအကုန်ပဲလား'

ဝတ်စုံညိုနှင့်လူကြီးက မချင့်မရဲဖြင့်မေးသည်။ သစ်ခုတ်သမားလေးက ခေါင်းညိတ်ပြရင်း....

'ဟုတ်ကဲ့၊ ကျွန်တော် သိထားတာကတော့ ဒီလောက်ပါပဲ'

'ဒါဆိုရင်တော့ ငါ သိထားတာထက် ဘာမှ ပိုမထူးပါဘူးကွာ၊ ငါက ဝိညာဉ်ဝယ်သူ ဘယ်မှာရှိနေတယ်ဆိုတာကို အဓိက သိချင်တာ'

'ဗျာ....'

သစ်ခုတ်သမားလေးက အံ့ဩသွားဟန်ဖြင့် ဝတ်စုံညိုနှင့်လူကြီးကို ကြည့်သည်။

လူကြီးကမူ တည်တည်ငြိမ်ငြိမ်ဖြင့်ပင်....

'ဟုတ်တယ်၊ ငါက ဝိညာဉ်ဝယ်သူနဲ့ တွေ့ချင်နေတာကွ'

'ကိစ္စကတော'

'ဒါကတော့ မင်းတို့ကို ပြောပြလို့ ဘယ်ဖြစ်ပါ့မလဲ'

လူကြီးက ပြောင်ကျကျပင်ပြင်းသည်။

နဂိုကတည်းက လူကြီးကိုလန့်နေသော သစ်ခုတ်သမား
များမှာ ဝိညာဉ်ဝယ်သူနှင့် တွေ့ချင်နေသည်ဟု သိလိုက်ရ
သဖြင့် ပို၍ ကြောက်ရွံ့သွားကြသည်။

ထို့နောက် ဝတ်စုံညိုနှင့်လူကြီးက ဆက်လက်မေးမြန်းမှု
မပြုတော့ဘဲ ထမင်းကိုသာ တွင်တွင်ငုံစား၍ နေမြန်သည်။

သစ်ခုတ်သမားများမှာ သူတို့ချင်းပင် စကားမပြောကြ
တော့ဘဲ လူကြီးကိုသာ မဝံ့မရဲစောင့်ကြည့်နေကြသည်။

ခဏအကြာမှာတော့ လူကြီးက အစား အသောက်ကို
လက်စသတ်လိုက်ဟန်ဖြင့် တူနှစ်ချောင်းကို ပန်းကန်ပေါ်
ကန့်လန့်တင်ထားလိုက်သည်။

ပြီးနောက် ပါးစပ်ကို လက်သုတ်ပဝါဖြင့်သုတ်လိုက်ရင်း
မှ....

'မင်းတို့ပြောသလောက်တော့လဲ မညံ့လှပါဘူးကွာ၊ ငါ
ကပဲ သိပ်ဆာနေလို့ပဲလားတော့ မသိဘူး၊ စားလို့တော့ တော်
တော်ဝင်သွားသား'

ကျေနပ်သလို ပြောလိုက်သည်။

ပြီးမှ ဆိုင်ရှင်လင်မယား ထိုင်နေရာသို့ လှမ်းကြည့်လိုက်
ကာ....

'ကဲ....ကျုပ်စားထားတာ ဘယ်လောက်ကျသလဲဗျို့'

လှမ်းမေးလိုက်သည်။

ထိုအခါ ကိုပိန်ရှည်က ထိုင်ရာမှထလာကာ စားသောက်
ထားသည်များကို တစ်ချက်ကြည့်လိုက်ပြီး....

'ကြေးပြားလေးပြားပဲကျပါတယ်ခင်ဗျာ'



တရိုတသေပြောလိုက်လေသည်။ ဝတ်စုံညိုနှင့် လူကြီးက
တစ်ချက်ပြုံးလိုက်ရင်း....

'ခင်ဗျားတို့ဆိုင်က ဈေးသက်သာသားပဲဗျ၊ ဒီဈေးနှုန်းနဲ့
မြို့လယ်မှာသွားဖွင့်မယ်ဆိုရင်တော့ ထိုင်စရာနေရာမရှိအောင်
ကို ရောင်းကောင်းမှာ သေချာတယ်'

'ဒါကတော့ နေရာဒေသကိုလိုက်ပြီး ကြည့်ရောင်းရတာ
ပေါ့ ဆရာရယ်၊ မြို့လယ်မှာဆိုရင်တော့ ဒီဈေးနှုန်းနဲ့ ဘယ်
ရောင်းနိုင်ပါ့မလဲ'

'ဟုတ်ပါ့ဗျာ၊ ခင်ဗျားစကားကလဲ မှတ်သားလောက်
စရာပါပဲ၊ ကဲ....ရော့....ရော့....ငွေဒင်္ဂါး တစ်ပြားပိုတာကို
ပြန်အမ်းမနေပါနဲ့တော့'

ဝတ်စုံညိုနှင့်လူကြီးက ဆိုင်ရှင် ကိုပိန်ရှည်၏ လက်ထဲကို
ငွေဒင်္ဂါးတစ်ပြားထည့်ပေးကာ ထိုင်ရာမှ ခပ်သွက်သွက် ထ
လိုက်သည်။

ထို့နောက် သစ်ခုတ်သမားများဘက်သို့ ကြည့်လိုက်ပြန်
ကာ....

'ကဲ....ငါ့ကို သွားခွင့်ပြုကြဦးနော်'

လှမ်းနှုတ်ဆက်သည်။

နောက်တော့ သစ်ခုတ်သမားများ ပြန်ဖြေသည်အထိပင်
မစောင့်တော့ဘဲ ထမင်းဆိုင်ထဲမှ ထွက်ခွာသွားလေတော့
သည်။ လူကြီး ထွက်ခွာသွားပြီး အတန်ကြာသည့် အခါကျမှ
ဆိုင်ရှင်ယောကျ်ားဖြစ်သူက လက်ထဲမှ ငွေပြားကို ငုံ့ကြည့်
လိုက်ကာ....

'တော်တော်တော့ စေတနာကောင်းတဲ့လူပဲကွာ၊ ကြေး ပြား ပြန်အမ်းမှာကိုတောင် ယူမသွားတော့ဘူး'

ဝမ်းသာအားရပြောလိုက်သည်။

ကျသင့်သည်ထက်ပိုရလိုက်သဖြင့် ဆိုင်ရှင်မိန်းမ၏မျက်နှာမှာလည်း ရွှင်ပျ၍နေလေသည်။

သို့သော် ပဟေဠိဆန်သော လူကြီးကိုကြည့်၍ ဝေခွဲမရဖြစ်နေသော သစ်ခုတ်သမားများကမူ မှုန်ကုပ်ကုပ်မျက်နှာများဖြင့်သာ ရှိနေကြသည်။

ထို့နောက် သစ်ခုတ်သမားများထဲမှ တစ်ယောက်က ကောက်ကာငင်ကာဖြင့်....

'ဒီလူကြီးဟာ သိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်မှာတော့ သေချာတယ်၊ ဒါပေမယ့် ဝိညာဉ်ဝယ်သူကိုဘာကြောင့်တွေ့ချင်နေတာလဲဆိုတာကိုတော့ စဉ်းစားလို့မရဘူး'

'သူ့မှာ အကြောင်းရှိလို့ ဖြစ်မှာပေါ့ကွာ၊ ဒါမှ မဟုတ် ဝိညာဉ်ဝယ်သူကို နှိမ်နင်းဖို့ တွေ့ချင်နေတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့'

တစ်ယောက်က ခပ်ပေါ့ပေါ့ဖြင့် ထင်ကြေးပေးသည်။ ထိုအခါ တစ်ယောက်က တွေးတွေးဆဆလေသံဖြင့်....

'ဒီလို တစ်ထစ်ချတွက်လို့တော့လဲ မရပြန်ဘူးကွ၊ ငါက တော့ ဝိညာဉ်ဝယ်သူဟာ ဒီလူကြီးများ ဖြစ်နေမလားလို့တောင် ထင်မိတယ်'



'မင်းကတော့ ကြောင်ပါ့ကွာ၊ သူကသာ ဝိညာဉ်ဝယ်သူဖြစ်နေရိုးမှန်ရင် ဝိညာဉ်ဝယ်သူကို တွေ့ချင်တယ်လို့ ပြောပါ့မလားကွ'

'ဟ....ဒါကတော့ တမင်တကာ ပရိယာယ်သုံးပြီး မေးတာဖြစ်မှာပေါ့ကွ၊ ဒါမှ သူ့အပေါ် သံသယမရှိ ဖြစ်တော့မှာကိုး၊ ငါကတော့ သူ့ကို သိပ်မသင်္ကာတာ အမှန်ပဲ'

'ဟုတ်ပါ့မလားကွာ....ငါကတော့ သိပ်မထင်ဘူး၊ ဝိညာဉ်ဝယ်သူဟာ ဒီလောက် ကသောကောင်းပါ့မလား'

တစ်ယောက်က စောဒကတက်သည်။

'ဒါကတော့ ပြောလို့ဘယ်ရပါ့မလဲကွာ၊ ဝိညာဉ်ဝယ်သူက လူသတ်တယ်ဆိုတိုင်း သဘောဆိုးလိမ့်မယ်လို့ တရားသေတွက်တားလို့ ဘယ်ရပါ့မလဲ၊ သူလူသတ်တာက အကြောင်းရှိလို့ သတ်တာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ငါတို့က သူနဲ့ ရန်ငြိုးရန်စ မရှိတဲ့သူတွေဖြစ်လို့ ကောင်းကောင်း မွန်မွန် ပြောဆိုသွားတာ မဖြစ်နိုင်ဘူးလား'

ထိုစကား အဆုံးမှာတော့ အားလုံး တွေဝေ၍ သွားကြသည်။

သတို့စိတ်ထဲတွင် စောစောက လူကြီးမှာ ဝိညာဉ်ဝယ်သူ ဖြစ်နိုင်သည်ဟူသော အတွေးတွေလည်း ဝင်လာကြသည်။

ထိုစဉ် ဆိုင်ရှင် ကိုပိန်ရှည်ကဝင်၍....

'မင်းတို့ပြောသလို ဝိညာဉ်ဝယ်သူ ဖြစ်တာ မဖြစ်တာက ငါ့အတွက် အဓိကမကျဘူး၊ အဓိက ကျတာက ငါ့ကို ငွေ

ဒင်္ဂါးတစ်ပြား ပေးသွားတာပဲ၊ ဒီလူ နေ့တိုင်းလာစားမယ်ဆိုရင် ငါတို့ တွက်ခြေအတော်ကိုက်မှာ သေချာတယ်'

'အင်း....ခင်ဗျားကတော့ ပိုက်ဆံရရင် ပျော်နေတဲ့သူပဲ၊ ဘယ်သူ ဘာဖြစ်ဖြစ် ဂရုမစိုက်ဘူးဆိုတာ သိပါတယ်'

သစ်ခုတ်သမား တစ်ယောက်က မကြည်မလင် မျက်နှာဖြင့် ပြန်ပြောသည်။

နောက်တော့ ကိုပိန်ရှည်ကို ဂရုမစိုက်တော့ဘဲ သစ်ခုတ်သမား တစ်စုမှာ ဝိဉာဉ်ဝယ်သူဟု ယူဆရသော လူကြီး၏ အကြောင်းကိုသာ တစ်ယောက် တစ်ပေါက် ပြောဆိုဝေဖန်လျက် ရှိနေကြတော့သည်။

## ( ၂၁ )

တိရွှန်ဖီးမှာ ချန်ရှင်းလီ၏ ဖခင်ဖြစ်သူကို ကြောက်၍သာ ဟန်ချင်းရွှာ လိုက်သွားချင်စိတ်ကို အောင့်အည်းမျိုသိပ်ထားရခြင်းဖြစ်သည်။

စင်စစ်တွင် ချန်ရှင်းလီ၏ မျက်နှာလှလှလေးကို တွေ့မြင်လိုစိတ်က ပြင်းပြ၍နေခဲ့သည်။

နောက်ပြီး ချန်ရှင်းလီ၏ လက်မောင်းမှ ဒဏ်ရာ သက်သာမှု ရှိမရှိကိုလည်း သိလိုလှသည်။

သို့ဖြစ်၍ အတတ်နိုင်ဆုံး စိတ်ကို ချုပ်တည်းထားသည့်ကြားမှပင် တစ်ပတ်ခန့်ကြာသည့်အခါမှာတော့ မည်သို့မျှ ချုပ်တည်းနိုင်စွမ်းမရှိတော့ချေ။

ကြောင့် ဖြစ်လိုရာ ဖြစ်စေ၊ ချန်ရှင်းလ ကို တွေ့ရလျှင်တော်ပြီဟူသော စိတ်ကူးဖြင့် ဟန်ချင်းရွာသို့ လိုက်သွားရန် ဖြတ်ဖြတ်သားသား ဆုံးဖြတ်လိုက်တော့သည်။

ထို့နောက် နောက်တစ်နေ့နံနက်စောစောတွင် ဖခင်ဖြစ်သူကို မြို့လယ်ဘက်သို့လမ်းလျှောက်ထွက်ဦးမည်ဟု အကြောင်းပြကာ ဟန်ချင်းရွာဘက်သို့ ဦးတည် လျှောက်လာခဲ့တော့သည်။

ဟန်ချင်းရွာသို့ သွားဦးမည်ဟု အမှန်အတိုင်း မပြောခြင်းမှာ ဖခင်ဖြစ်သူက စိုးရိမ်စိတ်ဖြင့် ဟန့်တားနေလိမ့်မည်ဟု တွေးမိသောကြောင့်ပင်ဖြစ်သည်။

တိရှန်ဖ ီးမှာ ချန်ရှင်းလ ီကို တွေ့မြင်လိုစိတ်ကို ရှေ့တန်းတင်၍သာ အရဲစွန့် ထွက်လာခဲ့ခြင်းဖြစ်သည်။

သူ့ရင်ထဲမှာတော့ တထိတ်ထိတ်နှင့် ရှိနေသည်။ အထ သဖြင့် နားလည်ရခက်သည်ဆိုသော ချန်ရှင်းလ ၏ ဖခင်ကြီးနှင့် တွေ့လျှင် သူ မည်သို့ ပြောကြားပြရပါမည်လဲ။

တိရှန်ဖ ီး ဦးနှောက်ခြောက်သွားသည်။ ဒါကတော့ မတတ်နိုင်။ ဟိုရောက်မှပင် မီးစဉ်ကြည့်ကရပေတော့မည်

ထိုသို့ ခပ်ပေါ့ပေါ့တွေးရင်း တိရှန်ဖ ီးက ခြေလှမ်းများကို ပိုသွက်ပစ်လိုက်သည်။



သို့ဖြင့် တောအုပ်ကိုပင် အနှောင့်အယှက်မရှိ ဖြတ်ကျော်၍ လာခဲ့သည်။

ကျားညီနောင်မှာ ခုရက်ပိုင်းအတွင်း ပြန်၍ ငြိမ်နေကြပြန်သည်။ ချန်ရှင်းလ ီ ပြောဖူးသလို ခုန်အုပ်ရန် အကွက်ချောင်းနေခြင်းပေပဲလား။

မည်သူပင်ဖြစ်စေ သူကတော့ ကျားညီနောင်ကို သိပ်ဂရုစိုက်လှချေ။ အကယ်၍ သူ့ကို လာတိုက်ခိုက်လျှင်လည်း တတ်နိုင်သလောက် ပြန်ခုခံဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။

တိရှန်ဖ ီးမှာ တောင်စဉ်ရေမရ တွေးတောရင်းဖြင့် လျှောက်သွားရာ ဟန်ချင်းရွာကို လှမ်းမြင်နေရသော နေရာကိုပင် ရောက်ရှိသွားလေသည်။

မကြာမီမှာပင် ချန်ရှင်းလ ီတို့သားအဖကို ရင်ဆိုင်ရတော့မည်ဟူသော အသိဖြင့် တိရှန်ဖ ီးက အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းရင်း ကြိုတင် အားမွေးထားလိုက်သည်။

ဟန်ချင်းရွာကား အိမ်ခြေငါးဆယ်ကျော်ခန့်မျှသာ ရှိသော ရွာလေးတစ်ရွာဖြစ်သည်။

သို့ဖြစ်၍ တစ်စုံတစ်ယောက်ကို မေးကြည့်လိုက်လျှင် ချန်ရှင်းလ ီတို့ အိမ်ကို အခက်အခဲမရှိ လိုက်ပို့ပေးလိမ့်မည်ဟု တိရှန်ဖ ီး ယုံကြည်မျှော်လင့်နေမိသည်။

ထို့နောက် စိတ်လှုပ်ရှားမှုအပြည့်ဖြင့် လျှောက်လာခဲ့ရာ ရွာထိပ်တွင် ယာလုပ်နေသော လူကြီးတစ်ယောက်ကို အခန့်သင့် သွားတွေ့တော့သည်။

ထို့ကြောင့် တိရှန်ဖိုးက ချန်ရှင်းလိ ဤရွာတွင် ရှိမရှိ သေချာအောင် အရင်မေးကြည့်မည်ဟု စိတ်ကူးလိုက်ကာ ပေါက်ပြားတစ်လက်ဖြင့် အလုပ်ရှုပ်နေသော ယာသမားကြီး နားသို့ ကပ်သွားမိသည်။

ထိုအခါ လူကြီးက ဖျတ်ခနဲ မော့ကြည့်လျက်....

'ဘာကိစ္စရှိလို့ပါလဲ မောင်ရင်'

စ၍ မေးခွန်းထုတ်လာလေသည်။ ယာသမားကြီးပုံစံမှာ သဘောကောင်းပြီး လူတစ်ဖက်သားကို ကူညီတတ်သော ပုံစံ မျိုးဖြင့် တိရှန်ဖိုး စိတ်ထဲတွင် ကျေနပ်သွားသည်။

'ဟုတ်ကဲ့....ဦးကြီး အလုပ်ရှုပ်နေ့တုန်း အနှောင့်အယှက် ပေးသလို ဖြစ်သွားတယ်ဆိုရင်တော့ ခွင့်လွှတ်ပါခင်ဗျာ'

တိရှန်ဖိုးက ယဉ်ယဉ်ကျေးကျေး နှုတ်ခွန်းဆက် တောင်း ပန် လိုက်ရာ ယာသမားကြီးက ကိစ္စမရှိပါဘူး ဆိုသည့် အဓိပ္ပာယ်မျိုးဖြင့် ပြုံး၍....

'ရပါတယ် မောင်ရင်ရယ်၊ ဒီလောက် ကူညီရလို့ ဘာမှ အလုပ် ပျက်မသွားပါဘူး၊ ကဲ...ပြော မောင်ရင့် ကိစ္စက ဘာလဲ'

'ခြော်....ကျွန်တော်က ကျွန်တော့်မိတ်ဆွေတစ်ယောက် ကို တွေ့ချင်လို့ ရောက်လာတာပါ၊ အဲဒါ ဒီရွာမှာ ကျွန် တော့်မိတ်ဆွေ ရှိမရှိ သိချင်လို့ပါ'

'မောင်ရင့် မိတ်ဆွေက မိန်းကလေးလား ယောကျ်ား လေးလား'

'မိန်းကလေးပါ'



'နာမည်ကရော'

'ချန်ရှင်းလိပါ ခင်ဗျာ'

'ချန်ရှင်းလိ....'

ယာသမားကြီးက သံယောင်လိုက်၍ တီးတိုး ရေရွတ် ကြည့်သည်။

ထို့နောက် မျက်မှောင် ကြုတ်၍ အတန်ကြာအောင် စဉ်းစားဟန်ပြုလို့နေသည်။

...းတော့မှ ခေါင်းကို ဖြည်းလေးစွာခါယမ်းလိုက်ရင်း....

'အဲဒီနာမည်မျိုးတော့ ကျုပ်မကြားဖူးတာ အမှန်ပဲ'

'ဟုတ်ရဲ့လား ဦးကြီးရယ်၊ သေသေ ချာချာ စဉ်းစား ကြည့်ပါဦး၊ သူကတော့ ဒီရွာမှာနေတယ်လို့ အသေအချာကို ပြောသွားတာပဲ'

တိရှန်ဖိုးက အားမလျှော့ဘဲ လေသံပျော့ဖြင့် မေတ္တာ ရပ်ခံလိုက်သည်တွင် ယာသမားကြီးက....

'ကျုပ် ဒီရွာမှာ နေလာတာကြာပါပြီ၊ ဒီ နာမည်မျိုး တစ်ခါမှကို မကြားမိသေးဘူး၊ ဒါထက် မိန်းကလေးက ဘယ်အရွယ်လောက်ရှိပြီလဲ'

'ကျွန်တော့်ထက် တစ်နှစ် နှစ်နှစ်လောက်တော့ ငယ် မယ် ထင်တာပဲ၊ သူ့အသက်ကို မေးမကြည့်ဘူးတော့ တိတိ ကျကျတော့ ကျွန်တော် မပြောနိုင်ဘူး'

'ဒီလောက်ဆိုရင် လုံလောက်ပါပြီ မောင်ရင်၊ ကျုပ်ပြော တာ မမှားပါဘူး၊ ဒီရွာမှာ အဲဒီနာမည်မျိုးနဲ့ မိန်းကလေး ရှိမနေတာ အမှန်ပါပဲ'

'သူက ချောတော့ တော်တော်ကြီးကိုချောတယ် ဦးကြီးရဲ့'

ချန်ရှင်းလီ၏ ထူးခြားသော အလှကို သတိရပြီး တီရှန်ဖ◌ီးက ပြောလိုက်သည်။

ထိုအခါ ယာသမားကြီးက မြုံးစိစိဖြစ်သွားရင်း....

'ချောတယ် ဆိုတာလောက်နဲ့တော့ ရှာဖို့ မလွယ်ဘူး မောင်ရင်ရဲ့၊ ဘာလို့လဲဆိုတော့ နေရာတိုင်းမှာ ချောတဲ့ မိန်းကလေးတွေ ရှိနေကြတာချည်းမို့လို့ပဲ'

ပြန်ပြောလာ၏။

သည်တော့မှ တီရှန်ဖ◌ီးမှာ ရှက်သလိုလိုဖြစ်သွားကာ...

'ဟို....ဒါတော့ မှန်ပါတယ် ဦးကြီး၊ ကျွန်တော် ဆိုလိုတာက သူ့အလှက ထူးထူး ခြားခြားရှိတယ်လို့ ဆိုလိုတာပါ'

'ဩော်....ဒီလိုလား၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဒီဟန်ချင်းရွာမှာ ချန်ရှင်းလီဆိုတဲ့ နာမည်မျိုးနဲ့ မိန်းကလေး တစ်ယောက် ရှိမနေတာကတော့ သိပ်ကိုသေချာပါတယ်၊ ဒါထက် အဲဒီမိန်းကလေးနဲ့ မောင်ရင်က ဘယ်မှာဆုံပြီး ဒိတ်ဆွေဖြစ်ခဲ့တာလဲ'

'တာကူမြို့ပေါ်မှာပါခင်ဗျာ၊ ကျွန်တော်က တာကူမြို့မှာ နေတာပါ'

'ဩော်....ဒါဆို မောင်ရင်နေတာက နီးတော့နီးသားပဲ၊ နေဦး....မောင်ရင်ရဲ့၊ မောင်ရင် နားကြားလွဲတာများဖြစ်နေ



မလား၊ မိန်းကလေးပြောတာက ဟန်ချင်းနဲ့ ခပ်ဆင်ဆင်တူတဲ့ တခြားရွာဖြစ်ချင်ဖြစ်လိမ့်မယ်'

ယာသမားကြီးက တွေးတွေးဆဆဖြင့် ဖြစ်နိုင်ချေရှိသည်ကို ပြောသည်။

သို့သော် သူကတော့ ထိုစကားကို လက်မခံလို။

ချန်ရှင်းလီပြောသည်မှာ ဟန်ချင်းရွာသာလျှင်ဖြစ်သည်ဟု သူ ယုံကြည်သည်။

ထို့ကြောင့် တီရှန်ဖ◌ီးက ခေါင်းကို အသာအယာ ခါယမ်းလိုက်ပြီး...

'ဒါတော့ မဖြစ်နိုင်ဘူး ဦးကြီးရဲ့၊ သူပြောတာကို ကျွန်တော် နားနဲ့ဆတ်ဆတ် ကြားခဲ့တာပဲဟာ၊ နားကြားလွဲတာ မဟုတ်နိုင်ပါဘူး၊ ဟန်ချင်းမှ ဟန်ချင်းစစ်စစ်ပါ'

ခိုင်ခိုင်မာမာပင် ပြန်ပြောလိုက်သည်။

ထိုအခါမှာတော့ ယာသမားကြီးက တစ်ချက်တွေဝေသွားပြီး....

'ဒါဖြစ်ရင်တော့ မိန်းကလေးက သူနေတဲ့ နေရာမှန်ကို မသိစေချင်လို့ တမင်တကာလွဲပြောသွားတာလို့ပဲ တွေးစရာရှိတော့တယ်'

သူ့ထင်ကြေးကို ပြောသည်။

ထိုစကားကိုတော့ တီရှန်ဖ◌ီး မဖြစ်နိုင်ဟု မပြောရဲချေ။ သူ့ဖခင်နှင့် ထိပ်တိုက်တွေ့လျှင် ပြဿနာဖြစ်မည်ဟု တွေးမိသောကြောင့် ချန်ရှင်းလီက တမင်တကာ ရွာနာမည် လွှဲပြောသွားခြင်းဖြစ်နိုင်သည်။

ထိုသို့ စဉ်းစားမိ၍တိရှန်ဖိုးက ခေါင်းကို အလျင်အမြန် ညိတ်လိုက်သာ....

'အင်း....ဒါတော့ဖြစ်နိုင်တယ် ဦးကြီး၊ သူက သူနေတဲ့ နေရာကို မသိစေချင်လို့ ရွာနာမည် လွှဲပြောသွားတာ ဖြစ်နိုင်တယ်'

'ဒါဆိုရင်တော့ မင်းမိတ်ဆွေ မိန်းကလေးကို ဘယ်လို ယူဆရမယ်မှန်းတောင် မသိတော့ဘူး၊ ကိုယ့်မိတ်ဆွေကိုများ တမင်တကာ လွှဲပြောသွားရတယ်လို့'

'ဒါကတော့ သူ့မှာ အကြောင်းတစ်ခုခုရှိလို့ဖြစ်မှာပေါ့ ဦးကြီးရာ၊ ဒါထက် ဒီရွာမှာ ချန်ရှင်းလီ မရှိတာတော့ သေချာတယ်နော်'

'သိပ်သေချာတာပေါ့ မောင်ရင်ရာ၊ အကယ်၍ မောင်ရင့် စိတ်ထဲ ဘဝင်မကျသေးဘူးဆိုရင် တစ်ရွာလုံး တစ်အိမ်တက် ဆင်း လိုက်မေးကြည့်ချင် မေးကြည့်နိုင်ပါတယ်၊ အဖြေက တော့ တစ်မျိုးတည်းထွက်လာမှာပဲ'

ယာသမားကြီးက သူ့စကားခိုင်လုံကြောင်း သက်သေ ပြဟန်ဖြင့် ပြောသည်။

တိရှန်ဖိုးက မချိပြုံးပြုံး၍....

'လိုက်မေးမကြည့်တော့ပါဘူး ဦးကြီးရာ၊ ဦးကြီးစကား ကို ကျွန်တော်ယုံကြည်ပါတယ်၊မေးတာက ပိုသေချာအောင် လို့ ထပ်မေးကြည့်တဲ့သဘောပါ၊ ကဲ....ဒါဖြင့် ကျွန်တော် ကို သွားခွင့်ပြုပါဦး၊ အလုပ်ရှုပ်နေတဲ့ကြားထဲက ခုလို စိတ်



ရှည်လက်ရှည် ပြန်ဖြေပေးတဲ့အတွက်လဲ ဦးကြီးကို ကျေးဇူး တင်ပါတယ်'

'ကိစ္စမရှိပါဘူး မောင်ရင်ရာ၊ မောင်ရင်တွေ့ချင်တဲ့သူ မရှိတဲ့အတွက် ကျုပ်ကတောင် စိတ်မကောင်းဖြစ်မိပါသေး တယ်'

'ဒီအတွက်တော့ စိတ်မကောင်းမဖြစ်ပါနဲ့ ဗျာ၊ သူနဲ့ တစ်နေ့မဟုတ်တစ်နေ့တော့ ပြန်တွေ့မှာပါ၊ ကဲ....ကျွန်တော့် ကို ခွင့်ပြုပါဦးနော်'

တိရှန်ဖိုးက ယာသမားကြီးကို နှုတ်ဆက်ပြီးသည်နှင့် ဟန်ချင်းရွာထဲသို့မဝင်တော့ဘဲ လာလမ်းအတိုင်းသာ ပြန် လှည့်လာခဲ့တော့သည်။

သူ့ကို ချန်ရှင်းလီ ဘာကြောင့် လိမ်ညာပြောသွားခဲ့ရ တာလဲ။

တိရှန်ဖိုး ဉာဏ်မီသလောက် စဉ်းစားကြည့်သည်။

သို့သော် ကျေနပ်လောက်သောအဖြေကား မရ။

## ( ၂၂ )

အချိန်ကား သန်းခေါင် မရောက်တစ်ရောက် ညဉ့်ဦး အချိန်။

တာကူမြို့မြောက်ဘက်ကျကျ ခြံကျယ်ကြီးအတွင်းရှိ အိမ်တစ်အိမ်မှာတော့ မီးရောင်က လင်းလက်လျက် ရှိနေလေသည်။

ထိုအိမ်ကတော့ လျှပ်စီးခေါ် တိယန်းစင်တို့ သားအဖ နေထိုင်သော အိမ်ဂေဟာကြီးပင် ဖြစ်သည်။

တိယန်းစင်နှင့် တိရှန်ဖီးတို့ သားအဖနှစ်ဦးမှာ ညှော်ခန်းထဲတွင် ထိုင်၍စကားပြောဆိုနေကြသဖြင့် မီးများလင်းချင်းနေခြင်း ဖြစ်ပေသည်။

'ကဲ....ညဥ့်တောင်တော်တော်နက်လာပြီ၊ အဖေတို့စကားပြောတာရပ်ပြီး အိပ်ရာဝင်ကြမှနဲ့တူတယ်'

လျှပ်စီးခေး တိယန်းစင်က ပြောပြောဆိုဆိုဖြင့် ထိုင်ရာမှထကာ တံခါးပေါက်ဆီသို့လျှောက်သွားသည်။

တံခါးမကြီးမှာမူ ယခုတိုင်ဖွင့်ထားဆဲဖြစ်သဖြင့် ပိတ်ရန်အတွက် လျှောက်သွားခြင်းဖြစ်သည်။

ထို့နောက် တံခါးပေါက်ဆီသို့အရောက်မှာပင် ခြံထဲကိုတစ်ချက်လှမ်းကြည့်ရင်း တိယန်းစင်စိတ်ထဲ တစ်မျိုးတစ်မည်ဖြစ်သွားသည်။

ထိုအခိုက်မှာပင် မှောင်ထဲမှ တစ်စုံတစ်ခု သူ့မျက်နှာဆီသို့ တိုးဝင်လာသည်ဟု အတွေ့အကြုံ အရ တိယန်းစင်သိလိုက်သည်။

'ဝုစ်....'

ထို့ကြောင့် ခေါင်းကို ဆတ်ခနဲငုံ့ချလိုက်သည်။ ဒါသည်ပင်လျှင် သူကံကောင်းသွားခြင်း ဖြစ်၏။

သူ ခေါင်းငုံ့အချလိုက်မှာပင် လေကို ထိုးခွဲ လာသောအရာက တံခါးရွက်တွင်စိုက်ဝင်သွားတော့သည်။

'ဒေါက်'



ဖခင်ဖြစ်သူကိုကြည့်နေသော တိရှန်ဖီးကလည်း နေရာမှဖျတ်ခနဲထကာ တံခါးပေါက်ဆီသို့ အပြေးအလွှားရောက်လာသည်။

ထို့နောက် သားအဖနှစ်ယောက် ခြံထဲသို့ လှမ်းကြည့်လိုက်ကြသည်တွင် မှိန်ပျပျလရောင်အောက်၌ ဝင်းထရံကိုခုန်ကျော်ထွက်သွားသော အရိပ်သဏ္ဍာန်တစ်ခုကိုသာ လှမ်းမြင်လိုက်ရတော့သည်။

'အင်း....နောက်ဆုံးတော့ မျှော်လင့်ထားတဲ့အတိုင်းကို မလွဲမသွေ ဖြစ်လာတာပါပဲလား'

ဖခင်ဖြစ်သူထံမှ ထိုစကားမျိုးကြားလိုက်ရသဖြင့် တိရှန်ဖီး အံ့သြသွားသည်။

'ဖေဖေက သူ့ကိုသိနေသလား'

'သိတာပေါ့ လူကလေးရဲ့'

'ဒါဖြင့် ခုနထွက်ပြေးသွားတာ ဘယ်သူလဲ'

'ဝိညာဉ်ဝယ်သူလေ'

'ဗျာ....'

တိယန်းစင်က ခပ်အေးအေးပြောလိုက်ခြင်း ဖြစ်သော်လည်း တိရှန်ဖီးမှာတော့ တုန်လှုပ်လို့သွားမိသည်။ ရှေးလုံ့ပျံသိုင်းသမားချင်ပို သတိပေးထားသည့်အတိုင်းပင် မလွဲမသွေဖြစ်လာပါပေါ့လား။

'ဒါဖြင့် ခုန သူပစ်သွားတာက....'

'သူကိုင်နေကျ ကြေးပြားလေးဖြစ်မှာပေါ့ လူလေးရာ'

တိယန်းစင်က မထူးခြားသလိုပြောရင်း တံခါးရွက်ကျင် တစ်ဝက်လောက်ထိ စိုက်ဝင်နေသော ကြေးပြားလေးကို အားစိုက်၍ထုတ်ယူလိုက်သည်။

ပြီးလျှင် လက်ဝါးထဲတွင်ထည့်၍ သားဖြစ်သူမြင်သာအောင် ဖြန့်ပြလိုက်သည်။

တိယန်းစင်ပြောတာ မမှား။

ဝိညာဉ်ဝယ်သူ ပစ်ခတ်သွားသည့်အရာမှာ ကင်းမြီးကောက် တံဆိပ်ခတ်နှိပ်ထားသော ကြေးပြားလေးတစ်ပြားပင်ဖြစ်၏။

'သူက ဖေဖေ့ကို စိန်ခေါ်တာလား၊ ဒါမှမဟုတ် တစ်ခါတည်း ဇာတ်သိမ်းသွားအောင် လုပ်ကြံတာလား'

'သူကစိန်ခေါ်တဲ့သဘောနဲ့ ပစ်သွားတာ ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် သတိပေါ့လျော့ပြီး နဖူးကို စိုက်ဝင်ခံရမယ်ဆိုရင်တော့ တစ်ခါတည်းလဲ ဇာတ်သိမ်းသွားနိုင်တာပေါ့လေ'

တိယန်းစင်ကပြန်ဖြေပြီးနောက် တံခါးရွက်နှစ်ရွက်ကို ဆွဲစေ့၍ ပိတ်လိုက်သည်။

ပြီးလျှင် သားအဖနှစ်ယောက် ဧည့်ခန်းထဲသို့ လျှောက်လာခဲ့ကြ ည်။

နောက်တော့ မူလထိုင်ခဲ့သော နေရာများတွင်ပင် ပြန်ဝင်ထိုင်လိုက်ကြသည်။

စောစောက ညဉ့်နက်၍ အိပ်တော့မည်ဟု ကြေညာခဲ့သော်လည်း ယခုအခါမှာတော့ နှစ်ယောက်စလုံးမှာအိပ်ရာဝင်လိုစိတ် မရှိကြတော့ချေ။



ဝိညာဉ်ဝယ်သူ၏ စိန်ခေါ်မှုကြောင့်သားအဖနှစ်ယောက်စလုံး စိတ်လှုပ်ရှား၍ နေခဲ့ကြပြီဖြစ်သည်။

ထို့နောက်တိရှန့်ဖီးကလည်း....

'ဒါကြောင့် ဦးလေးချင်ပိုက ဖေဖေ့ကို သတိထားနေဖို့ မှာလိုက်တာကိုး၊ ကျွန်တော်က စိုးရိမ်လွန်ပြီး မှာလိုက်တာပဲလို့ အောက်မေ့နေတာ၊ ခုကျတော့ ဦးလေးချင်ပိုပြောတဲ့အတိုင်း တစ်သဝေမတိမ်းကို ဖြစ်လာတာပဲနော်၊ ဒါထက် ဖေဖေ့ဆီကို တစ်နေ့မှာ ဝိညာဉ်ဝယ်သူ ရောက်လာလိမ့်မယ်လို့ ဦးလေးချင်ပိုက ဘယ်လိုလုပ်ပြီး ကြိုသိနေတာလဲ'

နားမလည်နိုင်သော လေသံမျိုးဖြင့် မေးလိုက်သည်တွင် လျှပ်စီးစား တိယန်းစင်က သက်ပြင်းတစ်ချက်ကို အသံမြည်အောင် ချလိုက်ရင်းမှ....

'ရွှေလှ ပျံ သိုင်းသမားချင်ပိုက အတပ်သိလို့ ပြောလိုက်တာတော့မဟုတ်ပါဘူးလူလေးရာ၊ ဝိညာဉ်ဝယ်သူက သေးသောက် ခုနှစ်ဖော်အဖွဲ့ဝင်တွေကို ပစ်မှတ်ထားပြီးလိုက်တိုက်ခိုက်နေတာကြောင့် ဖေဖေ့ကိုလဲ လိုရမည်ရ သတိပေးလိုက်တာ ဖြစ်မှာပါ'

'ဪ....ဒီအချက်ကိုကြည့်ပြီး ဦးလေးချင်ပိုက သတိပေးလိုက်တာကိုး၊ ဒါထက် ဝိညာဉ်ဝယ်သူက သေးသောက်ခုနစ်ဖော် အဖွဲ့ဝင်တွေကိုမှ ရွေးပြီး ဘာကြောင့် လိုက်စိန်ခေါ်နေရတာလဲ'

တိရှန့်ဖီးက သိချင်စိတ်ဖြင့် မေးမြန်းလိုက်ပြန်သည်။

ထိုအမေးစကားကြောင့် တိယန်းစင်၏မျက်နှာကတစ်မျိုးတစ်မည် ဖြစ်သွားသည်။

သို့သော် ဟန်ဆောင်ကောင်းသောတိယန်းစင်က သားဖြစ်သူ မရိပ်မိခင် မျက်နှာထားကို ချက်ချင်းပြန်ပြင်လိုက်ကာ....

'မပြောတတ်ပါဘူး လူလေးရာ၊ ဒါကိုတော့ ဝိညာဉ်ဝယ်သူကို မေးကြည့်မှပဲ သိရလိမ့်မယ်'

ခပ်လွယ်လွယ်ပင် ဖြေချလိုက်သည်။

လူကဲခတ်တော်သော တိရှန်ဖီးက တိယန်းစင်တစ်စုံတစ်ခုကို ဖုံးကွယ်နေမှန်း ရိပ်စားမိသည်။

သို့ရာတွင် အလိုက်သိတတ်သော သားလိမ္မာပီပီ မသိဟန်ဆောင်လိုက်လေသည်။

ပြီးမှ....

'ဒါထက် ဖေဖေတို့ သွေးသောက်ခုနှစ်ဖော်ထဲက ဘယ်နှစ်ယောက် ကျန်သေးလဲဟင်'

'တိတိကျကျပြောရရင်တော့ ဖေဖေနဲ့ မိုးကြိုးလက်သီးလိန်ရှုဝမ် နှစ်ယောက်ပဲကျန်တော့တယ် လူလေးရဲ့၊လိန်ရှုဝမ်ကို ဟိုတလောက လုပ်ကြံတာ မအောင်မြင်ခဲ့တော့ နောက်တစ်ကြိမ်ထပ်ပြီး လုပ်ကြံဦးမှာ သေချာတယ်၊ ခုလောလောဆယ်မှာ လိန်ရှုဝမ်ကို လွှတ်ပေးထားပြီးဖေဖေ့ဘက်ကိုမြားဦး လှည့်လာတဲ့သဘောပဲ'

'ဖေဖေ ဝိညာဉ်ဝယ်သူကို ပြန်ခုခံနိုင်ပါ့မလား'



'ဒါကိုတော့ ဖေဖေတို့နှစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်ပြီးမှပဲ တိတိကျကျပြောနိုင်လိမ့်မယ်'

မရေမရာနိုင်လှသော ဖခင်ဖြစ်သူ၏စကားကြောင့် တိရှန်ဖီးမှာ ခိုးလိုးခုလု ဖြစ်လို့သွားသည်။

## ( ၂၇ )

ထိုစဉ် တိယန်းစင်က ရှတ်တရက် ထရပ်ရင်း....

'လူလေး ခဏနေဦး၊ လူလေးကို ဖေဖေ လွှဲပေးစရာတွေ ရှိနေတယ်'

ပြောပြီးသည်နှင့် တိယန်းစင်က အိမ်အတွင်းခန်းထဲသို့ ဝင်သွားတော့သည်။

ထို့နောက် တစ်အောင့်လောက် အကြာမှာတော့ ဓား တစ်လက်နှင့် သိုင်းကျမ်းစာအုပ်ကိုယူပြီး အပြင်သို့ ပြန် ရောက်လာသည်။

ပြီးနောက် သူ့ရှေ့သို့ စာအုပ်နှင့်ဓားကို တင်ပေးရင်းမှ....

'အဲဒီဓားက ဖေဖေကိုင်ဆောင်ပြီး ရန်သူပေါင်းမြောက်မြားစွာ ဘုတ်သင်ခဲ့တဲ့ လျှပ်စီးဓားပဲ၊ ဒီသိုင်းကျမ်းစာအုပ်ကတော့ လျှပ်စီးဓားသိုင်းကျမ်း စာအုပ်ပဲ'

ပြောလိုက်သည့်တွင် တိရှန့်ဖီးက ဖခင်ဖြစ်သူကိုမော့ကြည့်၍ ပြန်မေးလိုက်၏။

'ကျွန်တော်က ဒီဓားနဲ့သိုင်းကျမ်းစာအုပ်ကို ဘာလုပ်ရမှာလဲ ဖေဖေ'

'ဟော.... ဘာလုပ်ရမှာလဲ ဟုတ်လား၊ ဖြစ်မှ ဖြစ်ရလေ လူလေးရာ၊ လူလေးက အကောင်ပြတာတောင် အရိပ်ကို လိုက်ရှာကြည့်ချင်နေသေးတယ်၊ သိုင်းကျမ်း စာအုပ်ရော ဓားပါ လွှဲပေးတဲ့နောက်တော့ လူလေးကို လေ့ကျင့်ခိုင်းတာပေါ့ကွ လူလေးရ'

'ကျွန်တော်က ဒီလျှပ်စီးဓား သိုင်းကျမ်းကို လေ့ကျင့်ရမယ် ဟုတ်လား ဖေဖေ'

တိယန်းစင်က ခေါင်းကို ညိတ်ပြသည်။

ပြီးမှ လေအေးအေးဖြင့်....

'ခုကျမှတော့ လူလေးကို လျှို့ဝှက်မထားတော့ပါဘူးလေ၊ လူလေးကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြပါတော့မယ်၊ တကယ်တော့ လူလေး အခုလို အတွင်းအားတွေပြည့်ဝနေတာဟာ အကြောင်းမဲ့မဟုတ်ဘူး၊ လူလေး ဆယ်နှစ်သား



လောက်ကတည်းက စပြီး တိုက်ကျွေးလာခဲ့တဲ့ အတွင်းအားဆေးလုံးတွေကြောင့်ပဲ'

'ဟင်....ဖေဖေ ကျွန်တော့်ကိုတိုက်ခဲ့တဲ့ ဆေးလုံးတွေက အတွင်းအား ဆေးလုံးတွေလား'

'ဟုတ်တယ် လူလေး၊ လူလေးကိုဖွင့်ပြောပြရင် မသောက်မှာစိုးလို့ ဖေဖေက တမင်ညာပြီး တိုက်ခဲ့တာလေ၊ ဒီလို တိုက်ထားခြင်းအားဖြင့် တစ်နေ့မှာ အသုံးဝင်လာလိမ့်မယ်လို့ ဖေဖေက မျှော်လင့်ထားပြီးသားပါ'

'ဘယ်လို အသုံးဝင်လာလိမ့်မယ်လို့ ဖေဖေက မျှော်လင့်ထားတာလဲ'

တိရှန့်ဖီးက အူကြောင်ကြောင်ဖြင့် မေးလိုက်ရာ လျှပ်စီးဓား တိယန်းစင်က....

'လူလေးမှာ အတွင်းအားပြည့်ဝပြီးဖြစ်တဲ့အတွက် သိုင်းပညာ စတင်သင်တဲ့အချိန်မှာ ပိုပြီးလွယ်လွယ်နဲ့တတ်မြောက်နိုင်မယ်၊ ဒါ့ပြင် သိုင်းပညာတတ်မြောက်ပြီး ရန်သူကို တိုက်ခိုက်တဲ့အခါမှာလဲ အများကြီး ပိုပြီးထိရောက်မှုရှိတာပေါ့ လူလေးရ'

သားဖြစ်သူ နားလည်သွားအောင် စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။

သို့သော် တိရှန့်ဖီးပုံစံက သိပ်ကြည်ကြည်လင်လင် မရှိချေ။

တစ်စုံတစ်ခုကို စဉ်းစားတွေးတောနေဟန်ဖြင့် မျက်မှောင်ကြုတ်၍ နေလေသည်။

ပြီးတော့မှ တိရှန်ဖ ိးက ကောက်ကာငင်ကာဖြင့်....

'ဒါဖြင့် ဖေဖေက ဝိညာဉ်ဝယ်သူကို နိုင်အောင်မတိုက်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်လား'

'ဒါကတော့ ကြို့ပြောဖို့ခက်တယ် လူ လေးရဲ၊ ဒါပေမယ့် မှန်တဲ့အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ အဲဒီတိုက်ပွဲမှာ ဖေဖေ ရှုံးနိမ့်ဖို့က ပိုများတယ်၊ ဘာလို့လဲဆိုတော့ ဖေဖေဟာ သေ့းသောက်ခုနစ်ဖော်ထဲက တခြားသူတွေထက်ပိုပြီး အဆင့်မြင့်လှတာ မဟုတ်ဘူး၊ ဒီတော့ ကျန် တဲ့ သူ တွေ တောင် ဝိညာဉ်ဝယ်သူကို မယှဉ်နိုင်ဘူးဆိုရင် ဖေဖေလဲ ယှဉ်နိုင်စရာအကြောင်းကတော့ သိပ်မရှိလှဘူး'

တိယန်းစင်က သူ့အနေအထားကို သူပြန်သုံးသပ်မိဟန်ဖြင့် ပြောသည်။

ထိုစကားအ မှန်တော့လည်း မှန်သည်။

ဝိညာဉ်ဝယ်သူလက်ချက်ဖြင့် ကျဆုံးသွားခဲ့သော သေ့းသောက် လေးဖော်နှင့် ဒဏ်ရာရသွားသည့်မိုးကြိုးလက်သီးလိန့်ရှုဝမ်တို့မှာ သူ့ဖခင်ထက်အဆင့်မနိမ့်လှသော ထိပ်တန်းသိုင်းပညာရှင်ချည်းများသာ ဖြစ်ကြသည်။

၎င်းတို့ပင်လျှင် ဝိညာဉ်ဝယ်သူကို မယှဉ်နိုင်ကြဘူးဆိုလျှင် သူ့ဖခင်က ယှဉ်နိုင်ပါမည်လား။

ဒါက စဉ်းစားစရာပင် ဖြစ်သည်။

'ကဲ....ညဉ့်နက်လှပြီ၊ လူလေးလဲ အိပ်ရာဝင်တော့၊ ဒီဓား နဲ့ သိုင်းကျမ်းစာအုပ်ကိုတော့ လူလေးပဲ ယူထားလိုက်တော့၊ မနက်ဖြန်ကစပြီး လူလေး လေ့ကျင့်လို့ရပါပြီ'



လျှပ်စီးဓား တိယန်းစင်က ပြောပြီးသည်နှင့် အိပ်ခန်းဆီသို့ ထွက်ခွာသွားလေတော့သည်။

တိရှန်ဖ ိးမှာမူ စားပွဲပေါ်တွင်ရှိနေသော လျှပ်စီးဓားနှင့် သိုင်းကျမ်းစာအုပ်ကိုကြည့်၍ ငူငူကြီး ကျန်ခဲ့လေသည်။

## ( ၂၄ )

နောက်တစ်နေ့နံနက် စောစောတွင် တီရှန်ဖီး တစ်ယောက် အိပ်ရာမှ နိုးထလို့လာသည်။

ညက ပြတ်သားသောဆုံးဖြတ်ချက်တစ်ခုကို ချလိုက်နိုင်၍လည်း သူ့ပုံစံက သွက်လက်ဖျတ်လတ်လို့နေသည်။

ထို့နောက် တီရှန်ဖီးက ခုတင်ခေါင်းရင်းရှိ စားပွဲပေါ်မှ သိုင်းကျမ်းစာအုပ်ကို ဆွဲယူလိုက်သည်။

ပြီးလျှင် လက်တစ်ဖက်က မီးအိမ်ကိုကိုင်၍ အိပ်ခန်းထဲမှ အပြင်သို့ ထွက်လိုက်သည်။

သူ့ဖခင်မှာ ယခုချိန်ထိ အိပ်ရာမှထလာသေးပုံမရ။ တံခါးမကြီးမှာ ပိတ်လျက်သား ရှိနေသည်။

ထို့ကြောင့် သူကပင် တံခါးကြီးကိုဆွဲဖွင့်လိုက်ရသည်။ နောက်တော့ မီးအိမ်နှင့်လျှပ်စီးခေး သိုင်းကျမ်းစာအုပ်ကို ယူကာ ခြံထဲသို့ ဆင်းလာခဲ့သည်။

ဆောင်းကာလ နံနက်ခင်းဖြစ်၍ ရာသီဥတုက အေးစိမ့်၍ နေ၏။

နှင်းမှုန်များကလည်း တဖွဲဖွဲကျလျက်ရှိသည်။

တိရှန်ဖီးက ခြံလယ်သို့ အရောက်တွင် လျှပ်စီးခေး သိုင်းကျမ်းစာအုပ်ကို တစ်စစီ ဖြစ်သွားအောင် ဆွဲဆုတ်ပစ်လိုက်သည်။

ပြီးမှ ထိုစက္ကူစုတ်များကို စုပုံကာ မီးအိမ်မှ မီးတို့၍ရှို့လိုက်သည်။

ထိုအခါမှာတော့ မီးပုံလေး တစ်ခုပမာ တောက်ပ၍လာတော့သည်။

'သားက စောစော စီးစီးတပြီး မီးလှုံနေတာကိုးကွ'

နောက်ဘက်ဆီမှ စကားသံကို ရုတ်တရက် ကြားလိုက်ရသည်တွင် တိရှန်ဖီးက လုံးဝပြန်လှည့်မကြည့်ဘဲ....

'ဟုတ်တယ် ဖေဖေ၊ ဒီနေ့ ရာသီဥတုက တော်တော်ကြီးကို အေးတယ်လေ၊ ဒါကြောင့် မီးထလှုံနေတာ'

'မီးလှုံတာကတော့ ဟုတ်ပါပြီ လူလေးရဲ့၊ ဒါပေမယ့် လူလေးက ထင်းချောင်းတွေနဲ့ လှုံတာ မဟုတ်တော့ မီးက ခဏလေးနဲ့ ပြန်ငြိမ်းသွားမှာပေါ့'



'အပြင်မှာ နှင်းတွေသိပ်ကျပါတယ် လူလေးရာ၊ အထဲကို ပြန်ဝင်ကြရအောင်'

ပြောလည်းပြော အိမ်ဘက်ဆီကိုလည်း ပြန်ခေါ်သွားတော့သည်။

## ( ၂၅ )

သတင်းဆိုသည်ကား တစ်ဆင့်စကား တစ်ဆင့်နားဖြင့် လျင်မြန်စွာ ပျံ့နှံ့မြဲဖြစ်သည်။

သို့ဖြစ်၍ လျှပ်စီးမား တိယန်းစင်ကို ဝိညာဉ်ဝယ်သူ လာရောက် စိန်ခေါ်သွားပြီဆိုသော သတင်းကလည်း သိုင်းလောကထဲတွင် ပျံ့နှံ့သွားလေသည်။

ထိုအခါ လျှပ်စီးမား တိယန်းစင်ထံသို့ ဦးစွာ ပေါက်ချလာသူများကတော့ ရွှေလှံပျံ သိုင်းသမား ချင်ပိုတို့လူစုပင် ဖြစ်လေသည်။

တီတီကျကျဆိုရလျှင် လေးယောက်ခန့်ဖြစ်ပြီး ရွှေလှ ပျံ့ သိုင်းသမား ချင်ပို၊ ထင်စန်းဂိုဏ်းချုပ် ဟန်ပေ့ချောင်၊ ကြယ်စိမ်းလက်တောက်ဂိုဏ်းချုပ် ပေါင်းထင်နှင့် ဥတန်း ဂိုဏ်းမှ ဂိုဏ်းခွဲမှူး ဝမ်ချူးစိန်တို့ပင် ဖြစ်ကြသည်။

ထိုလေးယောက်စလုံးမှာ လက်ရှိအဖြူရောင်သိုင်းလောက တွင် ထင်ရှားနေကြသောသိုင်းပညာရှင်များဖြစ်သည့်အတွက် သဘောကောင်းသော လျှပ်စီးဓား တိယန်းစင်က ပျူပျူ ငှာငှာပင် ဆီးကြိုညွှန်ခံရင်း လာရင်းကိစ္စကိုလည်း မေးမြန်း လိုက်မိသည်။

'ဒါထက် မိတ်ဆွေတို့ ကျုပ်ဆီကို ရောက်လာကြရတဲ့ ကိစ္စက'

'တခြားဟုတ်ရိုးလားဗျာ၊ အစ်ကိုကြီး တိယန်းစင်ကို ဝိညာဉ်ဝယ်သူက လာစိန်ခေါ်တဲ့ ကိစ္စပေါ့'

ရွှေလှ ပျံ့ သိုင်းသမား ချင်ပိုက အားလုံးကိုယ်စား ပြန် ဖြေပေးသည်။

တိယန်းစင်မှာ သူတို့လေးယောက်လုံးထက် ဝါအရရော အသက်အရွယ်ပါ မြင့်မားသူဖြစ်၍ ချင်ပိုက အစ်ကိုကြီးဟု ရှေ့က တပ်၍ခေါ်လိုက်ခြင်းဖြစ်သည်။

'ဪ....အဲဒီကိစ္စအတွက် ခင်ဗျားတို့က ရောက်လာကြ တာလား၊ ဒါထက် ကျုပ်ကို ဝိညာဉ်ဝယ်သူ လာစိန်ခေါ် သွားမှန်း ခင်ဗျားတို့က ဘယ်လိုလုပ်ပြီး သိနေကြတာလဲ'

'ဒါလား....ဒါက အံ့သြစရာမဟုတ်ပါဘူးဗျာ၊ ဒီသတင်း က သိုင်းလောကတစ်ခုလုံး ပျံ့နှံ့နေတာပဲဟာ၊ နောက်ပြီး



မကြာခင်မှာ ခင်ဗျားဆီကို ဝိညာဉ်ဝယ်သူ ရောက်လာလိမ့် မယ်လို့ ကျုပ်တို့ နဂိုကတည်းက ကြိုတွက်ထားကြတယ် လေ'

'ဘာလဲ....ကျုပ်က သွေးသောက် ခုနစ်ဖော်ထဲက တစ် ယောက်အပါအဝင် ဖြစ်နေလို့လား'

လျှပ်စီးဓား တိယန်းစင်က အတပ် သိနေသည့်အလား မေးလိုက်ရာ ထင်စန်းဂိုဏ်းချုပ် ဟန်ပေ့ချောင်က ခေါင်း ညိတ်ရင်းမှ....

'ခင်ဗျားပြောတာ မမှားဘူးဗျ၊ ဝိညာဉ်ဝယ်သူက သွေး သောက် ခုနစ်ဖော်ထဲမှာပါတဲ့ လူတွေကိုပဲ အဓိက ထားပြီး လိုက်စိန်ခေါ်နေတယ်မဟုတ်လား၊ ဒါထက် ဝိညာဉ်ဝယ်သူ က ဘာကြောင့် သွေးသောက်ခုနစ်ဖော်ကိုမှရွေးပြီးစိန်ခေါ် နေရတာလဲ၊ ဒီအချက်ကိုတော့ ကျုပ်တို့ သိပ်သိချင်နေတာ အမှန်ပဲ'

မေးလိုက်သည်တွင် လျှပ်စီးဓား တိယန်းစင်က အမူအရာ ပျက်မသွားဘဲ....

'ဒါတော့ ကျုပ်လဲ မပြောတတ်ပါဘူးဗျာ၊ ဝိညာဉ်ဝယ် သူကို မျက်နှာချင်းဆိုင်တွေ့ပြီး မေးကြည့်မှဘဲ သိရမယ် ထင် တာပဲ'

အတည်ပေါက်ဖြင့် ပြန်ပြောလိုက်သည်။

အနားတွင် ရှိနေသော တိရှန်ဖိုးက သူ့အဖေ တစ်စုံ တစ်ခုကို ဖုံးကွယ်ထားသည်ဟု ရိပ်မိသော်လည်း စကားဝိုင်း ထဲ ဝင်မပါဘဲ အသာပင် ငြိမ်နေလိုက်သည်။

ထိုစဉ် ရွှေလှ ပျံ့ သိုင်းသမား ချင်ပိုကဝင်၍....

'ခင်ဗျားကို ဝိညာဉ်ဝယ်သူက လာစိန်ခေါ်တော့ သူနဲ့ စကားပြောဖြစ်သေးလား'

'ဘယ်ကလာ ပြောဖြစ်ရမှာလဲဗျ၊ စကားပြောဖို့ နေနေ သာသာ ပုံသဏ္ဌာန်ကိုတောင် သဲသဲကွဲကွဲမမြင်လိုက်ရပါဘူး၊ ကြွေ ပြားနဲ့ လှမ်းပစ်ပြီးတာနဲ့ ခြံထဲက တစ်ခါတည်းကို ခုန်ကျော်ထွက်သွားတော့တာပဲ'

ဒါထက် အစ်ကိုကြီး တိယန်းစင်ကို ကျုပ် တစ်ခုတော့ မေးချင်သေးတယ်'

'ဘာများပါလိမ့်ဗျာ'

'တခြားတော့ မဟုတ်ပါဘူး၊ အဲဒီ ဝိညာဉ်ဝယ်သူဟာ ဘယ်သူဖြစ်လိမ့်မယ်လို့ အစ်ကိုကြီးထင်သလဲ'

ရွှေလှ ပျံ့ သိုင်းသမားချင်ပို၏ မထင်မှတ်သော အမေး စကားကြောင့် လျပ်စီးခါး တိယန်းစင် မျက်မှောင်တစ်ချက် ကြုတ်သွားသည်။

နောက်တော့မှ ပုံမှန်လေး ဖြင့်ပင်....

'ဒါတော့ ကျုပ်မပြောနိုင်တာ အမှန်ပဲ၊ သူ့ကို မြင်ဖူး လိုက်တာ မဟုတ်တော့ ပိုပြီးတော့တောင် ခန့်မှန်းရခက်သေး တယ်'

'ခင်ဗျား တကယ်ပဲ မခန့်မှန်းတတ်ဘူးလား'

ဓူတန်းဂိုဏ်းခွဲမှူးကြီး ဝမ်ချူးစိန်က မယုံမရဲ မျက်နှာ ဖြင့် ဝင်မေးသည်။ တိယန်းစင်က ခေါင်းညိတ်ပြလိုက်သည် တွင်....



'တကယ်လို့ အဲဒီဝိညာဉ်ဝယ်သူဟာ သေွးသောက် ခုနစ် ဖော်ထဲက အဆိပ်လက်သည်း ကျင်းဟုန် ဖြစ်နေမယ်ဆိုရင် ရော'

သွေးတိုးစမ်းသလို မေးလာလေသည်။

လျပ်စီးခါး တိယန်းစင်မှာ မျက်နှာပျက်တော့မလို ဖြစ် သွားပြီးမှ ချက်ချင်းပြန်ထိန်းလိုက်ကာ....

'ဒါတော့ မဖြစ်နိုင်ဘူးလို့ ကျုပ်ထင်တယ်'

'ဘာကြောင့် ခင်ဗျားက ဒီလိုပြောနိုင်တာလဲ'

'ဘာလို့ပြောနိုင်တာလဲဆိုတော့ ကျင်းဟုန်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်ကတည်းက သေသုံးသွားခဲ့လို့ပဲ'

'ကျင်းဟုန်က သေဆုံးသွားခဲ့ပြီဆိုတာ သေချာရဲ့လား တိယန်းစင်'

ကြယ်စိမ်း လက်ထောက်ဂိုဏ်းချုပ် ပေါင်းထင်က တိတိ ကျကျ သိလိုဟန်ဖြင့် ဝင်မေးလာပြန်သည်။

တိယန်းစင်က ခေါင်းကို မညိတ်ချင်ညိတ်ချင် ညိတ်ပြ လိုက်ပြီး....

'သေချာသလောက်ကို ရှိပါတယ်'

'ဒါဖြင့် ကျင်းဟုန်က ဘာကြောင့် သေ ဆုံး သွား ခဲ့ ရ တာလဲ'

'ဒီမေးခွန်းကိုတော့ ကျုပ် ဖြေဖို့ဆန္ဒမရှိပါဘူး'

တိယန်းစင်၏စကားအဆုံးတွင် လေးယောက်လုံးမျက်နှာ ပျက်သွားကြသည်။

သူ့ဖခင် ထိုသို့ ငြင်းဆန်လိမ့်မည်ဟု မျှော်လင့်မထားသော တိရှန်ဖီးမှာလည်း အံ့သြစိတ်နှင့်အတူ အားတုံ့အားနာလည်း ဖြစ်သွားမိသည်။

သို့ရာတွင် လျှပ်စီးခေါ်တိယန်းစင်၏ မျက်နှာကမူ ထိုသို့ ငြင်းဆန်လိုက်ခြင်းအတွက် အားတုံ့အားနာ ဖြစ်သွားဟန် မရှိချေ။

အတိတ်က ဖြစ်ရပ်များကို ပြန်ပြောင်းသတိရနေဟန်ဖြင့် ရီဝေဝေသော ဖြစ်လို့နေလေသည်။

ရွှေလှံပျံ သိုင်းသမား ချင်ပိုတို့ လေးဦးမှာလည်း ပြတ်သားလွန်းသော တိယန်းစင်ကို ကြည့်ကာ ဘာထပ်မေးရမည်မှန်းမသိဘဲ ဖြစ်နေကြသည်။

အတန်ကြာတော့မှ ရွှေလှံပျံ သိုင်းသမား ချင်ပိုကပင် အခြေအနေကို ပုံမှန်ဖြစ်သွားအောင် ပြန် လည် ထိန်း သိမ်း လိုက်သည်။

'ရပါတယ် အစ်ကိုကြီး တိယန်းစင်၊ ခင်ဗျားမှာ ဆန္ဒမရှိဘူးဆိုရင်လဲ မဖြေလို့ရပါတယ်၊ ကျုပ်တို့ ဒီကိုရောက်လာတာက ဒီကိစ္စကို သိချင်လို့ မဟုတ်ပါဘူး၊ အဓိကကတော့ ခင်ဗျားကို ကူညီချင်လို့ပါ'

'ကူညီချင်လို့ ဟုတ်လား၊ ခင်ဗျားတို့စကားကအဆန်းပဲ၊ ကျုပ်က ဘာအကူအညီတွေ လိုနေလို့လဲ'

တိယန်းစင်က တကယ်ပင် ဝခွဲမရ ဖြစ်သွားသော မျက်နှာမျိုးဖြင့် ပြန်မေးလိုက်သည်။

ထိုအခါ ရွှေလှံပျံ သိုင်းသမား ချင်ပိုကပင်....



'အကူအညီဆိုတာက ဝိညာဉ်ဝယ်သူကို ကူပြီးတိုက်ပေးမှာကို ပြောတာပေါ့ဗျ၊ ကျုပ်တို့အားလုံး ဝိုင်းတိုက်ကြမယ်ဆိုရင် ဝိညာဉ်ဝယ်သူ ခံနိုင်မှာမဟုတ်ဘူးလို့ ကျုပ်ထင်တယ်'

'သြော်.... လက်စသတ်တော့ ခင်ဗျားတို့က ကျုပ်ကို ကရုဏာသက်ပြီး ကာကွယ်ပေးဖို့ ရောက်လာကြတာကိုး၊ ဒီအတွက် ခင်ဗျားတို့စေတနာကို အထူးပဲ ကျေးဇူးတင်မိပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ အကူအညီကိုတော့ စိတ်မကောင်းစွာနဲ့ပဲ ငြင်းပယ်ရတော့မှာပဲ'

'ဘယ်လိုဗျ....တိယန်းစင်၊ ကျုပ်တို့ကူညီမှုကို လက်မခံနိုင်ဘူး ဟုတ်လား'

ထင်စန်းဂိုဏ်းချုပ် ဟန်ပေ့ချောင်က ဘဝင်မကျသောလေသံဖြင့် မေးသည်။

တိယန်းစင်က ခပ်အေးအေးပင် ခေါင်းညိတ်ပြလိုက်ရင်း....

'ဟုတ်တယ် ဟန်ပေ့ချောင်၊ ခင်ဗျားတို့ အကူအညီကို ကျုပ် လက်မခံနိုင်ဘူး'

'ဝိညာဉ်ဝယ်သူကို ခင်ဗျားတစ်ယောက်တည်း ရင်ဆိုင်နိုင်မယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်နေလို့ ခုလို ငြင်းတာလား တိယန်းစင်'

'ဒါကတော့ မှားတယ်ဗျ၊ ဝိညာဉ်ဝယ်သူနဲ့ တစ်ခါမှ ရင်ဆိုင်မတိုက်ခိုက်ဖူးသေးပေမယ့် သူ့ကို နိုင်မှာမဟုတ်ဘူးလို့ ကျုပ် ကြိုတွက်ထားမိပြီးသားပါ'

'ဒါနဲ့များ ဘာကြောင့် ကျုပ်တို့ကူညီမှုကို ငြင်းဆန်ရတာလဲ'

'ဒါကတော့ ရှင်းပါတယ်၊ ကျုပ် ပြဿနာကို ကျုပ်ကိုယ်တိုင် ဖြေရှင်းချင်လို့ပဲ ဆိုပါတော့'

တိယန်းစင်က စကားပြောပြတ်သားသူပီပီ တုံးတိတိပင် ဖြေလိုက်သည်။

ထိုအဖြေကို ရွှေလှံပျံသိုင်းသမား ချင်ပိုတို့လူစုက သိပ်ကျေနပ်ကြဟန် မတူချေ။

သူတို့လေးယောက်လုံးက ဝိုင်းကြည့်နေရင်းမှ ချင်ပိုက....

'ခင်ဗျားစိတ်ကူးက မဟုတ်သေးပါဘူးဗျာ၊ ဘာလဲ.... ကျုပ်တို့ကို အားနာနေလို့လား၊ ဒါက အားနာစရာကိစ္စမဟုတ်ဘူးလို့ ကျုပ်ထင်တယ်'

'ခင်ဗျားပြောတာ မှန်ပါတယ်၊ ဒီကိစ္စက အားနာစရာမဟုတ်ပါဘူး၊ ဆို့အတူ ကျုပ်ကလဲ အားနာစိတ်ကြောင့် ငြင်းတာမဟုတ်ပါဘူး၊ ဝိညာဉ်ဝယ်သူကို ရင်ဆိုင်တဲ့နေရာမှာ ဒီပြင်လူတွေရဲ့ အကူအညီကို မလိုချင်လို့ ငြင်းမိတာပါ၊ အဲဒီစိတ်ကူးကိုက ဆန်းတယ်ဆိုရင်လဲ ဆန်းတယ်လို့ ပဲဝန်ခံရမှာပေါ့ဗျာ'

တိယန်းစင်က မပြုံးချင်ပြုံးချင် ပြုံးလျက် စကားကို အဆုံးသတ်လိုက်သည်။

ကူညီရန်ရောက်ရှိလာသော ရွှေလှံပျံသိုင်းသမား ချင်ပိုတို့လူစုမှာ တိယန်းစင်၏ ငြင်းဆန်မှုကြောင့် ကသိကအောက်ဖြစ်ကုန်ကြသည်။

လွင်စာပေ
ကြာဖြူနန်းရှင်

သို့သော် ကာယကံရှင်ကိုယ်တိုင်က အကူအညီမလိုပါဟု ပြောလာမှတော့ သူတို့ ဘာများတတ်နိုင်ဦးမည်နည်း။

'အင်းပေါ့လေ....ခင်ဗျားက ကျုပ်တို့အကူအညီကိုမလိုဘူးဆိုမှတော့ ကျုပ်တို့ ပြန်ရုံပဲရှိတော့တာပေါ့'

'ပြန်ကြတာတော့ပြန်တာပေါ့ဗျာ၊ ဒါပေမယ့် နံနက်စာစားသောက်ပြီးမှ ပြန်ကြပါလား'

လျှပ်စီးဓားတိယန်းစင်က အိမ်ရှင်ပီပီ သွေ့ဝတ်ကျေပွန်စွာဖြင့် မေတ္တာရပ်ခံလိုက်သည်။

# ( ၂၆ )

သို့ပေမယ့် ရွှေလှ ပျံ သိုင်းသမား ချင်ပိုက ခေါင်းကို အသာအယာခါယမ်းရင်းမှ....

'မစားတော့ပါဘူးဗျာ၊ ကျုပ်တို့မှာ ဒီပြင် ဆောင်ရွက်စရာကိစ္စလေးတွေ ရှိနေသေးလို့ပါ'

ယဉ်ယဉ်ကျေးကျေးပင် ပြန်၍ငြင်းဆိုလိုက်လေသည်။

ပြီးတော့မှ ရွှေလှ ပျံ သိုင်းသမားချင်ပိုက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်....

'ဪ....ဒါထက် ကျုပ် စုံစမ်းရသမျှထဲက ထူးခြားတာလေးကိုတော့ ခင်ဗျားသိအောင် ပြောပြခဲ့ရဦးမယ်'

'ထူးခြားတာဟုတ်လား....ပြောပါဦးဗျာ၊ ကျုပ်အတွက် အကျိုးရှိလိုရှိငြားပေါ့'

'ကျုပ်ပြောမှာက တခြားမဟုတ်ဘူးဗျ၊ ဝိဉာဉ်ဝယ်သူကိစ္စပဲ၊ ဒီကန့်တုန့်နယ်တစ်ဝိုက်မှာ ဝိဉာဉ်ဝယ်သူလို့ ယူဆရနိုင်တဲ့ လူတစ်ယောက် ပေါ်ပေါက်နေတယ်'

ရွှေလှံပျံ သိုင်းသမား၏ စကားအဆုံးတွင် လျှပ်စီးဓား ထိယန်းစင်က အထူးတလည် စိတ်ဝင်စားသွားသည့်အလား ကိုယ်ဟန်ကို အနည်းငယ်ပြင်လိုက်ရင်းမှ....

'ခင်ဗျားစကားက စိတ်ဝင်စားစရာပါပဲလား၊ ပြောပါဦး သူ့ပုံစံက ဘယ်လိုပုံစံမျိုးလဲ'

'ဘယ်လိုပုံစံမျိုးလဲဆိုတော့ အသက်ကတော့ ခင်ဗျားတို့လောက်ရှိလိမ့်မယ်၊ ရုပ်ကတော့ ခပ်ခန့်ခန့်ပဲ၊ ဒါပေမယ့် သူ့မျက်နှာပေါ်မှာ ဓားဒဏ်ရာကြီးက ထင်ထင်ရှားရှားကြီး ရှိနေတော့ အကျည်းတန်သလိုဖြစ်နေတယ်'

လျှပ်စီးဓားတိယန်းစင်က သွေးသောက်ခုနစ်ဖော်ထဲတွင် ပါဝင်ခဲ့သော အဆိပ်လက်သည်း ကျင်းဟုန်ကို ဖျတ်ခနဲ ပြေးမြင်သည်။

ကျင်းဟုန်သည်လည်း သူနှင့်ရွယ်တူလောက်ပင် ရှိပေလိမ့်မည်။

နောက်ပြီး ဥပဓိရုပ်ခန့်တာလည်း နီးစပ်သည်။

သို့သော် မျက်နှာပေါ်မှ ကြီးမားသောဓားဒဏ်ရာကြီးဆိုသည်ကတော့ စဉ်းစားစရာ ဖြစ်နေသည်။ နောက်ပြီး



ကျင်းဟုန်က ထိုသို့ လူမြင်သူမြင် လျှောက်သွားနေလိမ့်မည်ဟု သူ မထင်ချေ။

'ဒါထက် အဲဒီလူကို ခင်ဗျားတို့က ဘာကြောင့် ဝိဉာဉ်ဝယ်သူ ဖြစ်နိုင်တယ်လို့ ယူဆကြတာလဲ'

တိယန်းစင်က ထိုသို့မေးလိုက်သည်တွင် ရွှေလှံပျံ သိုင်းသမား ချင်ပိုက ခပ်ဆိုင်းဆိုင်းလုပ်နေပြီးမှ....

'ကျုပ်တို့က ဖြစ်နိုင်လောက်တယ်လို့ပဲတွက်ထားတာပါ၊ တစ်ထစ်ချဖြစ်ရမယ်လို့တော့ မပြောရဲသေးပါဘူး၊ ဝိဉာဉ်ဝယ်သူ ဟုတ်မဟုတ် အသေအချာ လိုက်လံစုံစမ်းနေဆဲပါပဲ၊ တစ်နည်းပြောရရင် ဝိဉာဉ်ဝယ်သူပါလို့ တိတိကျကျ စွပ်စွဲနိုင်ဖို့ သက်သေအထောက်အထား မခိုင်လုံသေးဘူး ဆိုပါတော့ဗျာ'

'ဒါကိုထားပါလေ၊ ကျုပ်မေးတာက သူ့ရဲ့ ထူးခြားချက်တွေကိုပဲမေးတာပါ'

'သြော်....ဒါလား၊ သူ့ရဲ့ ထူးခြားမှုတွေကို ပြောရမယ်ဆိုရင်တော့ ပြည်မကလူတွေနဲ့ ရင်းနှီးကျွမ်းဝင်မှုမရှိဘူးဗျာ'

'ဟုတ်ပြီ....နောက်တော့ရော'

'နောက်တော့ တစ်မြို့ဝင်တစ်မြို့ထွက် တစ်ယောက်တည်း လှည့်လည်သွားလာနေတယ်ဗျာ၊ သူ့မှာ ဘယ်လိုရည်ရွယ်ချက်မျိုးရှိနေတယ်လို့ ဘယ်သူမှမခန့်မှန်းနိုင်ကြဘူး၊ ပြီးတော့ ရန်ပွဲတစ်ခုမှာ သူတိုက်ခိုက်တာကို မြင်ခဲ့ရတဲ့လူတွေ ပြန်ပြောစကားအရဆိုရင်တော့ သိုင်းပညာမှာလဲ တော်တော်ကြီးကို အဆင့်မြင့်ပုံရတယ်တဲ့'

ချင်ပို၏ အားတက်သရေအပြောကြောင့် တိယန်းစင်က မြုံးလိုက်ကာ....

'ဒီလောက်နဲ့တော့ ဝိညာဉ်ဝယ်သူဖြစ်မယ်လို့ တစ်ထစ်ချ ယူဆလို့မရသေးတာအမှန်ပဲ၊ ဒါထက် သူက တိုက်ခိုက်တဲ့ အခါမှာ ဘာလက်နက်ကိုအသုံးပြုသလဲ'

'ဓားကိုအသုံးပြုတယ်လို့ ကြားတာပဲ'

'ဒါဆိုရင်တော့ လွဲသွားပြန်ပြီ၊ ဝိညာဉ်ဝယ်သူက ဓား ကိုင်လေ့ မရှိဘူးတဲ့'

'ဒါကိုတော့ လွဲသွားပြီလို့ ပြောလို့မရဘူးလေဗျာ၊ သူက သံမဏိလက်သည်းချွန်တွေကိုသာ ထုတ်သုံးလိုက်ရင် ဝိညာဉ်ဝယ်သူဖြစ်ကြောင်း တိတိလင်းလင်း ပေါ်ပြလိုက်သလို ဖြစ်သွားမှာပေါ့၊ သူလဲ ဒီလောက်တော့ စဉ်းစားမိမှာပေါ့၊ ကျုပ်ပြောတာ မဟုတ်ဘူးလား'

ရွှေလှ ပျံ့သိုင်းသမား ချင်ပိုက တွေးတွေးဆဆဖြင့် ပြောလိုက်သည်။

'အင်း....ဒီတစ်ချက်မှာတော့ ခင်ဗျားက ကျုပ်ထက် သာသွားပြီ၊ မှန်ပါတယ် မိတ်ဆွေကြီး ချင်ပို၊ သူဟာ ဝိညာဉ်ဝယ်သူ အစစ်ဖြစ်ခဲ့ရင်တောင်မှ သံမဏိလက်သည်း ရှည်တွေကိုတော့ ထုတ်သုံးမှာ မဟုတ်ပါဘူး၊ သူ့အပေါ် လူတွေ သံသယမဝင်အောင် ဒီ့ပြင်လက်နက်ပဲ သုံးမှာပဲ၊ သို့သော်လဲ လုံလောက်တဲ့ သက်သေအထောက်အထား မရှိဘဲ နဲ့တော့ သူ့ကို စွပ်စွဲလို့မဖြစ်သေးပါဘူးလေ'



'ကျုပ် နားလည်ပါတယ် တိယန်းစင်၊ ဒါကြောင့်လဲ ကျုပ် ဆက်ပြီး စောင့်ကြည့်နေရတာပေါ့၊ ဝိညာဉ်ဝယ်သူ ဖြစ်လောက်တယ်လို့ တိတိကျကျ သိသွားခဲ့ပြီ ဆိုရင်တော့ ကျုပ်တို့က ပြတ်ပြတ်သားသား ရင်ဆိုင်ပစ်မှာပဲ၊ ကဲ.... ခင်ဗျားကံကောင်းပါစေလို့ ကျုပ်ဆုတောင်းပေးခဲ့ပါတယ်'

ရွှေလှ ပျံ့သိုင်းသမား ချင်ပိုက စပြောလိုက်သည်တွင် ကျန်သုံးယောက်ကလည်း တစ်ယောက်ချင်း နှုတ်ဆက်ကြ လေသည်။

ထို့နောက်မှာတော့ ချင်ပိုတို့လေးယောက်မှာ တိယန်းစင် ၏အိမ်မှ ပြန်လည်ထွက်ခွာသွားကြတော့သည်။

တိယန်းစင်နှင့် တိရှန်ဖီးတို့ သားအဖ နှစ်ယောက်မှာ ခြံဝထိ လိုက်ပို့ပေးပြီးနောက် အိမ်ထဲသို့ ပြန်ရောက်လာသည့် အခါကျမှ တိရှန်ဖီးက....

'ဦးလေးချင်ပိုတို့ကတော့ ဖေဖေ့ကို တစ်မျိုးထင်သွား မလား မသိဘူး'

အားနာစိတ်ဖြင့် မနေနိုင် မထိုင်နိုင် ပြောလိုက်မိသည်။ ထိုအခါ တိယန်းစင်က ခပ်အေးအေး အမူအရာဖြင့်....

'ဒါတော့ မတတ်နိုင်ဘူး လူလေးရာ၊ ဖေဖေကတော့ မနိုင်လို့ သေကာမှသေ့ တခြားလူတွေကို အားကိုးတကြီးနဲ့ အကူအညီ မတောင်းချင်တာ အမှန်ပဲ'

'ဒီစိတ်ဓာတ်ကိုတော့ ကျွန်တော်လဲ သဘောကျတယ် ဖေဖေ၊ တစ်ယောက်ချင်း ရင်မဆိုင်ရဲလို့ တခြားလူတွေကို

အကူအညီ တောင်းရတယ်ဆိုတာ တစ်နည်းအားဖြင့်တော့ သိက္ခာကျတဲ့ အပြုအမူပါပဲ’

‘အေး…ဒါပေမယ့် ဖေဖေ တစ်စုံတစ်ယောက်ဆီကိုတော့ သွားဖို့ စိတ်ကူးထားတယ် လူလေးရ’

‘တစ်စုံတစ်ယောက် ဟုတ်လား’

တိယန်းစင်က ခေါင်းညိတ်ပြသည်။

ထို့ကြောင့် တိရှန်ဖီးက….

‘ဘယ်သူ့ဆီကိုသွားဖို့ စိတ်ကူးထားတာလဲ’

‘သိုင်းလောကရာဇာ သုံးပါးမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ အဆိပ်လက်သည်း ဘိုးဘိုးချွန်ဆီကိုပေါ့’

‘ဘိုးဘိုးချွန် ဟုတ်လား၊ အဲဒီနာမည်ကိုတော့ ကျွန်တော် ကြားဖူးသလိုရှိတယ်’

တိရှန်ဖီး၏ မရေမရာစကားကြောင့် ဖခင်ဖြစ်သူ တိယန်းစင်က ပြုံးသည်။

ပြီးမှ….

‘ကြားဖူးရမှာပေါ့ကွ လူလေးရ၊ သူက သိုင်းလောကရဲ့ ထိပ်သီးသိုင်းပညာရှင် စာရင်းဝင်ပဲ ဥစ္စာ’

‘ဒါတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ဖေဖေ ဘာကြောင့် သူ့ဆီကို သွားဖို့စိတ်ကူးတယ်ဆိုတာကို ကျွန်တော် မစဉ်းစားတတ်သေးဘူး’

‘ဒါလား၊ ဒါက ဘခြား အကြောင်းကြောင့် မဟုတ်ဘူး၊ သွေးသောက် ခုနစ်ဖော်ထဲမှာပါတဲ့ အဆိပ်လက်သည်း



ကျင်းဟုန်ဟာ ဘိုးဘိုးချွန်ရဲ့ တပည့်ရင်း ဖြစ်ခဲ့ဖူးလို့ပဲ၊ ဒါကြောင့် ဘိုးဘိုးချွန်ဆီ သွားစုံစမ်းမလို့’

‘ကျင်းဟုန်….ဟုတ်လား၊ ဒါထက် ဦးလေး ချင်ပိုတို့ကို ဖေဖေပြောတော့ ကျင်းဟုန်သေတာ ကြာခဲ့ပြီဆို’

တိရှန်ဖီးက ဇဝေဇဝါဖြင့် မေးလိုက်သည်။

လျှပ်စီးဓား တိယန်းစင်က သားဖြစ်သူကို အသိမကြွယ်သေးသော ကလေးငယ် တစ်ယောက်ပမာ သဘောထားဟန်ဖြင့် ခပ်ပြုံးပြုံးကြည့်ကာ….

‘အစားကိုသာ ကုန်အောင် စားရတယ်၊ စကားကို ကုန်အောင် မပြောရဘူးကွ လူလေးရ၊ ကိစ္စတိုင်းကို မဖုံးမကွယ် လျှောက်ပြောပြနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ နောက်ပြီး ခုကိစ္စက ကံသေကံမ တစ်ထစ်ချ ပြောလို့တော့ မရသေးပါဘူး၊ ဝိညာဉ်ဝယ်သူဟာ ကျင်းဟုန်ဖြစ်နိုင်သလို ဒီ့ပြင် လူတစ်ယောက်လဲ ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ ဒါကြောင့် ရွှေလှံပျံ သိုင်းသမား ချင်ပိုတို့ကို ဖေဖေ ရှင်းမပြခဲ့တာပေါ့’

‘ဖေဖေ့စကားတွေက သိပ်စိတ်ဝင်စားဖို့ကောင်းတာပဲ၊ ဖေဖေ သွေးသောက်ခုနစ်ဖော်ရဲ့ အတိတ်ကဖြစ်ရပ်တွေကို ကျွန်တော်သိရအောင် ပြန်ပြောမပြနိုင်ဘူးလားဟင်’

တိရှန်ဖီးက သိချင်စိတ် ပြင်းပြစွာ တောင်းပန်လိုက်သော ကြောင့် တိယန်းစင် တွေဝေသွားသည်။

နောက်တော့ သက်ပြင်းတစ်ချက်ချလျက်….

‘လူလေးကို ဒီအကြောင်းတွေ ပြန်ပြောပြဖို့ ဖေဖေ့မှာ ဆန္ဒရှိပါတယ်၊ ဒါပေမယ့် ခုတော့ မဟုတ်သေးဘူး၊ ဘိုးဘိုး

ချုန်ဆီက ပြန်လာပြီးတဲ့အခါကျမှ အေးအေးဆေးဆေး ပြန်ရှင်းပြမယ် ဟုတ်ပြီလား'

'ဟုတ်ကဲ့.... ဘယ်အချိန်မှ ရှင်းပြပြ ရှင်းပြမယ်ဆိုရင်ကို ကျွန်တော် ကျေနပ်ပါပြီ၊ ဒါထက် ဘိုးဘိုးချုန်ဆီကိုသွားရင် ကျွန်တော်ပါ လိုက်ခဲ့ရမှာလား'

'ဒါပေါ့သားရ၊ ဖေဖေတို့သားအဖနှစ်ယောက် တူတူ သွားကြမှာပေါ့'

သူ့ကိုပါ လိုက်ခွင့်ပြုမည်ဟုသိလိုက်ရသဖြင့် တိရှန့်ဖီး ပျော်သွားသည်။

'ဒါထက် ဘိုးဘိုးချုန်နေတာက'

'ပန်းကမ္ဘာတောင်မှာလေ'

( ၂၃ )

ပန်းကမ္ဘာတောင်ကား ဟိုပေပြည်နယ်အတွင်းတွင် ရှိသော တောင်တစ်လုံးဖြစ်သည်။

တိုတောင်တစ်လုံးတွင် ရောင်စုံပန်းများ ဖူးပွင့်ဝေဆာ လျက်ရှိနေသဖြင့် ပန်းကမ္ဘာတောင်ဟု အမည်ပေးထားကြ ခြင်း ဖြစ်သည်။

ဟိုပေပြည်နယ်အတွင်း၌ ရှိသည်ဆိုသော်လည်းမြို့ရွာများ နှင့် အနည်းငယ်ကွာလှမ်းသဖြင့်လူသူအရောက်အပေါက်ကား မရှိသလောက်ပင်။

အဆိုပါ ပန်းကမ္ဘာတောင်သို့ ဦးတည်ထွက်လာခဲ့ကြသော တိရှန်ဖ ီးတို့သားအဖနှစ်ဦးမှာ ဒုနှစ်ရက်ခန့် ခရီးပြင်းနှင်ပြီးမှ ထိုတောင်ခြေသို့ ရောက်ရှိလို့သွားကြသည်။

သို့သော် မြင့်မားမတ်စောက်သော ပန်းကမ္ဘာတောင်ကို တောင်ခြေမှမော့ကြည့်ပြီးနောက် တိရှန်ဖ ီးမှာ အမောပြေသည့်အပြင် ပို၍ မောပန်းသွားသည့်နှယ် ခံစားလိုက်ရလေသည်။

ဒါကို ရိပ်စားမိသော ဖခင်ဖြစ်သူက....

'ဘာလဲ လူလေး၊ ပန်းကမ္ဘာတောင်ကို မော့ကြည့်ပြီး စိတ်ဓာတ်ကျသွားပြီလား'

'စိတ်ဓာတ်တော့ မကျပါဘူးဖေဖေရာ၊ ဂိုကတည်းက လိုက်ချင်စိတ်ရှိလို့ လိုက်လာခဲ့တာပဲဥစ္စာ၊ ဖြစ်အောင်တက်ရမှာပေါ့၊ ဒါပေမယ့် ပန်းကမ္ဘာတောင်က မြင့်မားပြီးမတ်စောက်လွန်းတာတော့ အမှန်ပဲ၊ ဘိုးဘိုးချွန်က ဘာကြောင့် ဒီတောင်ကိုမှရွေးပြီး လာနေတာလဲ မသိဘူး'

'အဓိကကတော့ လူသူအရောက်အပေါက် နည်းလွန်းလို့ပေါ့ လူလေးရာ၊ လူလေးသိတဲ့အတိုင်းပဲ၊ ဒီတောင်က လူနေမြို့ရွာတွေနဲ့ ကွာလှမ်းတဲ့အပြင် တသီးတခြားလဲ ကျင့်နိုင်တယ်လေ၊ နောက်ပြီး မြင့်မားမတ်စောက်တဲ့ အနေအထားမျိုးလဲ ရှိနေပြန်တော့ တော်ရုံလူက ဘယ်ရောက်လာပါတော့မလဲ'

တိယန်းစင်က သားဖြစ်သူကို ရှင်းပြလိုက်သည်။ ထို့ကြောင့် တိရှန်ဖ ီးက ခေါင်းတစ်ချက်ညိတ်၍....



'ဒါတော့မှန်ပါတယ် ဖေဖေ၊ ဒါပေမယ့်ဒီတောင်ပေါ်မှာနေတဲ့အတွက် ဆင်းတဲ့အခါ ဘိုးဘိုးချွန်ပင်ပန်းမှာပေါ့'

'ဩော်....လူလေးက ဒါကို စဉ်းစားမိလို့လား၊ ဘိုးဘိုးချွန်က တစ်လနေလို့တောင် တစ်ခါ တောင်ပေါ်မှ ဆင်းလေ့မရှိဘူးလို့ သိရတယ်၊ အဲဒီလိုမဆင်းတာကလဲ လူလေးပြောသလို ဆင်းရတက်ရတာ ပင်ပန်းလို့မဟုတ်ဘူး၊မဆင်းချင်လို့ မဆင်းတာ သူ့ဟာသူ တစ်ယောက်တည်း တောင်ပေါ်မှာ အေးအေးဆေးဆေး နေချင်တဲ့သဘောပဲ၊တကယ်လို့ သူဆင်းချင်စိတ်ရှိမယ်ဆိုရင် ဒီတောင်အောက်ကိုတစ်နေ့ဆယ်ခါလောက် ကောင်းကောင်းကြီး ဆင်းနိုင်တက်နိုင်တာပေါ့ လူလေးရာ'

'ဗျာ....ဘိုးဘိုးချွန်က ဒီလောက်တောင်ပဲ စွမ်းသလား ဖေဖေ'

တိရှန်ဖ ီးက မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ပြန်မေးလိုက်ရာ တိယန်းစင်ကပြုံး၍....

'စွမ်းတာပေါ့ လူလေးရဲ့၊ သိုင်းလောကရဲ့ ရာဇာသုံးပါးမှာ တစ်ယောက်အပါအဝင်ပဲဥစ္စာ'

'အင်း....ဒါဆိုရင်တော့ကျွန်တော် လျှော့တွက်မိတာမှားတာပေါ့လေ'

'ကဲ....စကားပြောနေလို့ မပြီးဘူး၊အချိန်မလင့်ခင်တောင်ပေါ်ကိုတက်ကြရအောင်၊တောင်တက်လမ်းတစ်လျှောက်မှာ

ပန်းတွေက လက်ညှိုးထိုးမလွဲရှိနေတာဆိုတော့ တက်ရင်းနဲ့ပဲ အမောပြန်ပြေသွားမှာပါ'

တိယန်းစင်က အားပေးသလို ပြောလိုက်သည်။

ထို့နောက်မှာတော့ သားအဖနှစ်ယောက် ပန်းကမ္ဘာတောင်ကို စတက်ကြလေတော့သည်။ သူ့ဖခင် တိယန်းစင်ပြောတာ မှားတော့မမှား။

တောင်တက်လမ်း၏ ဝဲယာတစ်ဖက်တစ်ချက်တွင် ရောင်စုံပန်းခင်းများက ပြည့်နှက်နေသောကြောင့် တက်ရင်းနှင့်ပင် အမောက ပြန်ပြေသွားသလိုရှိသည်။

ထိုသို့ အမောပြေသွားရခြင်းမှာ မျက်စိပသာဒကြောင့်သာလျှင် မဟုတ်။

ပန်းရောင်စုံတို့၏ မွှေးပျံ့သော ရနံ့ကလည်း အဓိကကျသော နေရာမှ ပါဝင်၍ နေပေသည်။

'ဖေဖေ....ပြောတာ ဟုတ်တယ်၊ ပန်းကမ္ဘာတောင်ဆိုတဲ့အတိုင်း ပန်းတွေက တောင်တစ်ခုလုံးကို ပြည့်နေတာပဲနော်'

'ဒါကြောင့် ပန်းကမ္ဘာတောင်လို့ ခေါ်တာပေါ့လူလေးရဲ့'

သားအဖနှစ်ယောက် စကားတပြောပြောနှင့် တက်သွားကြရင်း အတန်ကြာသည့်အခါမှာတော့ ပန်းကမ္ဘာတောင်ထိပ်ကို အောင်မြင်စွာ ရောက်ရှိသွားတော့သည်။

သာမန်လူတစ်ယောက်အနေဖြင့် ထိုမျှလောက်မြင့်သောတောင်ကို တက်ရမည်ဆိုလျှင် ယခုအချိန်ထက် သုံးဆခန့် ပိုကြာမြင့်မည်ဖြစ်သည်။



တိယန်းစင်မှာ ထိပ်တန်းသိုင်းပညာရှင်ဖြစ်သည့်နည်းတူ တိရှန်ဖေးသည်လည်း မြင့်မားသော အတွင်းအားကိုပိုင်ဆိုင်ထားသောကြောင့်သာ အချိန်မကြာဘဲ တောင်ပေါ်သို့ ရောက်ရှိသွားကြခြင်းဖြစ်သည်။

ပန်းကမ္ဘာတောင်မှာ မြင့်မားသော တောင်တစ်လုံးဖြစ်သည်နှင့်အမျှ တောင်ထိပ်အကျယ်အဝန်းမှာလည်း မသေးလှချေ။

ထိုတောင်ထိပ်မြေကွက်လပ်တွင်လည်း ပန်းများက တစ်ဝက်ခန့် နေရာယူ၍ ထားပေသေးသည်။

အဆိုပါ ပန်းခင်းကြီး၏ အလယ်မှာတော့ မကြီးမသေးအရွယ်တော် ဝါးတဲကြီးတစ်လုံးကို တွေ့ရသည်။

ဝါးတဲဆိုသော်လည်း ဖြစ်ကတတ်ဆန်း ဆောက်လုပ်ထားသော ဝါးတဲမျိုးတော့မဟုတ်ချေ။

ခိုင်ခိုင်ခံ့ခံ့ သေသေသပ်သပ်နှင့် နေချင့်စဖွယ် ဆောက်လုပ်ထားသော ဝါးတဲသာလျှင်ဖြစ်သည်။

'ဒီဝါးတဲကြီးက ဘိုးဘိုးချွန်နေတဲ့ ဝါးတဲဖြစ်မှာပေါ့နော်'

'သေချာတာပေါ့လူလေးရာ၊ တောင်ပေါ်မှာအဆောက်အအုံဆိုလို့ ဒီတစ်ခုပဲရှိတာပဲဥစ္စာ'

ထို့နောက် တိရှန်ဖေးတို့ သားအဖနှစ်ဦးမှာ ရောင်စုံပန်းခင်းကြီးကိုဖြတ်၍ ဝါးတဲဆီသို့ ချဉ်းကပ်သွားကြသည်။

ဝါးတဲကား လူနေသော ဝါးတဲဟု မထင်ရလောက်အောင်ပင် ပကတိတိတ်ဆိတ်ငြိမ်သက်လျက် ရှိနေလေသည်။

'ဘိုးဘိုးချွန်မှ ရှိပါ့မလား ဖေဖေရာ၊ တောင်အောက်တွေဘာတွေများ ဆင်းနေသလား မသိဘူး'

တိရှန်ဖဲးက တိတ်ဆိတ်လွန်းသဖြင့် သူ့ထင်ကြေးကို ပြောလိုက်သည်။

လျှပ်စီးဓား တိယန်းစင်ကမူ ထိုအင်ကြေးကို သဘောတူပုံမရ။

'ဖေဖေထင်တာကတော့ သူ့ဝါးတဲမှာပဲ ရှိနေနိုင်ပါတယ်၊ တိတ်ဆိတ်တာကတော့ တစ်ယောက်တည်း နေတာကိုးကွ လူလေးရ'

တိယန်းစင်က ပြောရင်း တဲပေါက်ဝတွင်ရပ်၍ မတိုးမကျယ်အသံပြုလိုက်သည်။

'ဘိုးဘိုးချွန် ရှိပါသလားခင်ဗျာ'

သူ့စကားအဆုံးမှာတော့ စကားသံတစ်သံပြန်လည်ပေါ်ထွက်လာသည်။

'မင်းတို့က ဘယ်သူတွေလဲ၊ ဘာကိစ္စရှိလို့ ဒီတောင်ပေါ်ကို တက်လာကြတာလဲ'

ထိုစကားသံမှာ ဝါးတဲထဲမှ ထွက်ပေါ်လာခြင်း မဟုတ်ဘဲ သူတို့နောက်ဘက်မှ ပေါ်ထွက်လာခြင်းဖြစ်သည့်အတွက် သားအဖနှစ်ယောက်လုံး အံ့သြတကြီးဖြစ်သွားကြသည်။

နောက်တော့ ကပျာကယာ ပြန်လှည့်ကြည့်လိုက်သည်တွင် ဘိုးဘိုးချွန်ဟုယူဆရလောက်သော အဘိုးအိုတစ်ယောက်ကို ရုတ်တရက်တွေ့လိုက်ရလေသည်။



အဘိုးအိုကား ခါးအနည်းငယ်ကုန်း၍ ဖြူဖပ်ဖြူရော် အသားအရေမျိုးရှိ၏။

သူ၏ခေါင်းမှ ဆံပင်များမှာ ဖွေးဖွေးဖြူလျက် ရှိသော်လည်း မျက်လုံးများမှာမူ စူးရှတောက်ပြောင်၍ နေလေသည်။

## ( ၂၈ )

ထိုအချက်က အလွန်နက်ရှိုင်းသော အတွင်းအားကို ပိုင်ဆိုင်ကြောင်း ဖော်ပြနေခြင်းပင်ဖြစ်သည်။

ဘိုးဘိုးချွန်ကို ယခင်က တွေ့မြင်ဖူးခြင်းမရှိသည့်အတွက် တိယန်းစင်က ပို၍ သေချာသွားစေရန်....

'ဘိုးဘိုးက ဘိုးဘိုးချွန် ဟုတ်ပါသလားခင်ဗျာ'

တရိုတသေပင်မေးလိုက်၏။

ထိုအခါ ဖြူဖပ်ဖြူရော် အဘိုးအိုက မရယ့်မပြုံး ခံစားချက်မဲ့သော မျက်နှာဖြင့် သူတို့ကိုကြည့်၍....

'ဟုတ်တယ်....ဒါက အဆိပ်လက်သည်း ဘိုးဘိုးချွန်ပဲ၊ ဒါထက် မင်းတို့က....'

'ကျုပ်က လျှပ်စီးခါး တိယန်းစင်ပါ၊ သူကတော့ ကျုပ်ရဲ့ တစ်ဦးတည်းသောသား တိရှန်ဖီးပါ'

တိယန်းစင်က မိတ်ဆက်ပေးလိုက်သည်တွင် ဘိုးဘိုးချွန်က သာမန်ကာလျှံကာမျှသာ သူတို့ကို ကြည့်သည်။

သို့သော် ထိပ်တန်းသိုင်းပညာရှင်ကြီးပီပီ သိုင်းလောက ဗဟုသုတကား များစွာ ကြွယ်ဝဟန်တူသည်။ တိယန်းစင်ဆိုသည်နှင့် မည်သူမည်ဝါဟု အတပ်သိသွားကာ....

'ဩော်....မင်းက သွေးသောက်ခုနစ်ဖော်ထဲမှာပါတဲ့ လျှပ်စီးခါး တိယန်းစင်ကိုး'

'တစ်ချိန်က မိတ်ဆွေတွေဆိုတော့ ခုချိန်မှာတော့ မိတ်ဆွေ မဟုတ်ကြတော့ဘူးပေါ့ ဒီလိုလား'

ဘိုးဘိုးချွန်က စကားအကျအနကို အဓိအရကောက်ပြီး စူးစမ်းဟန်ဖြင့် ပြန်မေးသည်။ ထို့ကြောင့် လျှပ်စီးခါး တိယန်းစင်က ဟန်ပါပါပြုံးလိုက်ကာ....

'ဒီလိုသဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူး ဘိုးဘိုးချွန်၊ ဘိုးဘိုးရဲ့တပည့် ကျင်းဟုန်နဲ့ ပြန်မတွေ့တာ ဆယ်နှစ်လောက် ကြာပြီဖြစ်လို့ တစ်ချိန်က မိတ်ဆွေတွေပါလို့ ပြောလိုက်ရတာပါ'

'ဩော်....ဒီလိုကိုး၊ ဒါထက် ငါကြားတာကတော့ ကျင်းဟုန် သေဆုံးသွားခဲ့တာ ဆယ့်ငါးနှစ်လောက်တောင်ရှိသွားခဲ့ပြီဆို'



'ဟုတ်ကဲ့....အားလုံးကတော့ ဒီလိုပဲ မှတ်ယူထားကြပါတယ်၊ ကျင်းဟုန် တကယ်မသေဘူးဆိုတာကို တိတိကျကျ သိတဲ့လူကတော့ တစ်ယောက်ပဲရှိပါတယ်'

'အဲဒီတစ်ယောက်က မင်းပဲမဟုတ်လား'

ဘိုးဘိုးချွန်၏ ပါးနပ်မှုကား အံ့ဩလောက်ဖွယ်ပင် ဖြစ်သည်။ သူ ပါးစပ်ဟလိုက်သည်နှင့် ပြောမည့် စကားကိုပါ တစ်ခါတည်း ကြိုသိ၍ နေလေသည်။

သို့ဖြစ်၍ လျှပ်စီးခါးတိယန်းစင်က....

'ဘိုးဘိုးပြောတာ မှန်ပါတယ်၊ ကျင်းဟုန် တကယ်မသေဘူးဆိုတာကို သိတဲ့လူကတော့ ကျုပ်ပါပဲ'

ဝန်ခံလိုက်ရတော့သည်။ ထိုစကားကြောင့် ဘိုးဘိုးချွန်က ထူးထူးခြားခြား ဖြစ်မသွားချေ။ အေးတိအေးစက်ပုံစံဖြင့်ပင်....

'တားပါတော့လေ၊ ဒါထက် မင်းတို့သားအဖက ဘာအကြောင်းရှိလို့ ဒီတောင်ပေါ်ကို တက်လာတာလဲ'

သိလိုသည်ကိုသာ ဖမ်းမေးလာသည်။ တိယန်းစင်က ခေတ္တမျှ ငြိမ်သက်နေပြီးမှ....

'ကျုပ်ရောက်လာရတဲ့ ကိစ္စကတော့ ဝိညာဉ်ဝယ်သူကိစ္စပါပဲ ဘိုးဘိုးချွန်'

'ခုတလော နာမည်ကြီးနေတဲ့ ဝိညာဉ်ဝယ်သူကို ပြောတာလား'

'ဟုတ်ပါတယ် ဘိုးဘိုးချွန်၊ သူ့လက်ချက်နဲ့ သွေးသောက်ခုနစ်ဖော်က လေးယောက်တိတိ ကျဆုံးသွားခဲ့ရသလို မိုးကြိုး

လက်သီး လိန်ရှုဝမ်လဲ ဒဏ်ရာ ရသွားခဲ့ပါပြီ၊ ခု ကျုပ်ဆီကိုလဲ ဓိန်ခေါ်တဲ့ အထိမ်းအမှတ်အဖြစ် ကြေးပြားလေးတစ်ပြား လာပေးသွားခဲ့ပါတယ်'

'အဲဒီကိစ္စက ကျုပ်နဲ့ သက်ဆိုင်နေလို့လား'

ဘိုးဘိုးချွန်က မထုံတက်တေးပုံစံဖြင့် မေးသည်။ ထို့ကြောင့် လျှပ်စီးမေား တိယန်းစင်မှာ အတူတူဖြစ်လို့ သွားသည်။

ပြီးတော့မှ....

'ဘိုးဘိုးချွန်နဲ့ တိုက်ရိုက်မသက်ဆိုင်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဝိညာဉ်ဝယ်သူဟာ ကျင်းဟုန်ဖြစ်နိုင်တယ်လို့ ထင်မိတာကြောင့် ဘိုးဘိုးချွန်ဆီ ရောက်လာရခြင်းဖြစ်ပါတယ်'

'ဟင်'

သည်အခါမှာတော့ ဘိုးဘိုးချွန် အနည်းငယ် ဣန္ဒြေပျက်သွားလေသည်။ သို့သော် သိသိသာသာကြီး ပျက်ယွင်းသွားခြင်းတော့ မဟုတ်ချေ။

( ၂၉ )

နောက်တော့ သိုင်းရာဇာကြီး ဘိုးဘိုးချွန်က ဣန္ဒြေကို ပြန်ဆည်လိုက်ရင်းမှ....

'ဝိညာဉ်ဝယ်သူဟာ ငါ့တပည့် ကျင်းဟုန်ဖြစ်လိမ့်မယ်လို့ မင်းက ဘာကြောင့် ထင်ရတာလဲ'

'ဝိညာဉ်ဝယ်သူ အသုံးပြုတဲ့ သိုင်းပညာက အဆိပ်လက်သည်း သိုင်းပညာဖြစ်နေတယ်လေ'

'ဒါကိုကြည့်ပြီး တစ်ထစ်ချစွပ်စွဲလို့တော့ မဖြစ်ဘူးထင်တယ်၊ ဒါထက် ဝိညာဉ်ဝယ်သူဟာ ကျင်းဟုန်ဖြစ်မယ်ဆိုရင်

သွေးသောက်ခုနစ်ဖော်ဖြစ်တဲ့ မင်းတို့ကို ဘာကြောင့် ပြန်ပြီး တိုက်ခိုက်နေရသလဲ၊ ကဲ....ပြောစမ်းပါဦး'

ထိုအမေးကတော့ ပိုင်ပိုင် နိုင်နိုင် ရှိသူဖြင့် အပြောကောင်းသော လျှပ်စီးဓား တိယန်းစင်ပင်လျှင် တစ်ချီတည်း ပါးစပ်ပိတ်သွားသည်။

ဤအမေးကား ဖြေဖို့မလွယ်သော မေးခွန်းတစ်ခုပင် ဖြစ်သည်။

ထို အမေးကို ပြန်ဖြေရမည်ဆိုလျှင် ဖုံးကွယ်ထားသောကိစ္စများအားလုံးကို မခြွင်းမချန် ဖော်ပြလိုက်သလို ဖြစ်ပေလိမ့်မည်။

သို့ဖြစ်၍ လျှပ်စီးဓား တိယန်းစင်က မုသားစကားမသုံးချင်ပါသဲ လွဲသာသောကြောင့် သုံးလိုက်ရလေတော့သည်။

'ဒါကိုတော့ ဂျပ်လဲ မပြောတတ်ပါဘူး ဘိုးဘိုးချန်၊ သူ့မှာ မကျေနပ်စရာ အကြောင်းကိစ္စ တစ်ခုခုရှိလို့ဖြစ်မှာပေါ့'

'မင်းဆင်ခြေက ယုတ္တိမရှိဘူး တိယန်းစင်၊ ကျင်းဟုန်ဟာ ငါ့တပည့်ရင်း ဖြစ်ခဲ့ဖူးလို့ ကျင်းဟုန်ရဲ့စိတ်နေသဘောထားကို ငါကောင်းကောင်းသိတယ်၊ ဒီကောင်ကသဘောကောင်းတယ်၊ စိတ်ထားဖြူစင်တယ်၊ ဒါပေမယ့် မဟုတ်မခံစိတ်တော့ရှိတယ်၊ ဘာပဲ ဖြစ်ဖြစ် သူ့မှာ နာကြည်းလောက်စရာအကြောင်းမရှိဘဲနဲ့တော့ မင်းတို့ကို တိုက်ခိုက်ဖို့ စိတ်ကူးလိမ့်မယ် မဟုတ်ဘူး'



ဘိုးဘိုးချန်ကား သူထင်ထားသည်ထက်ပင် များစွာပို၍ တော်နေပေသေးသည်။

ထို့ကြောင့် ဘိုးဘိုးချန်ကို စိတ်ထဲမှကျိတ်၍ ချီးကျူးလိုက်မိသည်။

သို့သော် နှုတ်ကမူ အတည်ပေါက်ဖြင့်....

'ကျုပ် အမှန်ကို ပြောတာပါ ဘိုးဘိုးချန်၊ သူနဲ့ကျုပ်တို့ကြားမှာ နာကြည်းလောက်စရာ အကြောင်းကိစ္စမျိုး မရှိခဲ့ဖူးပါဘူး'

'စဉ်းစဉ်း စားစားလဲပြောပါ တိယန်းစင်၊ မင်းစကားတွေက ရှေ့နောက် မညီတော့ဘူး၊ ဒါဖြင့် ငါတစ်ခုမေးမယ်၊ ကျင်းဟုန်သေပြီလို့ ကျန်တဲ့သူတွေက ဘာကြောင့်ထင်နေကြတာလဲ၊ မင်းကရော ဘာကြောင့် ကျင်းဟုန် တကယ်မသေဘူးလို့ တိတိကျကျ သိနေရတာလဲ'

ထိုသို့ ဟာကွက်ကို တိတိကျကျ ထောက်ပြပြီး မေးလာသည့် အခါမှာတော့ တိယန်းစင် တစ်ယောက် မည်သို့မျှ ဆင်ခြေမပေးသာတော့ဘဲ ဖြစ်သွားသည်။

သို့ဖြစ်၍ တိယန်းစင်က သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် ချလိုက်ကာ....

'ကျုပ် အရှုံးပေးပါတယ် ဘိုးဘိုးချန်၊ ကျုပ်တို့ကြားမှာ ပြဿနာတစ်ခု ရှိခဲ့တာ အမှန်ပါပဲ၊ ဒါပေမယ့် ဘိုးဘိုးချန်ကိုတော့ ဒီအကြောင်းတွေ ပြန်ရှင်းမပြပါရစေနဲ့'

'ဒါက ငါ့ကိစ္စမဟုတ်တဲ့အတွက် မင်းဟာမင်း မပြောဘဲလဲ နေနိုင်ပါတယ်၊ ဒါပေမယ့် ငါ့စကားကိုတော့ မင်း

နောက်ဆုံး ဝန်ခံရတော့တာပဲ မဟုတ်လား၊ ဒါထက် မင်း ငါ့ဆီကို ရောက်လာတာက’

‘ဝိညာဉ်ဝယ်သူနဲ့ ဘိုးဘိုးချွန် လိုက်တွေ့စေချင်လို့ပါ’

‘လိုက်တွေ့တော့ ဘာဖြစ်မှာမို့လဲ’

ဘိုးဘိုးချွန်က မျက်မှောင်ကြုတ်လျက် ပြန်မေးသည်။ ထို့ကြောင့် တိယန်းစင်က....

‘အကယ်၍ ဝိညာဉ်ဝယ်သူဟာ ကျင်းဟုန် ဖြစ်နေခဲ့ရှိးမှန် ရင် ဘိုးဘိုးက ဖျောင်းဖျလို့ ရတာပေါ့’

‘မင်းကိုမသတ်ဖို့ ငါက ဖျောင်းဖျရမှာလား’

‘ကျုပ်အသက်တစ်ခုတည်းအတွက် ပြောတာမဟုတ်ပါဘူး ဘိုးဘိုးချွန်၊ ဒီပြင်လူတွေကိုပါ ထပ်သတ်နေမှာစိုးလို့ ပြောတာပါ’

တိယန်းစင် စကားအဆုံးတွင် ဘိုးဘိုးချွန်က စဉ်းစားဟန်ဖြင့် ခေတ္တမျှ တွေဝေသွားသည်။

နောက်တော့ ဘာကိုစဉ်းစားမိသွားသည် မပြောတတ်။ ခေါင်းကို တွင်တွင်ခါယမ်းလိုက်ကာ....

‘ငါတော့ အဲဒီလို မထင်ဘူး၊ ကျင်းဟုန်ဟာ အကြောင်းမဲ့ လူလိုက်သတ်မယ့် လူစားမျိုး မဟုတ်ဘူး၊နောက်ပြီး ငါက သိုင်းလောကနဲ့ ကင်းကင်းရှင်းရှင်း နေခဲ့တာကြာပြီဆိုတော့ တစ်ကြိမ် ပြန်ဝင်ရမှာကို သိပ်စိတ်မပါတော့ဘူးကွ၊ ဒီတော့ ကျင်းဟုန်မဟုတ်တာလုပ်ရင်လဲ တစ်နေ့မှာ အဲဒီဒဏ်ကို သူ ပြန်ခံရလိမ့်မပေါ့၊ ငါ ပြောတာ သဘာဝကျတယ် မဟုတ်လား’



‘ဒါဖြင့် ဘိုးဘိုးချွန် လုံးဝလိုက်မတွေ့နိုင်ဘူးပေါ့ ဟုတ်လား’

‘မှန်တယ်....တိယန်းစင်၊ ဝိညာဉ်ဝယ်သူဟာ ကျင်းဟုန် ဟုတ်သည် ဖြစ်စေ, မဟုတ်သည်ဖြစ်စေ ဒီကိစ္စမှာ ငါဝင်ပြီး မပတ်သက်ချင်တော့ဘူး၊ မင်းတို့ လက်ချက်နဲ့ ကျင်းဟုန် သေဆုံးသွားခဲ့မယ်ဆိုရင်လဲ ငါကတော့ ဝမ်းမနည်းဘူး၊ ထို့အတူ မင်းတို့ သေဆုံးသွားမယ် ဆိုရင်လဲ ငါကတော့ စိတ်မကောင်း မဖြစ်ဘူး၊ သိုင်းလောကဆိုတာ အသက်ချင်း ပြိုင်လုနေရတဲ့ လောကပဲဉစ္စာ၊ ဒီတော့ နိုင်သူရှင်ပြီး ရှုံးသူ သေဆုံးရတာ အံ့သြစရာမဟုတ်ပါဘူး’

ဘိုးဘိုးချွန်၏ စကားကား ရှင်းလင်း ပြတ်သားလှပေသည်။

သူ့ရင်ထဲမှ စိတ်သဘောထားကို အရှင်းဆုံးဖော်ပြလိုက်ပြီဖြစ်သဖြင့် တိယန်းစင်မှာ ဆက်လက်ခေတာင်းပန်ရန်မကြိုးစားတော့ဘဲ စိတ်ကိုလျှော့ချလိုက်ကာ....

ဘိုးဘိုးချွန်ပြောတာမှန်ပါတယ်၊ တကယ်တော့ ဒီကိစ္စက ဘိုးဘိုးနဲ့ ဆိုင်တော့မဆိုင်လှပါဘူး၊ ဒါပေမယ့် သိုင်းလောက ကောင်းကျိုးအတွက် ဘိုးဘိုး ဆန္ဒများရှိမလား ဆိုတဲ့ မျှော်လင့်ချက်နဲ့လာခဲ့တာပါ’

သိုင်းလောကကောင်းကျိုးကို မလိုလားလို့တော့မဟုတ်ပါဘူးကွာ၊ ဒါပေမယ့် ငါက အသက်ကြီးပါပြီ၊ ဒီတော့ အေးအေးဆေးဆေးပဲ နေချင်တော့တယ်၊ သိုင်းလောက ကောင်းကျိုးကိုလိုလားတဲ့ ဒီပြင် အသက်ငယ်သေးတဲ့ အဖြူ

ချောင် သိုင်းပညာရှင်တွေ ရှိနေပါသေးတယ်လေ၊ သူတို့ကြည့်ပြီး ဆောင်ရွက်ကြလိမ့်မပေါ့’

သိုင်းရာဇာကြီး ဘိုးဘိုးချွန်က သိုင်းလောကအရေးကို အမှန်ပင် စိတ်ပါဝင်စားခြင်းမရှိတော့ဟန်ဖြင့် ပြောသည်။

ထို့ကြောင့် တိယန်းစင်က အလိုက်သိသူပီပီ ထပ်မံ အပူကပ်ဖို့ မစဉ်းစားတော့ဘဲ....

‘ကောင်းပါပြီ ဘိုးဘိုးချွန်၊ ဒါဖြင့် ကျုပ်တို့ကိုပြန်ခွင့်ပြုပါဦး’

နှုတ်ဆက်လိုက်သည်တွင် သိုင်းရာဇာကြီး ဘိုးဘိုးချွန်က....

‘ပြန်တော့မယ်ဟုတ်လား၊ ပြန်ရအောင် အချိန်က သိပ်မရှိတော့ဘူး၊ ခုပဲ နေစောင်းနေပြီ၊ တောင်အောက် ပြန်မရောက်ခင်မှာပဲမှောင်သွားလိမ့်မယ်၊ နောက်ပြီး ဒီပတ်ဝန်းကျင်မှာ လူနေအိမ်ခြေလဲမရှိတော့ ဝင်တည်းဖို့ကလဲ မဖြစ်နိုင်ဘူး၊ ဒီတော့ ဒီတစ်ညတော့ ဒီတောင်ပေါ်မှာပဲ အိပ်သွားကြပါ၊ မနက် ခပ်စောစောလေးကျမှ ထပြန်ကြပေါ့ ဟုတ်လား’

အကြံပေးလာလေသည်။

ထိုစကားက မှားတော့မမှား။

သူတို့သားအဖ မည်မျှပင် မြန်အောင်ဆင်းဆင်း တောင်ခြေရောက်သည်နှင့် မှောင်စပျိုးသွားမှာသေချာသည်။

သို့ဆိုလျှင် မြို့မနီး ရွာမနီးနှင့် မှောင်ကြီးထဲမှာ သူတို့သားအဖ အတိဒုက္ခရောက်ပေတော့မည်။



ထို့ကြောင့် တိယန်းစင်က....

‘ဘိုးဘိုးစေတနာကိုတော့ လေးစားပါတယ်၊ ဒါပေမယ့် ကျုပ်တို့ကြောင့် ဘိုးဘိုး အလုပ်ရှုပ်နေမှာစိုးလို့ပါ’

‘အို....မဟုတ်တာ၊ မင်းတို့သားအဖနှစ်ယောက် တစ်ညတည်းလို့ ဘာမှ ပိုပြီးအလုပ်မရှုပ်နိုင်ပါဘူးလေ၊ ငါ့ဝါးတဲကလဲ အကြီးကြီးပဲဟာ၊ နောက်ပြီး မင်းတို့ကို ညစာကျွေးစရာလဲ ငါ့မှာ ပြည့်ပြည့်စုံစုံရှိနေပါတယ်’

‘ကဲ....သား ဘယ့်နှယ်လဲ’

တိယန်းစင်က တိရှန်ဖ ိး၏သဘောထားကိုသိလို၍ လှည့်မေးလိုက်၏။

( ၃၀ )

တိရှန်ဖ ီးမှာလည်း ဆာလောင်စပြုနေပြီဖြစ်၍ ပြန်ဆင်းလျှင် ညစာစားတော်သွားနိုင်မည်ဟု တွေးမိသောကြောင့်....

'ဘိုးဘိုးပြောတဲ့ အစီအစဉ် ကောင်းပါတယ် ဖေဖေ၊ ကျွန်တော်တို့ ဒီတစ်ည ဒီမှာပဲအိပ်ပြီး မနက်စောစောကလေးကျမှ ထဆင်းကြတာပေါ့'

ခပ်သွက်သွက် ပြန်ဖြေလိုက်သည်။

ထိုစကားကြောင့် သိုင်းရာဇာကြီးဘိုးဘိုးချန်က ကျေနပ်သလို ပြုံးလိုက်ရင်း....

'ကဲ....ဒါဆို ထဲထဲကိုသာဝင်ကြပေတော့'
ပြောလိုက်လေတော့သည်။

* * *

သိုင်းရာဇာကြီးဘိုးဘိုးချွန် တည်ခင်းသော ညစာစားပွဲ ကား ထူးထူးခြားခြား စားကောင်းသောက်ဖွယ်များမပါ ချေ။

သို့သော် ဆာလောင်နေခိုက်ဖြစ်၍လား မပြောတတ်။ တိယန်းစင်တို့ သားအဖနှစ်ဦးမှာ အတော်ပင်ခံတွင်းတွေ့၍ သွားလေသည်။

ထို့နောက် စားသောက်ပြီးကြသည်တွင် လျှပ်စီးမား တိယန်းစင်က ခရီးပန်းပြီး ဗိုက်လဲလေးသွားသဖြင့် အိပ်ချင် ပြီဟု အကြောင်းပြကာ ခပ်စောစောပင် အိပ်ရာဝင်သွား သည်။

တိရှန်ဖီးမှာမူ လူငယ်ဖြစ်သောကြောင့် ရောက်တုန်း ရောက်ခိုက် အကျိုးရှိအောင် သိုင်းရာဇာကြီးဘိုးဘိုးချွန်နှင့် စကားပြောကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။



ဘိုးဘိုးချွန်မှာ မည်သူနှင့်မျှမဆက်ဆံဘဲ ကင်းကင်းနေ သည်ဆိုသော်လည်း လူထဲက လူသားတစ်ဦးပင် ဖြစ်သော ကြောင့် စကားပြောဆိုလိုစိတ်တော့ ရှိသည်သာ ဖြစ်သည်။

ထို့ကြောင့် ဗဟုသုတရှာမှီးလိုသော တိရှန်ဖီးနှင့် တွေ့ သည်တွင် တစ်ခဏချင်း အဖွဲ့ကျ၍သွားတော့သည်။ တိရှန် ဖီးမှာ ခင်မင်ဖွယ်ရုပ်ရည်ရှိသည့်အပြင် လူကြီးသူကြီးများ ကို တရိုတသေဆက်ဆံတတ်သူလည်း ဖြစ်သည်။

ထိုမျှမကသေး ခပ်ပျော့ပျော့ နေလေ့ရှိပြီး စာပေဝါ သနာရှင်ပီပီ အပြောအဆိုလည်း ညက်ညောပြေပြစ်လှသူ ဖြစ် သည်။

သို့ဖြစ်၍ စကားပြောဖော်ကင်းမဲ့နေသည်မှာ ကြာမြင့်ခဲ့ ပြီဖြစ်သည့် သိုင်းရာဇာကြီး ဘိုးဘိုးချွန်မှာ တိရှန်ဖီးနှင့် စကားလက်ဆုံကျပြီး "မကြာမီမှာပင် တိရှန်ဖီးအား အထူး ခင်မင်သွားလေတော့သည်။

ထို့နောက် တိရှန်ဖီးမေးသမျှကို စိတ်ရှည်လက်ရှည် ပြန် လည် ဖြေကြားပေးသည့်အပြင် သိုင်းလောက၏ ပရိယာယ် များ လူငယ်တစ်ယောက် သိထားသင့် သိထားထိုက်သော ဗဟုသုတများကိုလည်း ဂရုတစိုက်ပင် ရှင်း၍ ပြနေတော့ သည်။

ဘိုးဘိုးချွန် ပြောသော အကြောင်းအရာ များ ထဲ တွင် ရာဇာသုံးပါးနှင့် ဒေဝီသုံးပါးအကြောင်းလည်း ပါသည်။

ဒီ့ပြင်သိုင်းလောကမှ ထင်ရှားသော ထိပ်တန်း သိုင်း ပညာရှင်များ၏ အကြောင်းလည်း ပါသည်။

မည်သို့ပင်ဖြစ်စေ တိရှန်ဖီးမှာ သူ မ သိ သေး သော အကြောင်းအရာများဖြစ်၍ ဘိုးဘိုးချွန်ပြောသမျှကို တမေ့တမောပင် နားထောင်၍ နေမိလေသည်။

ထိုသို့ စကားပြောဆိုနေရင်းမှ သိုင်းရာဇာကြီး ဘိုးဘိုးချွန်က တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်....

'ဩော်....ဒါထက် လူလေးကို ဘိုးဘိုး တစ်ခုတော့ မေးကြည့်ချင်သေးတယ်'

'မေးပါ ဘိုးဘိုး၊ ကျွန်တော်သိထားတဲ့ကိစ္စဆိုရင်တော့ ပြန်မဖြေနိုင်စရာ ဘာမှ အကြောင်းမရှိပါဘူး'

'ဘိုးဘိုးမေးမှာကတခြားမဟုတ်ဘူးကွယ့်၊ လူလေးဖေဖေ အပါအဝင်ဖြစ်တဲ့ သွေးသောက်ခုနစ်ဖော်အကြောင်းပဲ'

'သွေးသောက်ခုနစ်ဖော်အကြောင်း ဟုတ်လား ဘိုးဘိုး'

'ဟုတ်တယ် လူလေး၊ အဲဒီသွေးသောက်ခုနစ်ဖော်ထဲမှာ ပါဝင်ခဲ့ဖူးတဲ့ ကျင်းဟုန်က ကျန်တဲ့လူတွေကို ဘာကြောင့် လိုက်သတ်နေရတာလဲ၊ ဒီကိစ္စဟာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး၊ သူတို့ကြားမှာ နာကြည်းစရာဖြစ်ရပ်တစ်ခု ရှိခဲ့ဖူးမယ်လို့ ဘိုးဘိုး ထင်တယ်'

ဘိုးဘိုးချွန်က တွေးတွေးဆဆဖြင့် ပြောလိုက်သည်။

တိရှန်ဖီးကလည်း မတို့မဆိုင်းပင် ခေါင်းညိတ်လိုက်ကာ....

'ဟုတ်တယ် ဘိုးဘိုး၊ ကျွန်တော်လဲ ဘိုးဘိုး ထင်သလိုပဲ ထင်မိတယ်'



'အေး.... ဘိုးဘိုး သိချင်တာကလဲ အဲဒီကိစ္စပဲ၊ မင်းဖေဖေကတော့ ပြောမပြနိုင်ပါဘူးလို့ ဖြောင့်ကျကျပဲ ငြင်းသွားခဲ့ပြီ၊ ဒါက သူတို့ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်နေတော့ ဘိုးဘိုးလဲ အတင်းအကျပ်မမေးချင်ဘူး၊ဒါပေမယ့် ဒီကိစ္စကို လူလေး သိထားတယ်ဆိုရင်တော့ ဘိုးဘိုး လူလေးဆီက တစ်ဆင့် ပြန်သိချင်တယ်'

'အဲဒါမှ ခက်တာပဲ ဘိုးဘိုးရဲ့၊ ဖေဖေက ဒီအကြောင်းတွေကို တစ်နေ့မှာ ပြန်ပြောပြမယ်လို့တော့ ကတိပေးထားတယ်၊ဒါပေမယ့် ခုချိန်ထိတော့ တစ်စွန်းတစ်စလေးတောင်မှ ကျွန်တော် မသိရသေးဘူး'

တိရှန်ဖီးက မချင့်မရဲဖြင့် ပြောလိုက်မိသည်။

သိုင်းရာဇာကြီး ဘိုးဘိုးချွန်က နားလည်ဟန်ဖြင့်ပြုံးရင်း

'ကိစ္စမရှိပါဘူး လူလေးရာ၊ ဘိုးဘိုးက လူလေးများ ဒီအကြောင်းတွေ သိထားသလားလို့ မေးကြည့်တာပါ၊ လူလေးမသိဘူးဆိုရင်လဲ ရှိပါစေတော့'

'ကျွန်တော်ကတော့ ဖေဖေ့လို မပြောချင်လို့ ဖုံးကွယ်ထားတာ မဟုတ်ပါဘူး ဘိုးဘိုး၊ တကယ်ကို မသိရသေးလို့ ပြန်မပြောပြနိုင်တာပါ'

'ဘိုးဘိုး ယုံကြည်ပါတယ်ကွယ်၊ လူလေးဟာ စိတ်ထားဖြူစင်ပြီး အမှန်တရားကို လက်ကိုင်ထားတဲ့ လူငယ်လေး တစ်ယောက်လို့ ဘိုးဘိုး လက်ခံထားပြီးသားပါ၊ ဒါထက် လူလေးဖေဖေ အကူအညီတောင်းတာကို ဘိုးဘိုးက ငြင်း

လိုက်လို့ ဘိုးဘိုးအပေါ်မှာများ လူလေး စိတ်ခုနေသေးလား'

ဘိုးဘိုးချွန်က သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး သွေးတိုးစမ်းသလို မေးသည်။

တိရှန်ဖိုးက ခေါင်းကို ညင်သာစွာ ခါယမ်းပြလိုက်ရင်းမှ....

'စိတ်မခုပါဘူး ဘိုးဘိုး၊ လူတစ်ယောက်မှာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လို့ ကျွန်တော် ကောင်းကောင်း နားလည်ထားပါတယ်၊ ခုကိစ္စမှာလဲ ဒီလိုပါပဲ၊ ဘိုးဘိုးအနေနဲ့ ငြင်းချင်သလို ငြင်းပိုင်ခွင့် ရှိနေပါတယ်၊ ပြောမယ်ဆိုရင် ဝိညာဉ်ဝယ်သူကိစ္စက ဘိုးဘိုးနဲ့ မသက်ဆိုင်လှပါဘူးလေ'

'လူလေးက လူလေးဖေဖေထက်တောင် အယူ အဆအတွေးအခေါ်ပိုင်းမှာ ပိုမြင့်နေသေးတယ်၊ လူလေးဖေဖေကတော့ ဝိညာဉ်ဝယ်သူဟာ ကျင်းဟုန်ဖြစ်နိုင်လို့ ဘိုးဘိုးကလိုက်ပြီး ဖြေရှင်းပေးသင့်တယ်တဲ့'

'ဒါက တစ်ထစ်ချပြောလို့ မရသေးပါဘူး ဘိုးဘိုးရာ၊ ဝိညာဉ်ဝယ်သူဟာ ကျင်းဟုန်ဖြစ်ချင်မှလဲ ဖြစ်မှာပါ၊ နောက်ဆုံး ကျင်းဟုန်ဖြစ်စေဦးတော့ တစ်ချိန်က ဘိုးဘိုးတပည့်ဖြစ်ခဲ့တာနဲ့ ဘိုးဘိုးနဲ့ ပတ်သက်တယ်လို့ ပြောလို့မရပါဘူးလေ'

'ဒါလဲ မှန်တာပဲကွ၊ ဒါပေမယ့် ဝိညာဉ် ဝယ်သူဟာ ကျင်းဟုန်ဖြစ်နိုင်လောက်တယ်လို့တော့ ဘိုးဘိုးယူဆမိတယ်၊ မင်းဖေဖေ အပါအဝင် ကျွန်တဲ့သူတွေက တစ်ချိန်က ရှန်



ဖြိုး ရန်စကြောင့် တိုက်ခိုက်ခံရတာမို့ သူတို့အတွက် ဘိုးဘိုးဘယ်လိုမှ သဘောမထားဘူး၊ ဒါပေမယ့် မဆီမဆိုင် ဖအေကြောင့် လူလေးပါရောပြီး တိုက်ခိုက်ခံရမှာကိုတော့ ဘိုးဘိုးလုံးဝမလိုလားဘူး'

ဘိုးဘိုးချွန်က လေးနက်သော လေသံဖြင့် ပြောလာသောကြောင့်....

'ဘိုးဘိုးက ကျွန်တော့်အတွက် စိုးရိမ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဘိုးဘိုးကွယ်ရာမှာတိုက်ခိုက်ခံရမှာကိုတော့ ဘိုးဘိုးလဲ ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူးလေ'

'ဘယ်ဟုတ်မလဲကွ လူလေးရ၊ ဘိုးဘိုးက လူလေးနဲ့အတူ လျှောက်လိုက်မနေနိုင်တာ မှန်ပေမယ့် လူလေးကို ဝိညာဉ်ဝယ်သူ မတိုက်ခိုက်ရဲအောင် စီမံပေးလိုက်မှာပေါ့၊ ကဲ.... ရော့ ဒီဆွဲပြားလေးကို လူလေးရဲ့လည်ပင်းမှာ တစ်ခါတည်းသာ ဆွဲထားလိုက်ပေတော့၊ ဒီဆွဲကြိုး ဆွဲထားသမျှ ကာလပတ်လုံး လူလေးကို သူတိုက်ခိုက်ဖို့ ကြိုးစားတာမှာ မဟုတ်ဘူး'

ပြောလည်းပြော လှမ်းလည်းပေးလာသဖြင့် တိရှန်ဖိုးက ဘာမသိ ဘာမသိဖြင့် လှမ်းယူလိုက်သည်။

လက်ထဲ ရောက်၍ ဖြန့်ကြည့်လိုက်သည့် အခါမှာတော့ ကျောက်စိမ်း ဆွဲပြားလေးတစ်ပြား....

ကျောက်စိမ်းပြားလေး ပေါ်တွင်မူ ကြယ်တစ်ပွင့်၏ ပုံသဏ္ဍာန်က ထင်ထင်ရှားရှားရှိနေလေသည်။

'ဒါကိုဆွဲထားရင် ဝိဉာဉ်ဝယ်သူက ရန်မပြုဘူး ဟုတ်လား ဘိုးဘိုး'

'မှန်တယ် လူလေး၊ ဒီဆွဲပြားလေးဟာ ဘိုးဘိုးရဲ့ ဆွဲပြားလို့ ကျင်းဟုန် ကောင်းကောင်းသိတယ်၊ သူ့ဆီမှာလဲ ဒီလို ဆွဲပြားမျိုးလေး တစ်ခုရှိတယ်၊ ဒါကြောင့် ဒီဆွဲပြားဆွဲထားတဲ့ လူလေးကို ဘိုးဘိုးလူလို့ သတ်မှတ်ပြီး သူတိုက်ခိုက်တော့မှာ မဟုတ်ဘူး'

'ဒါဖြင့် ဝိဉာဉ်ဝယ်သူက ကျင်းဟုန်မဟုတ်ဘဲ ဒီ့ပြင်လူတစ်ယောက် ဖြစ်နေရင်ရော'

'ဒါဆိုရင်တော့ ဒီဆွဲပြားက အသုံးမဝင်တော့ဘူးပေါ့ လူလေးရာ၊ ဘာပဲဖြစ်ဖြစ် ဘိုးဘိုးကတော့ ဝိဉာဉ် ဝယ်သူဟာ ကျင်းဟုန်ဖြစ်မယ်လို့ပဲ ထင်နေမိတယ်၊ ဒါကြောင့် ဒီဆွဲပြားကို ဆွဲထားခြင်းအားဖြင့် လူလေး အကျိုးမယုတ်နိုင်ပါဘူးလေ၊ ကဲ....ကဲ....ညဉ့်လဲနက်လှပြီ လူလေးလဲ အိပ်ရာဝင်ပေတော့၊ မနက်ဖြန် မနက်စောစော ထရဦးမှာဆိုတော့ အိပ်အိပ်ပျက်ခံလို့ မဖြစ်ဘူး'

သိုင်းဆရာကြီး ဘိုးဘိုးချွန်က စကားစကို ဖြတ်ကာ ထိုင်ရာမှထသည်။

ပြီးလျှင် သူခေါင်းကို ကလေးတစ်ယောက်အားပုတ်သလို ကြင်နာစွာ ပုတ်ပြီးနောက် သူ့အိပ်ရာဆီသို့ လျှောက်သွားတော့သည်။



တိရှန်ဖ°းမှာ ကျောက်စိမ်းလည်ဆွဲကို အတန်ကြာအောင် ဆက်ကြည့်ပြီးနေပြီးမှ ယုံယုံကြည်ကြည်ဖြင့်ပင် ခေါင်းမှစွပ်ကာ လည်တွင်ဆွဲလိုက်တော့သည်။

အနာဂတ်ဆိုသည်က ကြိုမြင်နိုင်တာမျိုး မဟုတ်တော့ ခက်သား။

## ( ၃၁ )

ပန်းကမ္ဘာတောင်မှ ပြန်လည်ထွက်ခွာလာခဲ့သောတိယန်းစင်နှင့် တိရှန်ဖ ီးတို့ သားအဖနှစ်ဦးမှာ လမ်းခရီးတွင်မည်သည့် အနှောင့်အယှက်မှမကြုံဘဲ တာကူမြို့နားသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

သို့သော် ကံကြမ္မာ၏ ဆန်းကြယ်မှုကား အံ့သြလောက်ဖွယ်ပင်ဖြစ်သည်။

တာကူမြို့ဝင်ကာနီး နေ့ခက်ဆုံးတောအုပ်တစ်ခုကို ဖြတ်ကျော်မိသည့် အခါကျမှ မမျှော်လင့်ဘဲ ဝိညာဉ်ဝယ်သူနှင့် ပက်ပင်းသွားတိုး နေလေတော့သည်။

လူရှင်းသော တောလမ်းကလေးကို ပိတ်ရပ်နေခြင်း ဖြစ်သဖြင့် ဝိညာဉ်ဝယ်သူ၏ အသွင်သဏ္ဍာန်က ထင်ထင်ရှားရှား ဖြစ်လို့နေသည်။

လေတိုက်ခတ်မှုကြောင့် ကျောတွင်ခြုံထားသော ဝတ်ရုံ အနားစများကလည်း လေထဲ၌ တဖျပ်ဖျပ် လွင့်လျက်ရှိသည်။

အန္တရာယ်က မမျှော်လင့်ဘဲ ပေါ်ပေါက်လာပြီ ဖြစ်၍ တိယန်းစင်နှင့် တိရှန်ဖိုးတို့ သားအဖနှစ်ဦးမှာ ခြေလှမ်းများကို တုံ့ခနဲရပ်လိုက်ကြရလေတော့သည်။

ထိုခဏမှာပင် သိုင်းဆရာကြီး ဘိုဘိုးချွန်၏ အမှာစကားများကို ကြားယောင်လာပြီး တိရှန်ဖိုးက လည်ပင်းရှိ ဆွဲကြိုးဆီသို့ လက်လှမ်းလိုက်သည်။

ဝိညာဉ်ဝယ်သူမှာ ကျင်းဟုန် ဟုတ်မဟုတ် စမ်းသပ်ကြည့်မည်ဟူသော စိတ်ကူးဖြင့် ဆွဲကြိုးဆီ လက်လှမ်း လိုက်ခြင်း ဖြစ်သည်။

သို့သော် သူ့လက်ကဆွဲကြိုးဆီ မရောက်ခင်မှာပင် ဖခင်ဖြစ်သူက သူ့လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ဟန့်တားလို့ လာသည်။

သူကြည့်လိုက်တော့ ဖခင်ဖြစ်သူက ခေါင်းကို မသိမသာ ခါပြသည်။ ဆွဲကြိုးကို ထုတ်မပြနဲ့ဦးဆိုသည့်သဘော။

ထို့ကြောင့် တိရှန်ဖိုးက မချင့်မရဲဖြင့် လက်ကိုပြန်ချလိုက်စဉ်မှာပင် ဝိညာဉ်ဝယ်သူထံမှ ပထမဆုံးသော စကားသံ ပေါ်ထွက်လို့လာသည်။



'ဘာလဲ တိယန်းစင်၊ ခင်ဗျားက အားကိုးလိုက်ရှာနေတာလား၊ မရပါဘူးလေ၊ ကျုပ်က ကြေးပြားပေးထားပြီးပြီဆိုတော့ ဘာကြီးပဲဖြစ်နေနေ ခင်ဗျားအသက်ကို ရအောင်ယူရမှာပဲ'

'ကျုပ် နားလည်ပါတယ်ဗျာ ကျုပ်က အားကိုးရှာတာ မဟုတ်ပါဘူး၊ ဘိုးဘိုးချွန်ကို သွားတွေ့ပြီးအကျိုးအကြောင်း ပြောပြတာပါ'

'ဟုတ်ရဲ့လားဗျာ၊ ကျုပ်ကတော့ မျက်နှာငယ်နဲ့သွားပြီး အကူအညီတောင်းတယ်လို့ ထင်တာပဲ၊ ဒါထက် ဘိုးဘိုးချွန်က ဘာပြောလွှတ်လိုက်သလဲ'

'ဘိုးဘိုးချွန် ပြောလိုက်တာကသား....ဝိညာဉ်ဝယ်သူဟာ သူ့တပည့် ကျင်းဟုန် ဖြစ်နိုင်တယ်လို့ ပြောလွှတ်လိုက်တယ်'

တိယန်းစင်က ပွင့်ပွင့်လင်းလင်းပင် ပြောချလိုက်သည်။ ထိုစကားကြောင့် ဝိညာဉ်ဝယ်သူမှာ အတန် ကြာအောင်ပင် နှုတ်ဆိတ်၍သွားသည်။

မျက်နှာဖုံး တပ်ထားသောကြောင့် မျက်နှာပျက်သွား မသွားကိုတော့ မည်သို့မျှ အကဲခတ်၍ မရချေ။

နောက်တော့မှ ဝိညာဉ်ဝယ်သူက မရယ်ချင်သလို ရယ်ချင်သလို ဖျစ်ညှစ်ရယ်လိုက်ကာ....

'ဘိုးဘိုးချွန်က အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်မှ မဟုတ်တာ၊ ကျုပ်ဘယ်သူဆိုတာကို သူမသိနိုင်ပါဘူးလေ'

'သူသိတာ မသိတာတော့ မပြောတတ်ဘူး၊ ဒါပေမယ့် ငါကတော့ မင်းကို ကောင်းကောင်းသိနေပါတယ်....ကျင်း

ဟုန်၊ မျက်နှာဖုံးတပ်ပြီး ကာကွယ်ထားပေမယ့် အကြောင်းမထူးလှပါဘူးကွာ'

တိယန်းစင်က ယုံကြည်မှုအပြည့်ရှိသော လေသံမျိုးဖြင့် ခိုင်ခိုင်မာမာပင် ပြောလိုက်သည့်အခါမှာတော့ ဝိညာဉ်ဝယ်သူက ကျယ်လောင်စွာ ရယ်မောလိုက်ပြန်ကာ....

'ခင်ဗျားကတော့ တော်တော်ရယ်စရာကောင်းတဲ့လူပဲဗျာ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ကျုပ် ကျင်းဟုန်ဟုတ်သည် ဖြစ်စေ မဟုတ်သည်ဖြစ်စေ ခင်ဗျားကတော့ ချမ်းသာရာ ရတော့မှာ မဟုတ်ပါဘူး၊ ကဲ....လာပြီ တိယန်းစင်၊ သတိသာထားနေပေတော့'

ပြောပြီးသည်နှင့် ဝိညာဉ်ဝယ်သူက ရှေ့သို့ လှမ်းတက်၍ လာသည်။

ထို့ကြောင့် လျှပ်စီးဓား တိယန်းစင်က သားဖြစ်သူကို တွန်းထုတ်လိုက်ကာ....

'လူလေး....ဘေးကို ခဏဖယ်နေစမ်း၊ မင်းကို တိုက်ခိုက်ဖို့ ပြင်လာမှ ဟိုဟာကိုထုတ်ပြ ကြားလား'

အရေးတကြီးပုံစံဖြင့် သတိပေးလိုက်သည်။

ပြီးလျှင် လျှပ်စီးဓား တိယန်းစင်က ကျောတွင် လွယ်ထားသော လျှပ်စီးဓားကို လျှပ်တစ်ပြက်ပင် ဆွဲထုတ်လိုက်လေသည်။

'အင်း... လျှပ်စီးဓား တိယန်းစင်ရဲ့ ဓားထုတ်ပုံကတော့ ငေးကြည့်ရလောက်အောင်ကို လှပါပေတယ်၊ ဒါကြောင့်လဲ လျှပ်စီးဓားရယ်လို့ အမည်တွင်တာ ဖြစ်မယ်'



'အချင်းချင်း ပြန်ပြီးရိမနေစမ်းပါနဲ့ ကျင်းဟုန်ရာ၊ ငါတို့က အကြောင်းသိတွေပဲ ဥစ္စာ၊ ကဲ....စတိုက်မယ်ဆို တိုက်လို့ရပါပြီကွာ'

'ကောင်းပြီ တိယန်းစင်၊ ကဲ....သတိထားပြီးတော့သာ ရှောင်ပေတော့'

စကားဆုံးသည်နှင့် ဝိညာဉ်ဝယ်သူက တိယန်းစင်ရှိရာသို့ ဖျတ်ခနဲ ခုန်ဝင်လိုက်သည်။

( ၃၂ )

ထိုအခါ လျှပ်စီးဓား တိယန်းစင်ကလည်း ဓားဖြင့် ဆီး၍ ခုတ်ချလိုက်သည်။

'ဝှီး....'

'ကျွား'

'ဟိတ်'

တိယန်းစင်၏ ဓားချက်ကား အလွန်လျင်မြန်၍ ကြောက်စရာ ကောင်းလှပေသည်။

တိုးဝင်လာသော ဝိညာဥ်ဝယ်သူ၏ လည်မျိုဆီသို့ ရိပ်ခနဲ ကျရောက်သွားသည်။

သို့သော် ဝိဉာဉ်ဝယ်သူ၏ တိမ်းရှောင်မှုက ပို၍ပင် လျင်မြန်နေပေသေးသည်။

လည်မျိုဆီသို့ ဓားချက်ဝင်လာသည်တွင် ကိုယ်ကိုဖျတ်ခနဲ မစောင်းငဲ့လိုက်ကာ ညာလက်ဖြင့် တိယန်းစင်၏ ရင်ဝကို ရိုက်ချလိုက်သည်။

'ဝှမ်း'

'ဟာ'

တိယန်းစင်မှာ ထိုမျှ မြန်မြန်ဆန်ဆန် တုံ့ပြန်တိုက်ခိုက်ခံရလိမ့်မည်ဟု မျှော်လင့် မထားသည့်အတွက် အနည်းငယ် တုန်လှုပ်သွားသည်။

သို့ရာတွင် ထိပ်တန်းသိုင်းပညာရှင်ပီပီ လက်ဝါးချက်မှ လွတ်အောင် ခုန်ဆုတ်၍တော့ ရှောင်နိုင်ခဲ့ပေသည်။

'ခင်ဗျားက ဘယ်ဆိုးလို့လဲ'

ဝိဉာဉ်ဝယ်သူက မထိတထိလေသံဖြင့် ပြောသည်။

လျှပ်စီးဓား တိယန်းစင်ကမူ မဲ့ပြုံးသာ ပြုံးလိုက်ပြီး ဝိဉာဉ်ဝယ်သူအား ဆက်လက် တိုက်ခိုက်လိုက်ပြန်သည်။

လျှပ်စီးဓား တိယန်းစင်၏ တိုက်ခိုက်မှုကလည်း အကွက်စေ့ပြီး ဟာကွက်ဟူ၍ မရှိသလောက်ပင် ဖြစ်သည်။

တော်ရုံသိုင်းပညာရှင် တစ်ယောက်ဆိုလျှင် ၎င်းဓားချက်များ အောက်မှ ဖောက်ထွက်ရန် လွယ်မည် မဟုတ်ချေ။

သို့ရာတွင် ဝိဉာဉ်ဝယ်သူကား ထိပ်တန်း ကိုယ်ဖော့ပညာရှင် တစ်ယောက် ဖြစ်ပုံရသည်။



ပြင်းထန်သွက်လက်သော ဓားချက်များအောက်၌ အရပ်အနားမရှိပင် လှည့်ပတ်တိမ်းရှောင်၍ နေလေသည်။

ထိုသို့ရှောင်တိမ်းရင်းမှ တစ်ချက်တစ်ချက် တုံ့ပြန်တိုက်ခိုက်လိုက်သည်တွင် လျှပ်စီးဓား တိယန်းစင်မှာ ဖရိုဖရဲဖြစ်သွား၏။

တိုက်ပွဲမှာ ပြတ်ပြတ်သားသား အဖြေမပေါ်သေးသော်ငြား မကြာခင်မှာပင် သူ့အဖေ ရှုံးနိမ့်သွားနိုင်စရာ အကြောင်းရှိသည်ဟု တိရှန့်ဖိုး တွက်ဆမိသည်။

သို့သော်လည်း မိမိက သိုင်းပညာတတ်မြောက်သူ တစ်ယောက် မဟုတ်သဖြင့် မည်သို့မျှ မတတ်သာဘဲ ရပ်ကြည့်၍သာ နေရလေသည်။

ထိုစဉ်မှာပင် လျှပ်စီးဓား တိယန်းစင်က တိုက်ခိုက်မှုအရှိန်အဟုန် ပိုမြင့်ကာ မိုးကြိုးမုန်တိုင်း သိုင်းကွက်ဖြင့် တိုက်ခိုက် လိုက်ပြန်သည်။

ထိပ်တန်း သိုင်းပညာရှင် တစ်ယောက်ဖြစ်သည့် အပြင် သိုင်းကွက်ကလည်း ထက်မြက်မှုရှိသဖြင့် ဓားချက်ကို သဲသဲကွဲကွဲပင် မြင်တွေ့နိုင်ခြင်း မရှိတော့ချေ။

သို့တိုင်အောင် ဝိဉာဉ်ဝယ်သူကတော့ အထိအခိုက်မရှိအောင် ကြိုးစား တိမ်းရှောင်သွားနိုင်ခဲ့ပေသည်။

လျှပ်စီးဓား တိယန်းစင်မှာ ပိုင်ဘက်ပင် ဖြစ်နေလင့်ကစား ဝိဉာဉ်ဝယ်သူ၏ မြင့်မားသော ကိုယ်ဖော့ပညာကိုတော့ မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်သွားသည်။

'မင်းက အလျင်ကထက်တောင် ကိုယ်ဖော့ပညာမှာ ပိုအဆင့်မြင့်လာပါလား'

'ခင်ဗျားကလဲ မဆိုးပါဘူးလေ၊ သိုင်းလောကနဲ့ ကင်းကွာနေတာ ကြာပေမယ့် လက်သိပ်မကျသေးပါဘူး'

ပြိုင်ဘက်နှစ်ဦးမှာ တစ်ယောက်တစ်ပြန် ချီးကျူးလိုက်ပြီးနောက် တိုက်ပွဲကို ထပ်ဆက်တိုက်လိုက်ပြန်သည်။

သည်တစ်ကြိမ် ပြန်စသည့်အခါမှာတော့ ဝိညာဉ်ဝယ်သူ၏ တိုက်ခိုက်မှုက ပိုမိုပြင်းထန်လို့လာသည်။

လျှပ်စီးဓား တိယန်းစင်မှာ အစွမ်းကုန် ခုခံသည့်ကြားမှပင် ဝိညာဉ်ဝယ်သူ၏ တိုက်ခိုက်မှုအောက်၌ ရှုန်းမထွက်နိုင်တော့သလို ဖြစ်လာသည်။

ထို့ကြောင့် တိယန်းစင်က သေမထူး နေမထူးစိတ်သွင်းကာ ဝိညာဉ်ဝယ်သူကို ခပ်ကြမ်းကြမ်း ဝင်တိုက်ခိုက်ပစ်လိုက်သည်။

'ကျား....'

'ဟိတ်....'

သို့သော် ဝိညာဉ်ဝယ်သူကား သူတင်သည်ထက်ပင် ပို၍ပါးနပ်နေပေသေးသည်။

လျှပ်စီးဓား တိယန်းစင်၏ ဓားချက်များ တရစပ် ကျရောက်လာချိန်တွင် ဘယ်တစ်လှမ်း ညာတစ်လှမ်း ဆက်တိုက်ဆုတ်၍ တိမ်းရှောင်ပေးလိုက်သည်။

ပြီးမှ တိယန်းစင်က ဘယ်ဒူးဆစ်ကို ခြေဖြင့် လှမ်းကန်လိုက်လေသည်။



တိယန်းစင်က တိမ်းရှောင်ခြင်း မပြုဘဲ ဝင်လာသော ဝိညာဉ်ဝယ်သူ၏ ခြေထောက်ကို ဓားဖြင့် ဖမ်းခံပေးလိုက်သည်။

ထိုအခါ ဝိညာဉ်ဝယ်သူက တိယန်းစင်၏ ဓားပြားကို နင်းကာ လေထဲသို့ ခုန်တက်ပြီး ညာခြေဖြင့် ပက်ကန်လိုက်လေသည်။

ထိုသို့ ဓားပြားကို နင်း၍ လေထဲသို့ ခုန်တက်ခြင်းမှာ မြင့်မားသော ကိုယ်ဖော့ပညာကို ထုတ်ဖော်ပြသလိုက်ခြင်းပင် ဖြစ်သည်။

လျှပ်စီးဓား တိယန်းစင်မှာ သွက်လက်လွန်းသော ဝိညာဉ်ဝယ်သူ၏ တိုက်ခိုက်မှုကြောင့် တဒင်္ဂမျှ ကြောင်အအ ဖြစ်သွားသည်။

ထိပ်တန်းသိုင်းပညာရှင်များ တိုက်ခိုက်သည့် တိုက်ပွဲတွင် တဒင်္ဂသည်လည်း အရေးပါလှသည်သာဖြစ်၏။

သို့ဖြင့် တိယန်းစင်မှာ ဝိညာဉ်ဝယ်သူ၏ ခြေကန်ချက်ပခုံးစွန်းကို အထိခံရကာ တစ်ပတ်လည်ထွက်သွားတော့သည်။

'ဖြောင်း'

'အင့်'

'ဝုန်း'

နောက်တော့ ဟန်ချက်ပြန်ထိန်းလိုက်သည့်ကြားမှပင် မြေပြင်ပေါ်သို့ ဖင်ထိုင်လျက်ကျသွားလေသည်။

'ဘယ့်နှယ်လဲ တိယန်းစင်၊ ဒီကန်ချက်လေးတောင်မှ ခင်ဗျားက လွတ်အောင်မရှောင်နိုင်ဘူးလားဗျ'

ဝိညာဉ်ဝယ်သူက တမင်တကာ မခံချင်ဖြစ်သွားအောင် ရိလိုက်သည်။

လျှပ်စီးခေါ် တိယန်းစင်မှာ ထိုစကားကြောင့် မခံချိမခံသာ ဖြစ်သွားသည် မှန်သော်လည်း ပြန်လည်ချေပစရာ စကားရှာမတွေ့သဖြင့် အောင့်သက်သက်ဖြစ်လို့သွားသည်။

ထိုစဉ်မှာပင် တောလမ်းကလေးတစ်ဖက်မှ အပြေး တစ်ပိုင်း လျှောက်လာနေသော လူတစ်ယောက်ကို လှမ်းတွေ့လိုက်ရသဖြင့် တိယန်းစင် အံ့သြသွားသည်။

ဝိညာဉ်ဝယ်သူမှာလည်း တိယန်းစင် မျက်နှာထားပြောင်းသွားသည်ကို ရိပ်မိလိုက်၍ နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ သူတို့နှင့်ဝါးတစ်ရိုက်အကွာလောက်သို့ ရောက်ရှိလာသော လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် ထိုသူဘက်သို့ မျက်နှာပြုထားလိုက်လေသည်။

ထပ်မံရောက်ရှိလာသူကား တခြားမဟုတ်။ ဝိညာဉ်ဝယ်သူနောက်သို့ သဲသဲမဲမဲ ခြေရာခံလိုက်နေသော ရွှေလှံပျံ သိုင်းသမား ချင်ပိုပင် ဖြစ်ပေသည်။

ယခုလို အချိန်မျိုးတွင် ရွှေလှံပျံ သိုင်းသမား ချင်ပိုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် တိရှန်ဖ်းတို့ သားအဖ နှစ်ယောက်လုံး အားတက်လို့သွားကြသည်။

သို့သော် ဝိညာဉ်ဝယ်သူကမူ ချင်ပိုကို မည်သူမည်ဝါဟု သိဟန်မတူ။ ၈



သို့ဖြစ်၍ အနားရောက်လာသော ရွှေလှံပျံသိုင်းသမား ချင်ပိုကို ခပ်ဘည်ဘည်ဖြင့် ဆီးမေးလိုက်သည်။

'ခင်ဗျားက ဘယ်သူလဲ'

'ချင်ပို...ရွှေလှံပျံ သိုင်းသမား ချင်ပိုဆိုပါတော့'

'ခင်ဗျားကို ကျုပ် မသိပါလား'

'ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်ကတော့ ခင်ဗျားကို ကောင်းကောင်းကြီး သိနေတယ်၊ ခင်ဗျားက အခိပ္ပာယ်မဲ့ လူလိုက်သတ်နေတဲ့ ဝိညာဉ်ဝယ်သူ မဟုတ်လား'

ရဲရင့်သော ရွှေလှံပျံသိုင်းသမား ချင်ပိုက မတွန့်မရှုံ့ပင် ပြောချလိုက်သည်။ ဝိညာဉ်ဝယ်သူက ထိုအပြောကို သဘောကျသွားသည့်အလား ခြောက်ကပ်ကပ်ဖြင့် ရယ်သည်။

ပြီးမှ....

'ခင်ဗျားက သတ္တိတော့ တော်တော်ကောင်းတဲ့သူပဲ၊ ကျုပ်ကို ဒီလိုစွပ်စွဲရဲတယ်ဆိုတာ နည်းတဲ့သတ္တိမဟုတ်ဘူး'

'ဒါလား.....ဒါက ချီးကျူးစရာ မဟုတ်ပါဘူးလေ၊ ကျုပ်က ခင်ဗျားကို ဇာတ်သိမ်းပေးဖို့တောင် ဆုံးဖြတ်ထားတာပဲဟာ'

'သြော်....ခင်ဗျားက ဒီအထိတောင် အစီအစဉ် ဆွဲထားနှင့်မှကိုး၊ ကျုပ်က မဆိုင်တဲ့သူတွေကို သတ်ချင်စိတ်မရှိတာတော့ အမှန်ပဲ၊ ဒါပေမယ့်ကျုပ်ကို တိုက်ခိုက်လာမယ်ဆိုရင်တော့ ငြိမ်ခံနေလို့မရတော့ဘူးပေါ့ဗျာ'

'ကျုပ်သဘောပေါက်ပါတယ်လေ၊ ကဲ....ဝိညာဉ်ဝယ်သူဟာ နာမည်ကြီးသလောက် တကယ်စွမ်းမစွမ်းကိုပဲ စမ်းကြည့်ရသေးတာပေါ့'

စကားဆုံးသည်နှင့်တစ်ပြိုင်နက် ရွှေလှံပျံသိုင်းသမားချင်ပိုက လှံရှည်ကိုမြှောက်ကာ ခေါင်းပေါ်တွင်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

'ဝှီး....'

ပြီးလျှင် ဝိညာဉ်ဝယ်သူရှိရာသို့ လှမ်းတက်၍ လှံရှည်ဖြင့် စတင်တိုက်ခိုက်လိုက်သည်။

## ( ၃၃ )

ထိုအခါကျမှပင် တိရှန်ဖ၀ီးက ဖင်ထိုင်လျက် ပစ်ကျနေသော ဖခင်ဖြစ်သူကို သွားရောက် ပွေ့ထူပေးရင်း....

'ဖေဖေ....ဘယ်လိုနေသေးလဲဟင်'

စိုးရိမ်သံဖြင့် မေးလိုက်သည်။

တိယန်းစင်က သားဖြစ်သူကို စိတ်မပူပါနဲ့ဆိုသော အဓိပ္ပာယ်ဖြင့် ပြန်ပြုံးပြလိုက်ကာ....

'ဒီလောက် မဟုတ်လှပါဘူး လူလေးရာ၊ ဒါပေမယ့်ညာပခုံးစွန်းကို ထိသွားတယ်ဆိုတော့ ခုချက်ချင်းတော့ ခေး

မြန်ကိုင်လို့ရတော့မှာ မဟုတ်ဘူး၊ ကိုင်လို့ရသည့်တိုင် လက်မြဲတော့မှာ မဟုတ်ဘူး’

‘ဒါဆို ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ ဖေဖေ၊ ဘိုးဘိုးချန်ပေးလိုက်တဲ့ ကျောက်စိမ်းလည်ဆွဲလေးကို ထုတ်ပြလိုက်ရတော့မလား’

‘ခဏနေပါဦးလေ၊ အခြေအနေကို စောင့်ကြည့်လိုက်ပါဦး၊ ရွှေလှပျံ့ သိုင်းသမား အခြေအနေမကောင်းမှလူလေး ဝင်ပြီး ထုတ်ပြလိုက်ပေါ့’

‘ဒါထက်ဦးလေးချင်ပိုကရောဝိညာဉ်ဝယ်သူကိုနိုင်အောင် ထိန်းထားနိုင်ပါ့မလား’

တိရှန်ဖ ိုးက စိတ်လှုပ်ရှားနေသော လေသံမျိုးဖြင့်မေးလိုက်ရာ လျှပ်စီးခေါ်း တိယန်းစင်က ချက်ချင်းပြန်မဖြေသေးဘဲ ပိုက်ပွဲကို ခေတ္တမျှ အကဲခတ်သလို ငေးကြည့်လိုက်သည်။

ပြီးမှ အားမရနေသော လေသံမျိုးဖြင့်....

‘အနေအထားကတော့ သိပ်အားရစရာ မရှိလှဘူး၊ ဝိညာဉ်ဝယ်သူက သိုင်းပညာထက်မြက်တဲ့အပြင် ကိုယ်ဖော့ပညာလဲသိပ်ကောင်းနေတယ်၊ဒီတော့ သူ့ကိုထိအောင် တိုက်ခိုက်ဖို့က မလွယ်လှဘူး ဖြစ်နေတယ်’

ပြောလိုက်သောကြောင့် တိရှန်ဖ ိုးပင် စိတ်ပျက်သွားမိသည်။

ဟုတ်တော့လည်း ဟုတ်သည်။



ရွှေလှပျံ့ သိုင်းသမားချင်ပိုမှာ သိုင်းလောကတွင်နာမည်တစ်လုံးဖြင့် ထင်ရှားနေသော အဖြူရောင်ထိပ်တန်းသိုင်းပညာရှင် တစ်ယောက်ဖြစ်သည်။

ထို့အတူ သူ၏ လှံရှည်ဖြင့် တိုက်ခိုက်မှုကလည်း ရေပက်မဝင်ဟု ဆိုရလောက်အောင်ပင် လျှင်မြန်ပြီး အကွက်စေ့လှသည်ကို တွေ့ရသည်။

သို့သော်လည်း သူရင်ဆိုင်နေရသူက သာမန်လူ မဟုတ်။ အဖြူရောင် ထိပ်တန်း သိုင်းပညာရှင်ကြီးများကို သွေးအေးအေးဖြင့်စိန်ခေါ်ပြီး လိုက်လံသတ်ဖြတ်နေသောဝိညာဉ်ဝယ်သူ။

ထိုအခါမှာတော့ သူ၏ပြင်းထန်သော တိုက်ခိုက်မှုများမှာ လေထဲတွင်သာ အချည်းနှီးဖြစ်လို့နေတော့သည်။

ထိုသို့ဖြစ်လေ ချင်ပိုက ဒေါသဖြင့် ဖိတိုက်လေဖြစ်ကာ တိုက်ပွဲမှာ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားသည်။

ထို့အတူ နှစ်ယောက်လုံးကိုလည်း သဲကွဲစွာမမြင်ရတော့ဘဲ အရိပ်သဏ္ဍာန်များမှာ ဝိုးတဝါးလောက်သာ ရှိနေတော့သည်။

ထိုသို့ လူလုံးမကွဲ ဖြစ်နေချင်းမှုပင် တစ်စုံတစ်ယောက်ထံမှ ထံခိုက်သံ ထွက်လာသည်ကို တိရှန်ဖ ိုးတို့သားအဖကြားလိုက်ရသည်။

‘ဝုန်း....’

‘အင့်....’

မြေပြင်ပေါ်သို့ လွင့်စဉ် လဲကျသွားသည်ကို မြင်လိုက်ရသည့်အခါမှာတော့ သားအဖနှစ်ယောက်စလုံး မျက်နှာပျက်သွားကြသည်။

ဒဏ်ရာဖြင့်လွင့်ထွက်သွားသူကား ရွှေလှုံပျံသိုင်းသမားချင်ပို ဖြစ်နေသောကြောင့်ပင်။

သို့သော် သေလောက်သော ဒဏ်ရာတော့ ဟုတ်ပုံမရချေ။

အကြောင်းမူ ချင်ပို၏ ကိုယ်ပေါ်တွင် သွေးစသွေးနအလျှင်းမတွေ့ရဘဲ ဝမ်းဗိုက်ကိုသာ အုပ်ကိုင်၍ မျက်နှာပျက်နေသောကြောင့်ပင် ဖြစ်သည်။

ဒါကို မြင်လိုက်သည်နှင့် တိရှန်ဖ ိုးတို့ သားအဖက ဝမ်းဗိုက်ကို ကန်ချက်မိသွားပြီဟု အတပ်သိသွားကြလေသည်။

တကယ်တမ်းတွင်လည်း ချင်ပိုမှာ ဝိညာဉ်ဝယ်သူ၏ အနီးကပ် ကန်ချက် မိသွားခြင်းသာလျှင် ဖြစ်သည်။

ကန်ချက်က သေလောက်သည်မဟုတ်သော်လည်း သက်တော့ မသက်သာလှချေ။

ထို့ကြောင့် ခံနိုင်ရည်ရှိသော ရွှေလှုံပျံ သိုင်းသမားချင်ပိုပင်လျှင် ထိုင်ရာမှထမလာနိုင်သေးဘဲ ရှုံ့မဲ့နေခြင်းဖြစ်ပေသည်။

'ခင်ဗျားတို့ဘက်က ကူညီမယ့်သူကလဲ ဒီလောက်မဟုတ်လှပါဘူးဗျာ၊ ကဲ....တိယန်းစင် ခင်ဗျားကိုပဲ ကျုပ်ဆက်ပြီး တိုက်ခိုက်ရလိမ့်မယ်'



ဝိညာဉ်ဝယ်သူက ရွှေလှုံပျံသိုင်းသမားချင်ပိုကို ဂရုမစိုက်တော့ဘဲ တိယန်းစင်ကိုသာ အမိကထားပြီး လှမ်းပြောလိုက်သည်။

ထိုအခါမှာတော့ တိရှန်ဖ ိုးက မနေသာတော့ဘဲ ဖခင်ဖြစ်သူရှေ့မှ ကာရပ်လိုက်ကာ....

'ဒီလောက်လောမကြီးပါနဲ့ဗျာ၊ ဒီဆွဲကြိုးကိုတော့ ခင်ဗျား ကောင်းကောင်းသိမယ်ထင်ပါတယ်'

ပြောပြောဆိုဆိုဖြင့် လည်ပင်းမှ ကျောက်စိမ်းလည်ဆွဲကို ချွတ်ကာ ဝိညာဉ်ဝယ်သူမြင်သာအောင် ကိုင်မြှောက်ပြလိုက်သည်။

ထိုခဏမှာပင် တိုက်ခိုက်လိုစိတ်ပြင်းပြနေသော ဝိညာဉ်ဝယ်သူမှာ ချက်ချင်း ငြိမ်ဆင်းသွားတော့သည်။

ထို့နောက် တိရှန်ဖ ိုးလက်ထဲမှ ဆွဲကြိုးလေးကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ....

'ဒီဆွဲကြိုးကို မင်း ဘယ်ကနေရထားတာလဲ'

'ကျုပ်ကို ဘိုးဘိုးချွန် လက်ဆောင်ပေးထားတာလေ'

'သြော်....ဘိုးဘိုးချွန်က လက်ဆောင်ပေးထားတာကိုး'

ဝိညာဉ်ဝယ်သူက တစ်ယောက်တည်း ရေရွတ်သလိုပြောရင်း ငြိမ်သွားပြန်သည်။

တိရှန်ဖ ိုးက ဘာဆက်ဖြစ်လာလေမလဲဟု ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်လို့နေမိသည်။

နောက်တော့ ဝိညာဉ်ဝယ်သူက ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်းမှ....

'ကောင်းပြီလေ၊ မင်းကို ဘိုးတိုးချွန်က ဆွဲကြိုး လက်ဆောင် ပေးသွားတယ်ဆိုတော့ ငါတိုက်ခိုက်လို့မဖြစ်တော့ဘူး၊ ဒါပေမယ့် ပြောမယ်ဆိုရင် ဆွဲကြိုးဆွဲသွားတဲ့သူကိုပဲ ငါက ချမ်းသာပေးရမှာ၊ မင်းအဖေကို သတ်မယ်ဆိုရင် သတ်ပိုင်ခွင့်ရှိတယ်'

တိရှုန်ဖ ီးကို ရှင်းပြလိုက်သည်။
တစ်ဖန် ဆက်၍....

'ဒါပေမယ့် ခုတစ်ကြိမ်တော့ မင်းမျက်နှာနဲ့ မင်းအဖေကို ငါ ချမ်းသာပေးလိုက်ပါ့မယ်၊ ဒါပေမယ့် သာဝရခွင့် လွှတ်လိုက်တာမျိုးတော့ မဟုတ်ဘူး၊ နောက်တစ်လတိတိ ပြည့်တဲ့နေ့မှာ တစ်ကြိမ်လာပြီး တိုက်ခိုက်ဦးမှာယ်၊ ဒီကြားထဲမှာ ငါ့ကိုခုခံနိုင်အောင် မင်းတို့ အသင့်ပြင်ထားကြပေါ့၊ အဲ....တစ်ယောက်တည်းမခုခံရဲလို့ ဒီပြင် သိုင်းပညာရှင်တွေ ခေါ်ထားချင်တယ်ဆိုရင်လဲ မင်းတို့သဘောပဲ၊ ငါကတော့ ဒီအတွက် ကန့်ကွက်လိမ့်မယ်မဟုတ်ဘူး'

ဝိညာဉ်ဝယ်သူက ဘယ်နှစ်ယောက်ဖြစ်ဖြစ် ဂရုမစိုက် ဟူသော သဘောမျိုးဖြင့် ပမာမခန့်ပြောသည်။
ပြီးသည်နှင့် နေရာမှ လှည့်ထွက်သွားဟန် ပြုလိုက်သည်။ ထိုစဉ်မှာပင် တိရှုန့်ဖ ီးမှာ မခံချင်စိတ်များ၏လှုံ့ဆော်လာမှုကြောင့် ထွက်သွားဟန် မြင်နေသော ဝိညာဉ်ဝယ်သူကို လှမ်းတားလိုက်သည်။



'ဝိညာဉ်ဝယ်သူ ခဏနေပါဦး'
မထင်မှတ်သော ဟန့်တားသံကြောင့် ဝိညာဉ်ဝယ်သူက ဖျတ်ခနဲလှည့်ကြည့်သည်။
သည်တော့မှ တိရှုန်ဖ ီးက မျက်နှာထားကို တည်လိုက်ကာ အလွန်ပြတ်သားသောလေသံဖြင့်....
'ခင်ဗျားက ကျုပ်ကို ဆွဲကြိုးကြောင့် မတိုက်ခိုက်ဘူးလို့ ပြောခဲ့တယ်နော်'
ဝိညာဉ်ဝယ်သူက ခေါင်းညိတ်ပြသည်။ တိရှုန်ဖ ီးက ဆက်၍....
'ဒါဆို ကျုပ် ဒီဆွဲကြိုးကို ဆက်ဆွဲမထားချင်တော့ဘူး'
'ဘာဖြစ်လို့လဲ'
'ခင်ဗျားတိုက်ခိုက်မှုကို ဆွဲကြိုးနဲ့ အကာအကွယ်မလုပ်ချင်တော့လို့ပေါ့'
'မင်းပြောတာ ငါမရှင်းဘူး'
ဝိညာဉ်ဝယ်သူက ပြောသည်။

*   *   *

တိရှန်ဖ ိုးက မပွင့်တပွင့်ပြုံး၍....

'ကျုပ်စကားက ရှင်းရှင်းလေးပါဗျာ၊ နောက်တစ်လကြာရင် ကျုပ်အဖေကို ခင်ဗျား လာတိုက်ခိုက်မယ် မဟုတ်လား၊ အဲဒီအခါကျရင် ကျုပ်က ကျုပ်အဖေဘက်က ခင်ဗျားကို ဝင်ပြီးတိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဒါကြောင့် ခင်ဗျားကလဲ ဆွဲကြိုးမျက်နှာမထောက်ဘဲ ပြန်တိုက်ခိုက်လို့ရအောင် ဒီဆွဲကြိုးကို မလိုချင်တော့ဘူးလို့ ပြောတာပါ၊ ကျုပ်ပြောတာ ရှင်းပါတယ်နော်'

'ရှင်းပါပြီဗျာ၊ မင်းရဲ့သတ္တိကတော့ တကယ့်ကိုချီးကျူးလောက်ပါတယ်'

'မလိုပါဘူး'

ပြောရင်း တိရှန်ဖ ိုးက ဆွဲကြိုးကို ပစ်ပေးလိုက်သောကြောင့် ဝိညာဉ်ဝယ်သူက အသာအယာပင် ဆီး၍ဖမ်းယူလိုက်သည်။

ပြီးမှ ဆွဲကြိုးကိုငုံ့ကြည့်လိုက်ရင်း....

'ဒီဆွဲကြိုးက....'

'ခင်ဗျားရဲ့ဆရာ ဘိုးဘိုးချွန်ကို ပြန်ပေးလိုက်ပါ၊ တိရှန်ဖ ိုးက မလိုချင်တော့ဘူးလို့ ပြောလိုက်တယ်လို့'

'ငါက ဘိုးဘိုးချွန်ဆီကိုသွားဖို့ အစီအစဉ်မရှိသေးဘူး'

'ဒါဆိုလဲ ခင်ဗျားဟာခင်ဗျား လွှင့်ပစ်ချင် ပစ်လိုက်ပေါ့ဗျာ၊ အခုကတော့ ကျုပ်ဆီမှာ ဒီဆွဲကြိုး မရှိတော့ရင် ပြီးတာပဲ'

တိရှန်ဖ ိုးက ပြီးစလွယ်ပင် ပြောလိုက်သည်။



ထိုစကားကိုပင် ဝိညာဉ်ဝယ်သူက သဘောကျသွားဟန်ဖြင့် ခေါင်းညိတ်သည်။

ပြီးမှ....

'ကောင်းပါပြီ....တိရှန်ဖ ိုး၊ ကျုပ်က လွှင့်တော့ မပစ်ပါဘူးလေ၊ အမှတ်တရအဖြစ် သိမ်းပဲ ထားလိုက်ပါမယ်၊ ကဲ....အားလုံးပဲ ကျုပ်ကို သွားခွင့်ပြုပါဦး'

သရော်တော်တော် လေသံဖြင့် ပြောကာ မည်သူ့ကိုမှ မကြည့်တော့ဘဲ ခပ်အေးအေးပင်ထွက်ခွာသွားလေတော့၏။

ထိုအခါကျမှပင် တိယန်းစင်နှင့် ရွှေလှ ပျံ သိုင်းသမားချင်ပိုတို့ နှစ်ဦးစလုံး သက်ပြင်းကို ရဲရဲချနိုင်တော့သည်။

သူတို့နှစ်ယောက်စလုံးမှာ ဝိညာဉ်ဝယ်သူ လက်ချက်ဖြင့် အနည်းငယ်စီ ဒဏ်ရာရထားခဲ့ပြီဖြစ်သ[ြ]င့် ဝိညာဉ်ဝယ်သူ ဆက်လက်တိုက်ခိုက်လာမည်ဆိုလျှင် အတော်ပင် အခက်တွေ့မှာ သေချာသည်။

ယခုမူ ဝိညာဉ်ဝယ်သူက ထွက်ခွာသွားပြီဖြစ်၍ စိတ်သက်သာရာ ရသွားကြခြင်းဖြစ်သည်။

'ဦးလေး ချင်ပိုကော ဘယ့်နှယ်နေသေးလဲ'

သူတို့ဘက်က ဝင်ရောက် ကူညီခဲ့သူဖြစ်၍ တိရှန်ဖ ိုးက ဂရုတစိုက်ပင် မေးမြန်းလိုက်သည်။

ရွှေလှ ပျံ သိုင်းသမား ချင်ပိုက မချိပြုံးပြုံးလျက် လဲနေရာမှ လူးလဲထလာရင်း....

'ကန်ချက်မိသွားတာဆိုတော့ အတော်တော့ ခံလိုက်ရတာပေါ့ကွာ၊ ခုတော့ သက်သာသွားပါပြီ၊ သူ့လက်သည်း ကုတ်ချက်မမိတာ ကံကောင်းတယ်လို့ ဆိုရမှာပဲ'

'ဟုတ်တယ်....ချင်ပို၊ ကျုပ်လဲ ဒါကိုပဲ စိုးရိမ်နေမိတာ၊ သံဖြူ လက်သည်းတွေက အဆိပ်ရည်သုတ်ထားတာဆိုတော့ ထိလိုက်ရင် သက်သာမှာမဟုတ်ဘူး'

လျှပ်စီးဓား တိယန်းစင်ကလည်း ဝင်၍ ထောက်ခံလိုက်သည်။

သူ ပြောတာလည်း ဟုတ်တော့ဟုတ်သည်။

ဝိဉာဉ်ဝယ်သူ၏လက်သည်း ကုတ်ချက်သာ အထိခံလိုက်ရမည်ဆိုလျှင် အသက်ရှင်နိုင်စရာကား အကြောင်း သိပ်မရှိလှချေ။

'ဘာပဲဖြစ်ဖြစ် ဒီတိုက်ပွဲမှာ ကျွန်တော်တို့ အမြတ်ထွက်သွားတာ တစ်ခုတော့ရှိပါတယ်'

'ဘာကွ....လူလေးရဲ့၊ အမြတ်ထွက်ကာရှိတယ် ဟုတ်လား၊ ဒီလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရဘာတောင် လူလေးက အမြတ်ထွက်နေရသေးလား'

လျှပ်စီးဓား တိယန်းစင်က ဘဝင်မကျသော မျက်နှာမျိုးဖြင့် ပြောလိုက်ရာ တိရှန်ဖိုးက မဆိုင်းမတွပင်....

'အမြတ်ထွက်တယ်ဆိုတာက တခြားမဟုတ်ပါဘူးဖေဖေ၊ ဝိဉာဉ်ဝယ်သူဟာ ဘယ်သူဘယ်ဝါ ဆိုတာကို တိတိကျကျ သိခွင့်ရလိုက်တာကို ရည်ရွယ်ပြီး ပြောတာပါ'



ပြန်ရှင်းပြလိုက်သည်။

ထိုအခါကျမှ တိယန်းစင်က....

'အေး....လူလေး ပြောတာ ဟုတ်တယ်ကွ၊ ဘာပဲဖြစ်ဖြစ် ခုဆိုရင် ဝိဉာဉ်ဝယ်သူဟာကျင်းဟုန်မှန်း ငါတို့ တိတိကျကျ သိလိုက်ရပြီ၊ ဒါကို အမြတ်လို့ တွက်မယ်ဆိုလဲ ရတော့ရတာပေါ့ကွာ'

'ဘာဗျ....ဝိဉာဉ်ဝယ်သူဟာ ကျင်းဟုန် ဟုတ်လား'

• • *

ရွှေလှုံ့ပျံ သိုင်းသမား ချင်ပိုက အူယားဖားယားဖြင့် ဝင်မေးသည်။

ထို့ကြောင့် တိယန်းစင်က ဝန်ခံသလို ခေါင်းညိတ်ပြလိုက်ကာ....

'မှန်တယ်....ချင်ပို၊ ဒါကြောင့်မို့သာ ဘိုးဘိုးချွန်ရဲ့ ဆွဲပြားကို တွေ့တာနဲ့ တိုက်ခိုက်မှုကို ချက်ချင်းရပ်ပြီး ထွက်ခွာသွားတာပေါ့၊ သူသာ ကျင်းဟုန်မဟုတ်ခဲ့ဘူးဆိုရင် ဒီဆွဲပြားကို တွေ့ရုံနဲ့ ရပ်ပစ်လိုက်စရာ ဘာမှ အကြောင်းမရှိဘူးလေ'

'ဒါတော့ ဟုတ်တယ်ဗျ၊ ဝိညာဉ်ဝယ်သူပုံစံက တော်ရုံနဲ့တော့ လက်လျှော့မယ့်ပုံစံမျိုး မဟုတ်ဘူး၊ တကယ်လို့ တိရှန်ဖ ီးကသာ ကျောက်စိမ်းဆွဲပြား ထုတ်မပြလိုက်ဘူးဆိုရင် ကျုပ်တို့ အားလုံးကို သတ်ပစ်မယ့်သဘောမျိုးရှိတယ်'

'ဒါတော့ မဟုတ်ဘူးထင်တယ်ဗျ၊ သူက သတ်ချင်းသတ်ရင် ကျုပ်ကိုသာ သတ်ဖို့များတယ်၊ ခင်ဗျားနဲ့ ကျုပ်သားတိရှန်ဖ ီးကိုတော့ သူ သတ်မှာ မဟုတ်ဘူး'

တိယန်းစင်က တွေးတွေးဆဆဖြင့် ပြောလိုက်သည်။

သို့သော် ရွှေလှ ံပျ ံသိုင်းသမား ချင်ပိုကတော့ ဝိညာဉ်ဝယ်သူကို သိပ်ယုံကြည်ပုံမရချေ။

'ပြောလို့ မရပါဘူးဗျာ၊ ကျုပ်ကတော့ သူ့ကို သိပ်မယုံပါဘူး၊ သူ့ပုံစံက ရန်ငြိုးရှိရှိ မရှိရှိ မထင်ရင် မထင်သလို လုပ်မယ့်ပုံစံမျိုးပါ'

'အင်းပေါ့လေ....လူ့စိတ်ဆိုတာကလဲ တော်တော်ခန့်မှန်းရခက်တာပဲဟာ၊ ခင်ဗျားပြောတာ မဖြစ်နိုင်ဘူးလို့တော့ ပြောလို့မရပါဘူး၊ အင်း....ကျင်းဟုန်....ကျင်းဟုန်.... မင်းကို ဒီလောက်ထိ စိတ်ကြီးလိမ့်မယ်လို့ ငါ အစက မထင်ခဲ့မိဘူး'

တိယန်းစင်က စိတ်မကောင်းဖြစ်သော မျက်နှာမျိုးဖြင့် တီးတိုးရေရွတ်လိုက်သည်။

သူ့လေသံမှာ ဒါသသံမျိုးမဟုတ်။



ကြေကွဲမှုများ ပျော်ဝင်နေသော လေသံမျိုးသာလျှင်ဖြစ်သည်။

ထို့ကြောင့် ရွှေလှ ံပျ ံ သိုင်းသမား ချင်ပိုမှာ တိယန်းစင်ကို အံ့သြဟန်ဖြင့် လှမ်းကြည့်၏။

သို့ပေမယ့် နှုတ်ကတော့ ဘာမှထုတ်၍ မေးမြန်းခြင်း မပြုချေ။

ထိုစဉ် တိရှန်ဖီးကဝင်၍....

'ဘာပဲဖြစ်ဖြစ်ပေါ့ ဖေဖေရာ၊ သူက နောက်တစ်လကြာရင် ထပ်လာခဲ့မယ်လို့ ပြောသွားမှတော့ ကိုယ့်ဘက်က အစစအရာရာ ကြိုပြီးပြင်ဆင်ထားတာ မမှားပါဘူး'

ပြောလိုက်သည်တွင် တိယန်းစင်က သားဖြစ်သူကို တစ်ချက် ကြည့်ရင်း....

'ကြိုတင် ပြင်ဆင်ထားရမယ် ဟုတ်လား လူလေး၊ ကြိုတင် ပြင်ဆင်ထားတော့ရော ဖေဖေတို့က သူ့ကို နိုင်မတဲ့လား၊ မလွယ်ပါဘူး လူလေးရာ'

စိတ်ဓာတ်ကျသော လေသံမျိုးဖြင့် ပြန်ပြောလိုက်လေသည်။

ဖခင်ဖြစ်သူ၏စကားကြောင့် တိရှန်ဖီးပင်လျှင် ရောယောင်ပြီး စိတ်ဓာတ်ကျသွားမိသည်။

နောက်တော့ ရွှေလှ ံပျ ံ သိုင်းသမား ချင်ပိုက သူတို့သားအဖကို နှုတ်ဆက်ကာ လမ်းခွဲထွက်ခွာသွားသည့်နည်းတူ

သူတို့ သား၊အဖကလည်း တာကူမြို့ဘက်သို့ ဆက်လျှောက်လာခဲ့ကြသည်။

ဝိညာဉ်ဝယ်သူအကြောင်း စဉ်းစားနေမိကြသောကြောင့် သားအဖနှစ်ယောက်ပင် စကားမပြောဖြစ်ကြချေ။

အတွေးကိုယ်စီဖြင့်သာ နှုတ်ဆိတ်လျက် ရှိနေကြသည်။

စာစဉ်(၁)ပြီး။

ရဲမာန်အောင်